
ကုန်းကြွယ်
လက်နက်သားကောင်
သိုင်းထွင့်ခေါင်
ပ+၃

# ဘုန်းကြွယ်

## လက်နက်သားကောင် သိုင်းထွင့်ခေါင်

အမည်ရှိ သိုင်းဝတ္ထုကို

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၃၄/၂၀၀၁ (၃)
စာမူခွင့်ပြုချက်အမှတ် - ၃၁၀/၂၀၀၁ (၃) အရ

ထုတ်ဝေသူ

ထုတ်ဝေသူ - ဦးတင့်လွင် (သော်ကစာပေ)
အမှတ် ၆၀၅၊ ၄ တိုးချဲ့သုမင်္ဂလာလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးထွန်းလင်း (မိုး၀) ပုံနှိပ်တိုက်
အတွင်းပုံနှိပ်သူ ၁၄၇၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ
အုပ်ရေ - ၅၀၀၊ တန်ဖိုး ၃၅၀ ကျပ်

ဖြန့်ချိရေး - တက်လမ်းစာပေ
စီစဉ်သူ - မောင်မောင်လှိုင်

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# "လက်နက်သားကောင်
# သိုင်းထွဋ်ခေါင်"

ဘုန်းကြွယ်

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြဝတီ
ဧသာဝင်ရွာ
ဖုန်း ၂၁၀၄၅၄

## အခန်း–၁

## အဆိပ်တောင်ကြား

လရောင်ခြည် တောက်ပနေသည်။
သာသာယာယာရှိသော နေ့တစ်နေ့ဖြစ်ပါသည်။
မိုးကောင်းကင်မှာ ကြည်ပြာရောင် သမ်းနေသည်။
တိမ်မြူများ လေနှင့်အတူ လွင့်မြောနေပြီး ငှက်ကလေးများက အသံစာစာပေးကာ ပျံသန်းသွားကြသည်။
စိမ်းလန်းသော တောအုပ်များဖုံးလွှမ်းနေသည်။

တက်လမ်း စာပေ

'စင်ချန်နယ်' ၏တစ်နေရာတွင် လှပသောတောင်ကြား တစ်ခုရှိသည်။

ထိုတောင်ကြားတတွင်း၌ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသော အိမ်လေးတစ်လုံးရှိသည်။ ထိုအိမ်ကလေးတွင် ဝူးကျိ နေထိုင်လျက်ရှိသည်။

သာယာလှပသော တောင်ကြားလေးသည် ဝူးကျိကြောင့် ကြောက်ရွံ့ထိတ်လန့်စရာ နေရာတစ်ခု ဖြစ်လာခဲ့ရသည်။ ဝူးကျိသည် ကြောက်စရာအကောင်းဆုံးဖြစ်သော အဆိုပ်အမျိုးမျိုးသို့ တီထွင်ဖော်စပ်နိုင်သူ ဖြစ်လေသည်။

ဝူးကျိ၏ အဆိုပ်ကို လူတိုင်းကြောက်ရွံ့ကြသည်။ ထို့ကြောင့်လည်း ဝူကျိနေထိုင်သော တောင်ကြားလေးမှာ အဆိပ်တောင်ကြားဟု အမည်ဆိုးတွင်လာခဲ့ရသည်။

....o....

လူသူအရောက်အပေါက် မရှိသလောက် နည်းပါးသော အဆိပ်တောင်ကြားအတွင်းသို့ လူတစ်ယောက် ရောက်ရှိလာသည်။ ထိုလူမှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားလေသည်။





ထိုလူသည် သစ်ပင်ချုံနွယ်များ၊ ကျောက်တုံးကျောက်ခဲများကို အကာအကွယ်ယူကာ ဝူးကျိ အိမ်ကလေးဆီသို့ ချဉ်းကပ်လာလေသည်။

ကျောက်တုံးအိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက် နေပါသည်။

ထိုလူသည် အလွန်ပေါ့ပါးသော ကိုယ်ဖော့ပညာကို အသုံးပြုကာ လျှပ်တစ်ပြက် ချဉ်းကပ်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ ချောင်းကြည့်လိုက်သည်။ အပ်ကျသံကြားရလောက်အောင် တိတ်ဆိပ်ငြိမ်သက်နေသော်လည်း အိမ်ထဲ၌ လူတစ်ယောက်ရှိနေသည်။ ထိုလူမှာ ဝူးကျိ ဖြစ်သည်။

ဝူးကျိသည် ဆေးပုလင်းများ အစီအရီရှိနေသော စားပွဲတစ်လုံးအနီး၌ တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။

သူမသည် ဆေးပုလင်းများထဲမှ ဆေးရည်များ အနည်းငယ်ကို ထုတ်ယူကာ ကြွေဇလုံတစ်လုံးအတွင်း၌ ရောစပ်နေ၏။

တစ်ဖန်.... ကြွေဇွန်းလေးတစ်ချောင်းဖြင့် မွှေပေးနေသည်။

စူးဝါးသော ဆေးနံ့များ ထွက်ပေါ်လာသည်။

ထိုဆေးရည်များသည် တဖြည်းဖြည်း စေးပျစ်သွားသည်။ အထန်ကြာသောအခါ အဖြူရောင် ပျစ်ချွဲချွဲကြီး ဖြစ်သွားသည်။

ဦးကျို၏ မျက်နှာတွင် အားရကျေနပ်သည့် အပြုံးဖြစ်ပေါ်လာလေသည်။

သူမသည် အစိမ်းရောင်ဆေးရည် ထည့်ထားသော ဆေးပုလင်းတစ်လုံးကိုယူ၍ ကြွေပန်းကန်ထဲသို့ လောင်းထည့်လိုက်ပြန်လည်။

ဤတွင်....

'ရှူး'

အခိုးအငွေ့များ ထောင်းကနဲ ထွက်ပေါ်လာသည်။

ဦးကျို ကပျာကယာ နောက်ဆုတ်လိုက်သည်။ သူမ၏ မျက်နှာမှ အပြုံးရိပ်များ ပျောက်ကွယ်သွားသည်။ ကြောက်ရွံ့ထိတ်လန့်သော အသွင်ဖြစ်လေသည်။

'ငါ နည်းနည်းလေး သတိလစ်သွားတာနဲ့ ဒုက္ခရောက်ရတော့မယ်'

သူမသည် ဆေးတစ်လုံးထုတ်ကာ အလျှင်အမြန်သောက်ချလိုက်လေသည်။





ကြွေပန်းကန်ထဲမှချွဲချွဲအရည်များသည် အုံ့ဩစရာကောင်းလောက်အောင်ပင် အတုံးအခဲလေး တစ်ခုအသွင် ပြောင်းလဲနေသည်။

ဝါဖန့်ဖန့်အရောင်ရှိသော ကန့်တုံးလေးတစ်ခုအသွင် ရှိနေပါတော့သည်။ ဦးကျို သက်ပြင်းချလိုက်သည်။ မလှမ်းမကမ်းရှိ ထိုင်ခုံတစ်လုံး၌ သွားရောက်ထိုင်ချလိုက်သည်။ ဖြူဖွေးသော သူမ၏ မျက်နှာမှာ အညိုရောင်သမ်းနေ၏။

အဆိပ်ဖော်စပ်ရင်း သူမကိုယ်တိုင် အဆိပ်မိသွားခြင်းဖြစ်လေသည်။

'ငါဟာ လောကပေါ်မှာ ကြောက်စရာအကောင်းဆုံးဆိုတဲ့ အဆိပ်တစ်မျိုးကို ဖော်စပ်နိုင်ခဲ့ပြီ ဒါပေမယ့်'

သူမ၏ အသံတိမ်ဝင်သွားသည်။ ဝမ်းနည်းကြေကွဲမှုကြောင့် စကားပင် မပြောနိုင်အောင် ဖြစ်သွားပုံရှိလေသည်။

သူမ အသက် ဆယ့်သုံးနှစ်အရွယ်ကပင် အဆိပ်ပညာကို လေ့လာလိုက်စားခဲ့သည်။

သူမ၏မိဘများမှာ ဆေးပညာ ကျွမ်းကျင်သော သမားတော်များ ဖြစ်ကြလေသည်။

မိဘများသည် သူတို့၏ ဆေးပညာအမွေကို ဦးကျိုဆက်ခံစေလိုသည်။

သို့သော်....ဦးကျိသည် ဆေးပညာနှင့် ဆက်နွယ်နေသော အဆိပ်ပညာကိုပို၍ စိတ်ဝင်စားခဲ့သည်။ သူမသည် ငယ်စဉ်ကပင် အဆိပ်ပညာကို လေ့လာလိုက်စားခဲ့ရာ အဆိပ်နှင့်ပတ်သက်လာလျှင် ပါရဂူ တစ်ယောက် ဖြစ်လာခဲ့သည်။

သူမ၏ အသက်ငါးဆယ် ကျော်လာသောအခါ အပြင်းထန်ဆုံး အဆိပ်တစ်မျိုးကို ဖော်စပ်ရန် အာသီသ ပြင်းထန်ခဲ့လေသည်။ အဆိပ်ဟူသည် ဖော်စပ်သူကို ပြန်လည်ဒုက္ခပေးနိုင်သော သဘောရှိလေသည်။

သူမ၏ ဆန္ဒအတိုင်း အပြင်းထန်ဆုံးအဆိပ်ကို ဖော်စပ်ရင်း သူမကိုယ်တိုင်လည်း အဆိပ်မိခဲ့ရသည် မဟုတ်ပါလား။

ဦးကျိသည် အဆိပ်ဖြေဆေးကို သောက်လိုက်သည့်တိုင် အခြေနေကောင်းမည် မဟုတ်ဟု နားလည်ထားလေသည်။

ယခု သူမ ဖော်စပ်ခဲ့သည်မှာ ဖြေဆေးမရှိသော အဆိပ် မဟုတ်ပါလား။

ဦးကျိသည် စားပွဲပေါ်မှ အဆိပ်ခဲလေးရှိနေသော ကြွေပန်းကန်လေးကို ငေးကြည့်နေ၏။ သူမ၏ မျက်လုံးများ ရီဝေနေသည်။





ရုတ်တရက် သူမ၏နားထဲမှ သွေးမည်းများစီး ကျလာသည်။ သူမခန္ဓာကိုယ် တစ်ချက်လှုပ်ရှားသွားသည်။ ထို့နောက် ပြန်လည်ငြိမ်သက်သွား၏။

ထာဝရငြိမ်သက်သွားခြင်းမျိုးဖြစ်လေသည်။

....o....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ဦးကျိမှာ မလှုပ်မယှက်ရှိနေဆဲ။

ပြတင်းပေါက်မှ ချောင်းကြည့်နေသူသည် ကျေနပ်သွားသည့်အလား ခေါင်းညိတ်လိုက်သည်။

ထို့နောက် အိမ်ထဲသို့ တိတ်တဆိတ် ခုန်ဝင်သွားလေသည်။

အဆိပ်ကြောင့် အသက်ပျောက်နေပြီဖြစ်သော ဦးကျိမှာ သူ၏အိမ်ထဲသို့ဝင်လာသူကို တွေ့မြင်နိုင်တော့မည် မဟုတ်ပါ။

အနက်ရောင်ဝတ်ထားသူသည် စားပွဲပေါ်မှ အဆိပ်ခဲလေး ရှိနေသော ကြွေပန်းကန်လေးကို ဆွဲယူလိုက်သည်။ တစ်ဖန် ပုလင်းလေးတစ်လုံးကိုယူ၍ အဆိပ်ခဲလေးကို ပုလင်းထဲထည့်ကာ အဖုံးပိတ်လိုက်သည်။

အလွန် သတိကြီးစွာထားကာ လုပ်ကိုင်ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။

အဆိပ်တည်တွင်သူ ဝူးကျိကိုယ်တိုင်ပင် တစ်ချက်မှားလိုက်သည်နှင့် အသက်ပျောက်ခဲ့ရပြီ မဟုတ်ပါလား။ အဆိပ်ခဲလေး ထည့်ထားသောပုလင်းကို သေချာစွာသိမ်းဆည်းပြီးလျှင် ပြတင်းပေါက်မှပင် တိတ်တဆိတ်ပြန်လည်ထွက်ခွာသွားလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူနောက်သို့ အဆိပ်ခဲလေးပါသွားသည်။ ထို့အတွက်ကြောင့် သိုင်းလောက၌ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များ ဖြစ်ပေါ်လာခဲ့လေသည်။

....၀....

ည....

အနက်ရောင်ဝတ်ဆင်ထားသူသည် အမှောင်ရိပ်ကိုအကာအကွယ်ယူကာ မီးရောင်များထွက်ပေါ်နေသောအိမ်ကလေးတစ်လုံးရှိရာသို့ ရောက်ရှိလာလေသည်။

သူ၏အကျင့်အတိုင်း ပြတင်းပေါက်အနီးသို့ ချဉ်းကပ်သွားပြီး အတွင်းဘက်သို့ ချောင်းကြည့်လိုက်သည်။ အိမ်ထဲ၌ အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက် ရှိနေသည်။

ထိုလူသည် စားပွဲတစ်လုံး၌ထိုင်ကာရေနွေးကြမ်းသောက်နေသည်။





အနက်ရောင် ဝတ်ထားသူ ချောင်းကြည့်နေစဉ်မှာပင် အဖြူရောင်ဝတ်ထားသူထံမှ စကားသံ ထွက်ပေါ်လာလေသည်။

'ခင်ဗျား ရောက်လာပြီးမှ ဘာကြောင့် ဝင်မလာသေးတာလဲ'

အနက်ရောင်ဝတ်ထားသူက ရယ်မောလိုက်သည်။

'စိတ်ချပါဗျာ ကျုပ်ဝင်လာခဲ့ပါ့မယ်'

စကားဆုံးလျှင် အိမ်ထဲသို့ခုန်ဝင်လာလေသည်။ အဖြူရောင်ဝတ်ထားသူကနေရာထိုင်ခင်းပေးလိုက်သည်။ ရေနွေးကြမ်းတစ်ခွက်ငှဲ့ပေးလိုက်သည်။

'သောက်ပါဦးဗျာ'

အနက်ရောင်ဝတ်ထားသူက ရယ်မောရင်း ရေနွေးကြမ်းခွက်ကိုယူကာ သောက်လိုက်လေသည်။

'ဒီည ခင်ဗျား အတော်သဘောကောင်းနေပါလား'

အဖြူရောင်ဝတ်ထားသူလည်း ရယ်မောလိုက်သည်။

'ဒီည ကြောက်စရာအကောင်းဆုံးအဆိပ်တစ်မျိုးကို ခင်ဗျားယူလာမယ်ဆိုတော့ ကျုပ်ဘက်ကလဲ ဧည့်ဝတ်ကျေရမှာပေါ့ဗျာ'

တစ်ဖန် ငွေလွှဲလက်မှတ်တစ်စောင် ထုတ်ယူလိုက်သည်။

'ဒီလက်မှတ်ဟာ ငွေတစ်သိန်းတိတိတန်ဖိုးရှိပါတယ်'

အနက်ရောင်ဝတ်ထားသူက ဦးကျိထံမှ ယူခဲ့သောပုလင်းလေးကို ထုတ်ယူလိုက်သည်။

'ဦးကျိက ဒီအဆိပ်ကိုဖော်စပ်ပြီး သေဆုံးသွားတယ်'

ဦးကျိ၏အဖြစ်အပျက်ကို ပြောပြလေသည်။

အဖြူရောင်ဝတ်ထားသူ သက်ပြင်းချလိုက်တည်။

'အင်း....ဒီလောကကြောက်စရာကောင်းတဲ့အဆိပ်ကိုဖော်စပ်သွားခဲ့တာပဲ ကျေးဇူးတင်ရမယ်၊ ဒါမှကျုပ်အတွက်ဖြစ်ရမှာပေါ့'

'ဟုက်ပါတယ်ဗျာ'

အဆိပ်ပုလင်းလေးနှင့် ငွေလွှဲလက်မှတ်ကို အလဲအလှယ်ပြုလိုက်ကြသည်။

အဖြူရောင်ဝတ်ထားသူသည် အဝါရောင် အဆိပ်ခဲလေးကို ကြည့်လိုက်သည်။

'ဒါဟာ လောကအပေါ်မှာ ကြောက်စရာ အကောင်းဆုံး အဆိပ်တဲ့လား'

အနက်ရောင်ဝတ်ထားသူ မကျေမနပ်ဖြစ်သွားလေသည်။

'ဘာလဲ....ကျုပ်က ခင်ဗျားကိုလာပြီး လိမ်နေတယ် ထင်လို့လား'





'ဒီလိုမထင်ပါဘူးဗျာ၊ ဒါပေမယ့်....'

'ဩော်....ခင်ဗျားက အဆိပ်အစွမ်းကို လက်တွေ့စမ်းသပ်ကြည့်ချင်တယ်ပေါ့'

'ဟုတ်တယ်၊ ဘယ်လိုစမ်းကြည့်ရမလဲ စဉ်းစားနေတာ'

အဖြူရောင်ဝတ်ထားသူသည် အဆိပ်ပုလင်းအဖုံးဖွင့်လိုက်သည်။

တစ်ဖန် အပ်ကလေးတစ်ချောင်း ထုတ်ယူကာ အဆိပ်ခဲလေးပေါ် ထိုးစိုက်လိုက်သည်။

အနက်ရောင်ဝတ်ထားသူက မျက်ခြည်မပြတ် အကဲခတ်ကြည့်နေရာမှ ရုတ်တရက် မျက်နှာပျက်သွားလေသည်။ ထိုင်ရာမှ ဆတ်ခနဲခုန်ထလိုက်လေသည်။

အဖြူရောင်ဝတ်ဆင်ထားသူ ရယ်မောလိုက်သည်။

'ခင်ဗျားယူလာတဲ့အဆိပ်ကို လက်တွေ့စမ်းကြည့်ခွင့်ပြုပါခင်ဗျာ'

အဖြူရောင်ဝတ်ထားသူသည် အပ်ကလေးဖြင့် အနက်ရောင် ဝတ်ထားသူအား ပစ်လိုက်သည်။ အနက်ရောင် ဝတ်ထားသူက ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်လည်။ အလွန်လျင်မြန်စွာ ရှောင်တိမ်းသွားခြင်း ဖြစ်သော်လည်း အဖြူရောင်ဝတ်ထားသူမှာ အပ်ပစ်သည့် ပညာတွင် တစ်ဖက်ကမ်းခတ်ကျွမ်းကျင်ပုံရှိလေသည်။

'အား'

ပြတင်းပေါက်အပြင်ဘက်မှ အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

အနက်ရောင် ဝတ်ထားသူမှာ အဆိပ် ထိမှန်သွားပြီဖြစ်ကြောင်း ထင်ရှားနေသည်။

အဖြူရောင်ဝတ်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။

'ငါ့ရဲ့သိုင်းပညာ အဆင့်နိမ့်လို့ ငါ့ကိုအထင်သေးကြတဲ့ လူတွေ ငါ့အကြောင်းသိရမယ်၊ ငါ့ရဲ့ကိုယ်ဖော့ပညာ၊ ငါ့ရဲ့ အပ်ပညာကို အဆိပ်တောင်ကြားငှူးကျိုရဲ့ အဆိပ်နဲ့ပူးပေါင်းလိုက်ရင် ဘယ်သူခံနိုင်မှာလဲ'

'ဟု ကြုံးဝါးလိုက်လေသည်။

....❁....



လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြောက်
[illegible]
ဖုန်း ၂၁၃၄၄

အခန်း ( ၂ )

သတင်းဆိုး

ချန်းမိသားစု။

သိုင်းလောကတွင် ချန်းမိသားစုမှာ အဖြူရောင် သိုင်းသမားများအဖြစ် လူသိများ ထင်ရှားလေသည်။ ချန်းဖုံးသည် အသက်လေးဆယ်အရွယ်တွင် ချန်းလီဆိုသော သားတစ်ယောက်ရခဲ့သည်။

ထို့ကြောင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများကို ဖိတ်ခေါ်ကာ သားဖြစ်သူမွေးနေ့ပွဲကို ကျင်းပပေးခဲ့လေသည်။

ထိုမွေးနေ့ပွဲသို့ ချန်းဖုံး၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သော စင်းချန်လည်း ရောက်ရှိလာခဲ့လေသည်။

....ဝ....

မွေးနေ့ပွဲမှာ အကျဉ်းချုံးပြုလုပ်ခြင်းဖြစ်သည်။

ဧည့်သည်များကို စားသောက်ဖွယ်ရာများဖြင့် လိုလေသေးမရှိ ဧည့်ခံကျွေးမွေးခဲ့လေသည်။ နေမွန်းတည့် အချိန်တွင် ဧည့်သည်များပြန်သွားကြသည်။ ထိုအချိန်မှ စင်းချန်ရောက်ရှိလာခြင်းဖြစ်သည်။ ချန်းဖုံးကိုယ်တိုင် ပျာပျာသလဲကြိုဆိုလိုက်သည်။

'နောင်ကြီးစင်းချန် နောက်ကျလိုက်တာဗျာ၊ ကျုပ်က မလာတော့ဘူးလားလို့၊ စိတ်ပူနေမိတာ'

စင်းချန် ရယ်မောလိုက်လေသည်။

'မလာလို့ဘယ်ဖြစ်မလဲကွာ၊ ကျုပ်တူရဲ့မွေးနေ့ပွဲကိုကျုပ်ကိုယ်တိုင်လာပြီး ချီးမြှင့်ရမှာပေါ့'

ချန်းဖုံးလည်း ရယ်မောလိုက်သည်။

'ကျုပ်တူလေးကို ကြည့်ရအောင်'

'လာ....အစ်ကိုကြီး'





ချန်းဖုံးက စင်းချန်အား ခေါ်ဆောင်သွားလေသည်။

ထိုစဉ် အမျိုးသမီးတစ်ယောက်သည် ကလေးငယ် တစ်ယောက်အားချီကာ ထွက်လာလေသည်။ ထိုအမျိုးသမီးမှာ န်းဖုံး၏ဇနီးသည် ကျင်မေဖြစ်သည်။

ကျင်မေသည်စင်းချန်ကိုမြင်လျှင် ဝမ်းသာအားရဖြစ်သွား လသည်။

'အစ်ကိုကြီးစင်းချန် ရောက်လာပြီကိုး အစ်ကိုကြီးသာ ာက်မလာရင် ဒီကနေ့ကျင်းပတဲ့ မွေးနေ့ပွဲဟာ ဘာမှ ိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး'

စင်းချန်က တဟားဟား ရယ်မောလိုက်သည်။

'ကျုပ်က မလာပဲနေပါ့မလား'

ပြောပြောဆိုဆို ကျင်မေ၏လက်ထဲမှ ကလေးကိုပွေ့ချီ က်လေသည်။

ကလေးငယ်ချန်းလီမှာ ဝဝတစ်တစ်ကလေးဖြစ်၍ ချစ်စရာ ာင်းလှပေသည်။ စင်းချန်သည် ချန်းလီလေးကိုမြင်မြင် း ချစ်သွားသည်။ ပွေ့ပိုက် နမ်းရှုံ့လိုက်လေသည်။

'ငါ့တူကြီးက တကယ်ချစ်စရာကောင်းတာပဲ'

ချန်းလီလေးသည် စင်းချန့်၏စကားကို နားလည်သလို ်လေသည်။

င်းချန်ပိုပြီး သဘောကျသွားလေသည်။

'ငါ့တူကို မွေးနေ့လက်ဆောင်ပေးရဦးမယ်'

ကျင်မေသည် ချန်းလီကိုပြန်ယူလိုက်လေသည်။ စင်းချ
က အင်္ကျီအိတ်ထဲမှ အထုပ်ကလေးတစ်ထုပ် နှိုက်ယူလို
သည်။ထိုအထုပ်ကလေးထဲတွင် ကျောက်စိမ်းဖြင့် ပြုလုပ်ထာ
သော နဂါးရုပ်လေးတစ်ခုပါရှိလေသည်။

'ဒါဟာ ငါ့တူအတွက်လက်ဆောင်ပဲ'

ချန်းဖုံးနှင့် ကျင်မေတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ
သည်။

ချန်းဖုံးက အားတုန့်အားနာ ဖြစ်နေသည်။

'ဟာ....အစ်ကိုကြီးရယ် ကလေးအတွက် လက်ဆောင်
တန်ဖိုးကြီးလှပါတယ်'

'ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ အားနာစရာကော
လိုက်တာ'

ကျင်မေကလည်းဝင်ပြောလေသည်။ စင်းချန်ကရယ်
လိုက်ပြန်သည်။

'ကျုပ်က ကလေးအတွက် ရည်ရွယ်ပြီး ကျင်းလိန်မြို့
ကြီးကတောင့် တကူးတက သွားဝယ်လာခဲ့တာ'

စင်းချန်၏စေတနာကို တန်ဖိုးထားလျှင် ပေးလာသ
လက်ဆောင်ကို လက်ခံရမည်ဖြစ်သည်။

'ညီမရေ အစ်ကိုကြီးကို ကျေးဇူးရအောင်',

'ဟုတ်ကဲ့အစ်ကို'





ကျင်မေသည် စင်းချန်အား ကျွေးမွေးရန် ချက်ချင်းပြင်ဆင်ခိုင်းလိုက်သည်။ ချန်းမိသားစုအိမ်တော်၏ ဝဲဘက်တွင် ပန်းဥယျာဉ်တစ်ခုရှိလေသည်။

ထိုပန်းဥယျာဉ်အတွင်း၌ လေသာဆောင်လေး တစ်ခုရှိသည်။

ကျင်မေသည် လေသာဆောင်လေးအတွင်း၌ စင်းချန်အား သီးသန့်ဧည့်ခံစေရန်စီစဉ်ပေးခဲ့လေသည်။

လေသာဆောင်ထဲတွင် ချန်းဖုံးနှင့်စင်းချန်တို့နှစ်ယောက် ထိုင်မိလိုက်ကြသောအခါ....

'ကဲ....နောင်ကြီး အားမနာတမ်း သုံးဆောင်ပါဗျာ'

ချန်းဖုံးက ဧည့်ဝတ်ပြုလေသည်။

စင်းချန်းက ချန်းဖုံး ငှဲ့ပေးသော အရက်တစ်ခွက်ကိုယူ၍ သောက်လိုက်သည်။

'ညီလေးလည်း သိုင်းလောကထဲမထွက်တာ အတော်ကြာသွားပြီနော်'

ချန်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်အစ်ကိုကြီး ညီမမွေးဖွားဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေတာ သိုင်းလောကထဲမဝင်တာ အတော်ကြာသွားပြီ ဘာတွေများထူးခြားသလဲ ပြောပါဦး'

စင်းချန်၏မျက်နှာ တည်ကြည်လေးနက် သွားလေသည်
'သိုင်းလောကကြီးမှာ ထူးထူးခြားခြား ပြောင်းလဲ
တော့မရှိပါဘူး၊ ဒါပေမယ့်'

ချန်းဖုံး စိတ်ဝင်စားသွားလေသည်။

စင်းချန်း၏အသွင်မှာ ထူးခြားနေသည်မဟုတ်ပါလား။

'ဒါပေမယ့် ဘာဖြစ်သလဲပြောပါဦး အကိုကြီး'

စင်းချန်သည် ဆေးတံတစ်လက်ကိုထုတ်ယူကာ မီးညှိဖွာ
ရှိုက်လိုက်လေသည်။

ချန်းဖုံးက ပြောလာမည့် စကားကို စောင့်မျှော်
လိုက်သည်။

အတော်ကလေးကြာမှ....

'ကျုပ်ဒီကိုလာရင်း သတင်းတစ်ခုကြားခဲ့တယ် မသမာ
သူတစ်ယောက်ဟာ ချန်းမိသားစုကို တိတ်တဆိတ် လုပ်ကြံ
ကြံစည်နေတယ် ဆိုတဲ့သတင်းပဲဗျာ'

ချန်းဖုံး အံ့ဩသွားလေသည်။

စင်းချန်းအား မယုံနိုင်စွာ ကြည့်လေသည်။

စင်းချန်က ဆေးတံကိုချထားလိုက်သည်။

'ညီလေး မင်းမှာရန်သူတွေများ ရှိနေလို့လား'

ချန်းဖုံး ခေါင်းခါယမ်းလိုက်သည်။





'မရှိပါဘူး နောင်ကြီး'

'ညီလေး သေသေချာချာ စဉ်းစားပါဦး'

'ကျုပ်ဟာ သိုင်းလောကမှာ အဖြူရောင်သိုင်းသမား
အဖြစ် ကျင်လည်ကျက်စားခဲ့တာ အနက်ရောင်သိုင်းသမား
တွေ လူဆိုးတွေထဲက မကျေနပ်တဲ့လူတော့ ရှိနိုင်ပါတယ်'

'ညီလေးကို မကျေနပ်တဲ့လူ ရှိကောင်းရှိမယ် ညီလေး
စဉ်းစား ကြည့်ပါလား'

ချန်းဖုံး သက်ပြင်းချလိုက်သည်။

'ကျုပ်တော့ စဉ်းစားလို့ကိုမရဘူး'

'ဒါဆိုလည်း အေးအေး ဆေးဆေး စဉ်းစားပေါ့
တဖြည်းဖြည်းတော့ ပေါ်လာလိမ့်မယ် ထင်ပါတယ်'

'ကောင်းပါပြီ အစ်ကိုကြီး'

'ကဲ....စားလိုက်ပါဦး'

ချန်းဖုံးက ဧည့်ခံလိုက်သည်။

စင်းချန်လည်း ချန်းဖုံး ကျေနပ်သွားအောင် စား
သောက်လိုက်ရလေသည့်။

စင်းချန် နှုတ်ဆက်ပြီး ပြန်သွားသောအခါ ချန်းဖုံးမှာ
အတွေးများစွာဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

....o....

ညဉ့်နက်ပြီဖြစ်သည်။ ချန်းဖုံးအိပ်မပျော်နိုင်သေးပါ။ စာဖတ်ခန်းထဲ၌ တစ်ယောက်ထဲထိုင်ကာ တွေးတောစဉ်းစားနေမိသည်။

'နောင်ကြီး စင်းချန်က ငါ့မှာ ရန်သူရှိနေတယ်လို့ ပြောသွားတယ်။ သူက မသေခြာပဲ ပြောမှာမဟုတ်ဘူး၊ ငါ့ကို ဒုက္ခပေးချင်တာ ဘယ်သူများပါလိမ့်'

သူအား မည်သူက ဒုက္ခပေးလိုသည်ကို စဉ်းစား၍မရပဲ ဖြစ်နေမိလာသည်။

မကောင်းသူလည်း၊ ကောင်းသူကယ် အဖြူရောင်သိုင်းသမား တစ်ယောက်ဖြစ်ရကား လူကောင်းများက ချစ်ခင်လေးစားကြသည်။ ကြည်ညိုကြသည်။ ထို့အတူ မကောင်းသူများ၊ လူဆိုးများ၏ မုန်းတီးခြင်းကိုလည်း ခံရသည်မှာ ထူးဆန်းသည်တော့ မဟုတ်ပါချေ။

သူ ဆုံးမခဲ့သော လူဆိုး ဓားပြများလည်း နည်းသည်မဟုတ်ပါချေ။ မည်သူက သူ့အပေါ် အငြိုးထားသည်ကို စဉ်းစားမရအောင် ဖြစ်နေပါတော့သည်။ ချန်းဖုံး ငေးငိုင်နေစဉ် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

'ဒေါက်....ဒေါက်'

ချန်ဖုံးသည် တံခါးပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။

'ညီမလား ဝင်ခဲ့လေ'





သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီ ဇနီးသည် ကျင်မေ လှမ်းဝင်လာသည်ကို တွေ့ရလေသည်။

'လာထိုင် ညီမ'

ကျင်မေသည် ချန်းဖုံး၏ အနီး၌ လာရောက်ထိုင်ချလိုက်လေသည်။ သူမ၏ မျက်နှာတွင် စိုးရိမ်ပူပန်သည့် အသွင်သဏ္ဌာန်များဖြစ်ပေါ်နေပါသည်။

'အစ်ကို ညဉ့်နက်လှပြီ မအိပ်သေးဘူးလားဟင်'

ချန်းဖုံး သက်ပြင်းချလိုက်သည်။

'အိပ်တာပေါ့ ညီမရယ် ခဏနေရင် အစ်ကို လာခဲ့ပါ့မယ်'

'အစ်ကို'

'ပြောညီမ ဘာပြောချင်လို့လဲ'

'အစ်ကိုယ့်ကို ကြည့်ရတာ ထူးခြားနေတယ်၊ အစ်ကိုကြီး စင်းချန်က ဘာများ ပြောသွားလို့လဲဟင်'

ကျင်မေသည် မအောင့်အည်းနိုင်တော့သည့်အလား ဖွင့်မေးလာလေသည်။

ချန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဖြစ်ပါဘူး ညီမရယ်'

'အစ်ကို ဒီတစ်မနက်လုံး ငေးသည်တွေကို ငေးခံတဲ့အခါ အစ်ကို ပြုံးပြုံးရွှင်ရွှင် ရှိနေခဲ့တာဘဲ အစ်ကိုကြီး စင်းချန် ရောက်လာပြီးမှ အစ်ကို့ရဲ့ အမူအရာ ပြောင်းလဲသွားတာ

သတိထားမိပါတယ်၊ မငြင်းပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့နှစ်ယောက်ဟာ အေးအတူပူအမျှ ရှိသင့်တာပဲ မဟုတ်လား၊ အကြောင်းရှိရင် ကျွန်မလဲ သိသင့်တာပေါ့'

ချန်းဖုံးက ဇနီးသည်ကျောင်မေကို စိုက်ကြည့်လိုက်လေ၏။

ကျောင်းမေသည်လည်း သိုင်းပညာ တတ်မြောက်ထားသူ တစ်ယောက် ဖြစ်ပါသည်၊

သူတို့သည် သိုင်းလောက၌ ကျောင်လည်ကျက်စားရင်း တွေ့ဆုံမိကာ မေတ္တာမျှခဲ့ကြသည်။ ထို့နောက် လက်ထပ်ကာ ဘဝခရီးကို အေးအတူပူအမျှ လက်တွဲသွားရန် ဆုံးဖြတ်ခဲ့ကြသည် မဟုတ်ပါလား။

ချန်းဖုံးသည် အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းခွက်ကို ယူကာ မော့သောက်လိုက်လေသည်။

ရေနွေးတစ်ခွက် သောက်လိုက်ပြီးမှ စင်းချွန် ပြောသွားသည့် စကားများကို ပြောပြလိုက်လေသည်။

'အစ်ကိုတို့မှာ ရန်သူရှိနေပြီ'

ကျောင်မေ အံ့ဩသွားလေသည်။

'ရန်သူ ဟုတ်လားအစ်ကို အံ့ဩစရာ ကောင်းလိုက်တာ၊ ကျွန်မတို့ သိုင်းလောကထဲ မထွက်တာ ကြာလှပြီ ဘယ်က ရန်သူက ပေါ်လာတာလဲ'

'အစ်ကိုလည်း ဒါကိုဘဲ စဉ်းစားနေတာ၊ ဘယ်သူက ဒုက္ခပေးချင်တာလဲ စဉ်းစားလို့ကို မရဘူး၊ သိုင်းလောကမှာ





ကျောင်လည်ကျက်စားခဲ့တုန်းကလည်း ရန်သူ ကြီးကြီးမားမား ရှိခဲ့တာ မဟုတ်ဘူး၊ ညီမကော'

ကျောင်မေ တွေဝေသွားလေသည်။

ချန်းဖုံးသည် သူမထံမှ အဖြေစကားမရသဖြင့် ထပ်မေးလိုက်သည်။

ကျောင်မေသည် ဝေခွဲမရသောအကြည့်ဖြင့် ချန်းဖုံးကို ပြန်ကြည့်လိုက်လေသည်။

'အစ်ကို ကျွန်မ ပြောစရာ တစ်ခုတော့ရှိတယ်'

'ဘာများလဲ ညီမ ပြောပါဦး'

'ကျွန်မ'

ကျောင်မေသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ ရုတ်တရက် ပြောမထွက်ပဲ ဖြစ်နေပုံရလေသည်။

ချန်းဖုံး အားမလိုအားမရ ဖြစ်သွားသည်။

'ညီမ ထူးခြားမှုရှိတယ်ဆိုရင် ပြောစမ်းပါဦး'

ကျောင်မေသည် ချန်းဖုံးနှင့် မျက်နှာချင်းမဆိုင်ဝံ့သည့်အလား ခေါင်းငုံ့ထားလိုက်လေသည်။ သူမ၏ စကားသံ တိုးတိုးမျှသာ ထွက်ပေါ်လာလေသည်။

'ကျွန်မ ပြောပြပါ့မယ်၊ ကျွန်မဟာ အစ်ကိုနဲ့မတွေ့ခင် ချစ်သူတစ်ယောက် ရှိခဲ့ပါတယ်'

ထိုစကားကြားလျှင် ချန်းဖုံးမှာ ငယ်ထိပ်ပေါ်သို့ မိုးကြိုးပစ်ချခံရသည်ဟု ခံစားလိုက်ရလေတော့သည်။

## အခန်း (၃)

## အတိတ်ကချစ်သူ

'ဂျိန်း'

မိုးခြိမ်းသံထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ပြိုးခနဲ ပျက်ခနဲ ဝင်းလက်သွားလေသည်။ မိုးသည်းတိမ်လိပ်များ အလိပ်လိုက်တက်လာသကဲ့သို့ လေပြင်းများလည်း တဟူးဟူး မြည်ကာ တိုက်ခတ်လာ၏။

ဝန်းကျင်တစ်ခုလုံး တမုဟုတ်ချင်း အေးစိမ့်သွားလေသည်။





ကျင်မေသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီး စိတ်ပျက်သွားလေသည်။

သူမသည် တောလမ်းခရီးတစ်နေရာမှ ဖြတ်သန်းလာရင်း မိုးသက်လေပြင်းကျရောက်လာမည့် အခြေအနေနှင့် ကြုံတွေ့လိုက်ရသည်မဟုတ်ပါလား။

ကျင်မေသည် မိုးခိုစရာနေရာ ရှာဖွေသည့်အလား ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ ဤတွင်သစ်ပင်များ ကြား၌ အဆောက်အဦးတစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရသည်။ ကျင်မေဝမ်းသာသွားလေသည်။

'အတော်ပဲ၊ ဟို…အဆောက်အဦးဆီကိုသွားပြီး မိုးခိုရလိမ့်မယ်'

ချက်ချင်းပင် သစ်ပင်များကြားသို့ လှမ်းဝင်လိုက်လေသည်။ သစ်ပင်ချုံနွယ်များကြားမှဖြတ်ကာ တွေ့မြင်ရသည့် အဆောက်အဦးကြီးဆီသို့ ခပ်သွက်သွက် သွားလိုက်သည်။ ပတ်ဝန်းကျင်တွင် အခြားသော လူနေအိမ်ခြေမရှိဘဲ ထို အဆောက်အဦးကြီး တစ်ခုတည်းသာ ရှိနေခြင်း ဖြစ်လေသည်။

မကြာမီ ကျင်မေသည် အဆောက်အဦးကြီးရှေ့သို့ရောက်ရှိသွားလေသည်။

အဆောက်အဦးမှာ ရှေးဟောင်းအဆောက်အဦးကြီးတစ်ခုဖြစ်ပါသည်။

ရှေးမူလလက်ရာ ပန်းကနုတ်များ၊ စုလစ်မွန်းချွန်များ၊ ကျောက်ဖြူပြားများဖြင့် တန်ဆာဆင်ထားသည်။

တစ်ချိန်က ကြီးကျယ်ခန်းနားခဲ့ဟန်ရှိသော်လည်း ယခုတော့လူသူစွန့်ခွာသွားသည်မှာ ကြာပြီဖြစ်ပုံရသည်။ ဟောင်းနွမ်းအိုမင်းကာ ပျက်စီးစ ပြုနေပြီဖြစ်လေသည်။

ကျင်မေသည် အဆောက်အဦးရှေ့၌ ခြေလှမ်းရပ်ကာ အကဲခတ်ကြည့်လိုက်သည်။

တောထဲတောင်ထဲ၌ ထိုသို့အဆောက်အဦးကြီးတစ်ခုရှိနေသည်မှာ အံ့သြစရာကောင်းသလို ထိတ်လန့်စရာလည်းကောင်းပေသည်။

ကျင်မေ၏စိတ်ထဲ မသိုးမသန့် ဖြစ်လာလေသည်။

ထိုစဉ်....

'ဂျိန်း'

မိုးခြိမ်းသံထွက်ပေါ်လာသလို မိုးဖွဲကလေးများ ကျဆင်းလာရကား ရှည် ရှည် ဝေး ဝေး မစဉ်းစားနိုင်တော့ဘဲ အဆောက်အဦးအတွင်းသို့ ကပျာကယာပြေးဝင်လိုက်ရလေတော့သည်။ သူမ အဆောက်အဦးအတွင်းသို့ ရောက်ရှိသွားပြီး မရှေးမနှောင်းမှာပင်....





'ဝေါ....ဝေါ'

'ဝှီး....ဝှီး'

မိုးသက်လေပြင်းကျရောက်လာလေတော့သည်။

'ဟူး....တော်ပါသေးရဲ့'

ကျင်မေ ညည်းတွားလိုက်သည်။

အဆောက်အဦးကြီးမှာ ဟောင်းနွမ်းအိုမင်းသော်လည်း မိုးလုံသည်ဖြစ်၍ မိုးသက်လေပြင်းကျရောက်ချိန်တွင် လုံလုံခြုံခြုံနားခိုနိုင်သည်မှာ ကံကောင်းခြင်း ဖြစ်လေသည်။ ထိုအဆောက်အဦးကြီးကို မတွေ့ရပါကမိုးရွဲရွဲစိုလျက် ခရီးဆက်နေရဦးမည် ဖြစ်လေသည်။

ကျင်မေသည် တဝေါဝေါကျဆင်းနေသော မိုးရေစက်များကိုကြည့်နေစဉ်မှာပင်....

'မိန်းကလေး....ဒီမှာလာထိုင်ပါလားကွယ်'

စကားသံတစ်ချက် ထွက်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ရုတ်တရက်မို့ ကျင်မေရင်ထိတ်သွားလေသည်။

ကပျာကယာ နောက်လှည့်ကြည့်လိုက်သောအခါ ပြုံးပြနေသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဖျင်ကြမ်းအင်္ကျီများ ဝတ်ဆင်ထားပြီး အသက်လေးဆယ်ခန့်ရှိလေသည်။

နှစ်လိုဖွယ်ကောင်းသော ရုပ်သွင်ရှိသလို သဘောမနော ကောင်းသူတစ်ယောက်လည်းဖြစ်ပုံရလေသည်။ ရှေးဟောင်း အဆောက်အဦးကြီးတစ်ခုအတွင်း၌ လူတစ်ယောက်ကိုမမျှော် လင့်ဘဲ တွေ့လိုက်ရသဖြင့် ကျင်မေ ရင်ထိတ်သွားလေသည်။ လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ တိုက်ခိုက်ရန် မသိမသာ ဟန်ပြင်ရင်း မေးလိုက်သည်။

'ရှင်ဘယ်သူလဲ၊ ဘာကြောင့် ဒီနေရာမှာ ရောက်နေ တာလဲ'

ထိုလူက ရယ်မောလိုက်သည်။

'ကျုပ်က မိုးသက်လေပြင်းကျရောက်လာတော့မှာမို့ မိုး ဝင်ခိုတာပါဗျာ၊ ညီမလေးလိုပါပဲ'

'ဩော်....'

'ဒီဘက်ကိုလာခဲ့ပါလား၊ ကျုပ်ကမီးဖိုမလို့ မိုးကအတော် အေးလာပြီ၊ တစ်ညလုံး ရွာနေမယ့်ပုံပဲ'

ကျင်မေစိတ်ပျက်သွားသည်။

တောလမ်းကလေးမှဖြတ်သန်းလာချိန်သည် ညနေစောင်း အချိန်သို့ ဝင်ရောက်နေခဲ့ပြီဖြစ်ကြောင်း သူမသတိပြုမိထား လေသည်။

မိုးသက်လေပြင်းကျရောက်လာသောအခါ ညနေစောင်း အချိန်သည် လျှင်မြန်စွာကုန်ဆုံးသွားသည်ဟု ထင်ရပါတော့ သည်။





မိုးသည်းထန်နေမည်ဆိုပါလျှင် ရှေ့ခရီး မဆက်လိုပါ တော့ချေ။ အဆောက်အဦးဟောင်းကြီး တစ်ခုအတွင်း၌ လူစိမ်းတစ်ယောက်နှင့် နေရမည်မှာလည်း အပျိုစင် မိန်း ကလေးတစ်ယောက်အတွက် မသင့်လျော်သောကိစ္စတစ်ခုဖြစ် နေပါတော့သည်။

ကျင်မေ မည်သို့ ဆုံးဖြတ်ရမှန်း ဝေခွဲမရအောင်ဖြစ် နေစဉ်....

'လာပါညီမ ကျုပ် မီးဖိုပြီးပါပြီ'

လူစိမ်း၏ စကားသံ ထွက်ပေါ်လာလေသည်။

ကျင်မေ လှမ်းကြည့် လိုက်သောအခါ ဆွေးမြေ့နေ သော သစ်သားချောင်းများကို အသုံးပြုကာ မီးပုံတစ်ခုပြု လုပ်ထားပြီး ဖြစ်သည်ကိုတွေ့ရလေသည်။

လူစိမ်းသည် ရင်းနှီးဖော်ရွေပုံရှိပြီး အန္တရာယ်ပြုမည့် အသွင်မျိုး မတွေ့ရသဖြင့် ကျင်မေ လှမ်းသွားလိုက်သည်။ အကယ်၍သူမအား အန္တရာယ်ပြုလာလျှင်လဲ သူမတတ် မြောက်ထားသော သိုင်းပညာဖြင့် ခုခံရင်ဆိုင်သွားနိုင်မည် ဟု ယူဆထားလေသည်။

'လာ ဒီမှာထိုင်ပါ၊ ဟောဒီမှာ စားသောက်ဖွယ်ရာ တွေရှိပါတယ်၊ စားလိုက်ပါဦး'

လူစိမ်းသည် ကျင်မေအား နေရာထိုင်ခင်းပေးကာစား သောက်ဖွယ်ရာများဖြင့် ဧည့်ခံလေသည်။

ထိုလူနှင့်အတူ အထုပ်အပိုးများပါရှိလာသည်ကိုတွေ့ရ၏။ ခရီးသွားရင်း မိုးဝင်ခိုပုံရလေသည်။

ကျင်မေသည် ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

'ရှင်ဟာ ခရီးသွားကုန်သည် တစ်ယောက်လား'

လူစိမ်း ခေါင်းညိတ် လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ ကျုပ်က ရှမ်းစီးနယ်ကိုသွားမလို့ တောလမ်းအတိုင်း ဖြတ်လာခဲ့တာပါ၊ အချိန်ကလဲနည်းနေပြီး မိုးသက်လေပြင်းလည်း ကျရောက် လာတော့မယ်ဆိုတော့ ဒီအဆောက်အဦး ဟောင်းကြီးကိုတွေ့တာနဲ့ တစ်ည နားခိုမယ်ဆိုပြီး ဝင်လာခဲ့တာပါ၊ ဒါထက် ညီမကကော ခရီးသွားတစ်ယောက် ပဲလား'

ကျင်မေ ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ရှင်၊ ကျွန်မလဲ ခရီးသွားတစ်ယောက်ပါပဲ မိုးဝင်ခိုတာပါ'

အမှန်တော့ သူမသည် သာမန်ခရီးသွားတစ်ယောက် မဟုတ်ပဲ လူဆိုးတစ်ယောက်အား သုတ်သင် ရှင်းလင်းပစ်ရန် လိုက်လံရှာဖွေနေသော သိုင်းသမားတစ်ယောက် ဖြစ်သည်ကိုထုတ်မပြောပဲ နေလိုက်လေသည်။

လူစိမ်းသည် သူ၏အထုပ်ထဲမှ မုန့်ခြောက် အသားခြောက်များထုတ်ယူကာ ကျင်းမေကိုပေးလေသည်။





'ညီမ စားလိုက်ပါဦး'

ကျင် မေ ခေါင်းခါယမ်းလိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင် ကျွန်မ ဗိုက်မဆာလို့ မစားတော့ပါဘူးရှင်'

'ညီမ အားနာနေတယ်ထင်တယ်၊ ကျုပ်ကို အားနာစရာမလိုပါဘူး'

လူစိမ်းက အတင်းကျွေးမွေး သော်လည်း ကျင်မေက လုံးဝမစားပဲ နေလိုက်လေသည်။

သိုင်းလောက၌ ကျင်လည် ကျက်စားနေသူ ဖြစ်သည့်အတိုင်း လူစိမ်းတစ်ယောက်အား ရုတ်တရက်မယုံကြည်ရန် သတိရှိပြီးဖြစ်ပါသည်။

သစ်ကောက် ဝါးကောက်သည်ကို မြင်နိုင်မည်ဖြစ် သော်လည်း လူတို့၏ စိတ်နှစ်လုံး ကောက်ကျစ်သည်ကို မမြင်နိုင်ခြင်းကြောင့်လည်း ဖြစ်လေသည်။

လူစိမ်းသည် ကျွေးမွေး၍မရသဖြင့် စိတ်မကောင်းဖြစ်သွားပုံရလေသည်။

'ညီမဒီလမ်းခရီးမှာ လူဆိုးဓားပြတွေ သောင်းကျန်းနေပါတယ်။ ညီမဘာမှမစိုးရိမ်ပါနဲ့ မတော်တဆလူဆိုးတွေရောက်လာရင် ကျုပ်ရင်ဆိုင်ပါ့မယ်'

ရင်ကော့ပြီး ပြောလာလေသည်။

ကျင်မေ စိတ်ထဲမှကျိတ်၍ ပြုံးလိုက်လေသည်။

လူစိမ်းသည် အသားခြောက် အချို့ကို မီးကင်လိုက်လေသည်။

ကျင်မေက ငြိမ်နေလိုက်သဖြင့်အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက် သွားသည်ဟုထင်မှတ်ရသည်။

မိုးသက်လေပြင်းကား အရှိန်ကောင်းနေဆဲ။

ကျင်မေသည် လူစိမ်းကို မသိမသာအကဲခတ် ကြည့်နေလိုက်သည်။

တဖြည်းဖြည်းနှင့် ထိုလူသည် သဘောကောင်းသော ခရီးသွား ကုန်သည်တစ်ယောက် ဖြစ်ရမည်ဟု ယုံကြည်လာသည်။

မကြာပါချေ....

အသားခြောက်မီးကင်ရာမှ မွှေးကြိုင်သင်းပျံ့သော အနံ့အသက်များ ထွက်ပေါ်လာလေသည်။

ကျင်မေသည် မွှေးကြိုင်သင်းပျံ့သော အနံ့များကိုရှူရှိုက်ရသောအခါ ဗိုက်ထဲဆာလောင် လာလေတော့သည်

လူစိမ်းသည် သူ၏အထုပ်ထဲမှ အရက်တစ်အိုး ထုတ်လိုက်လေသည်။

အရက် တစ်ခွက်ငှဲသောက်လိုက်သလို၊ အသားခြောက်နည်းငယ် ဖဲ့စားလိုက်လေသည်။

တစ်ဖန်....

ကျင်မေ ဘက်သို့လှည့်ကာ တတိယအကြိမ် ဖိတ်ခေါ်လိုက်လေသည်။





'ညီမ ဘာမှမစားရသေးဘူး မဟုတ်လား စားလိုက်ပါဦးလား'

ယခုတစ်ကြိမ် ကျင်းမေဘာမှမပြောပဲနေလိုက်လေသည်။

လူစိမ်း သက်ပြင်းချလိုက်လေသည်။

'ညီမ ကျုပ်နာမည် ရှောင်ကောင်း လို့ခေါ်ပါတယ်။ ကျုပ်ဟာ ခရီးသွားကုန်သည် တစ်ယောက်ဖြစ်ပေမယ့် တကယ်တမ်း ကျုပ်ရဲ့အလုပ်ဟာ ရတနာပွဲစားပါ၊ ဟောဒီမှာ ရတနာပစ္စည်းတွေ ပါလာပါတယ်ကြည့်ပါ'

ပိုးပဝါဖြင့် ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ကို ဖွင့်ပြလေသည်။

ထိုအခါ ဝင်းလက် တောက်ပြောင်နေသော ရတနာပစ္စည်းအချို့ ရှိနေသည်ကို တွေ့ရလေသည်။

ကျင်မေ အံ့သြသွားသည်။

ရှောင်ကောင်းဆိုသည့် ထိုလူစိမ်းက အဘယ်ကြောင့် ရတနာပစ္စည်းများကို ထုတ်ပြရပါသနည်း။

လူစိမ်း (ဝါ)ရှောင်ကောင်းက ပုလဲလုံးကလေးတစ်လုံးကိုကောက်ယူလိုက်သည်။

'မိန်းကလေးတွေဟာ ရတနာပစ္စည်းတွေကို ခုံမင်တတ်ကြပါတယ်၊ ညီမသဘောကျမယ်ဆိုရင် ဒီပုလဲကားလေးကို လက်ဆောင်ပေးပါရစေ'

ကျင်မေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသလို မျက်နှာလည်း တင်းမာသွားလေသည်။

ရှောင်ကောင်းအားစိုက်ကြည့်လိုက်သည်။

'ရှင် ဘာကြောင့် ဒီလောက်တောင် သဘောကောင်းနေရတာလဲ'

ရှောင်ကောင်း ရယ်မောလိုက်သည်။

'ကျုပ်က သဘောကောင်းတာ မဟုတ်ပါဘူး၊ ညီမကို လေးစားလို့ပါ'

'ဘာရှင့်'

'ညီမ မကြာသေးခင်က ထိုက်ယန်မြို့မှာ ညီမကို ကျုပ်တွေ့ဖူးသေးခဲ့တယ်ဆိုရင် ညီမ ငြင်းမလား'

ကျင်မေ မျက်မှောင်ကြုပ်သွားလေသည်။

ထိုက်ယန်မြို့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ထိုက်ယန်မြို့မှာ ညီမကိုတွေ့ခဲ့တယ်၊ ညီမဟာ ဆိုးသွမ်းသောင်းကျန်းနေတဲ့ ဓားပြဂါးဖော်ကို ဆုံးမခဲ့တာ ကျုပ်ကိုယ်တိုင်တွေ့မြင်ခဲ့ပါတယ်၊ ညီမရဲ့ ရဲရင့်တဲ့စိတ်ထားနဲ့ မကောင်းမှုဒုစရိုက်တွေကို မုန်းတီးတဲ့ စိတ်ထားကို မချီးကျူးဘဲ မနေနိုင်ပါဘူး။ အဲ့ဒီအချိန်ကတည်းက ညီမကို လေးစားမိခဲ့တာပါပဲ'

ကျင်မေ သက်ပြင်းချလိုက်သည်။





'လက်စသတ်တော့ ရှင်က ကျွန်မကို တွေ့ဖူးမြင်ဖူးထားတာကိုး'

'ဟုတ်ပါတယ်၊ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီအချိန်က ဓားပြဂါးယောက်ဟာ ကျုပ်ကိုလုယက်ဖို့ ကြံစည်နေခဲ့ကြတာပါ၊ ညီမကဆုံးမလိုက်လို့ ကျုပ် ကံကောင်းသွားခဲ့တာပါ၊ အဲ့ဒီအချိန်က ကျုပ်လဲကြောက်လန့် ပြီးထွက်ပြေးလာခဲ့မိလို့ ညီမကို ကျေးဇူးတာစကား မပြောနိုင်ခဲ့ပါဘူး၊ ခုပြန်တွေ့မှ ကျေးဇူးတင်စကားပြောပြီး လက်ဆောင်ပေးဖို့ ဆုံးဖြတ်လိုက်တာပါ'

ကျင်မေ မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျွန်မကို မှတ်မိတယ်၊ ကျေးဇူးတင်တယ်ဆိုရင် ဘာကြောင့် တွေ့တွေ့ချင်းမပြောရတာလဲ၊ လူဆိုး ဓားပြတွေရောက်လာရင်တောင် အကာအကွယ်ပေး မယ်လို့ ပြောရတာလဲ'

ရှောင်ကောင်း ရယ်မောလိုက်သည်။

'ကျုပ်က တမင်ကြွားလုံးထုတ်လိုက်တာပါ ဟဲ....ဟဲ'

'ဩော်....'

ကျင်မေသည် ရှောင်ကောင်းကိုကြည့်ကာ ရယ်ချင်လာလေသည်။

ရှောင်ကောင်းသည် ရယ်စရာမောစရာလည်း ပြောတတ်သူဖြစ်နေသည် မဟုတ်ပါလား။

'ကျွန်မမှန်းသိလို့ ကြွားလုံးထုတ်တာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ကရှင်းပြမှာပါပဲ၊ ကျုပ်လိမ်ပြောလဲ တစ်ချိန်ပေါ်ပေါက်လာမှာပဲ မဟုတ်လား ဗျာ'

'ရှင်က ကျွန်မကို ပုလဲကုံးလက်ဆောင်ပေးချင်တာဟာ အရေးအကြောင်းပေါ်လာရင် ရှင့်ကိုအကာအကွယ်ပေးစေ ချင်လို့ပဲ မဟုတ်လား'

ရှောင်ကောင်းက ရယ်မောလိုက်ပြန်သည်။

'အမှန်အတိုင်းဝန်ခံရမယ်ဆိုရင်တော့ ညီမပြောတဲ့အတိုင်း မှန်ပါတယ်ဗျာ'

ကျင်မေ ခေါင်းခါလိုက်သည်။

'ကျွန်မဟာ သူတစ်ပါးအသုံးချတာကိုခံမယ့်လူလို့ ရှင့် တင်ရင် မှားသွားလိမ့်မယ်'

ရှောင်ကောင်း ကပျာကယာ လက်ကာပြလိုက်လေသည်။

'တာ...ဒီလိုမဟုတ်ပါဘူးဗျာ၊ ကျုပ်က ညီမရဲ့အကူအညီ လိုချင်တာပါ၊ ညီမကို အသုံးချချင်လို့ မဟုတ်ပါဘူး၊ ကျုပ် ကို အထင်မလွဲပါနဲ့ဗျာ'

ကျင်မေကျေနပ်သွားအောင် တောင်းပန်လိုက်လေသည်။

'ရှင်ကကျွန်မရဲ့အကူအညီလိုချင်တယ်ဆိုတာလဲအကြောင်း ရှိရမယ်လို့ ကျွန်မထင်တယ်၊ အမှန်အတိုင်းပြောရင်ကောင်း မယ်'





ရှောင်ကောင်း ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပါပြီ၊ ကျုပ်ပြောပြပါ့မယ်'

ကျင်မေသည် ရှောင်ကောင်းပြောလာမည့်စကားကိုစိတ် ဝင်စားစွာ နားစွင့်နေလိုက်လေသည်။ ရှောင်ကောင်း၏ မျက်နှာ တည်ကြည်သွားလေသည်။

'ကျုပ်ဟာ တိုက်ယန်မြို့ကနေထွက်လာပြီး အမြန်ဆုံးခရီး နှင်ခဲ့ပါတယ်၊ ဒါပေမယ့် လမ်းမှာ ညီမရဲ့လက်ချက်ကြောင့် အရေးနိမ့်သွားခဲ့တဲ့ ဓားပြငါးယောက်ထဲက ထွက်ပြေးလွတ် မြောက်သွားခဲ့တဲ့ ဓားပြခေါင်းဆောင် ပုဝါဟာကျုပ်ကို အငြိုးတကြီးထားပြီး သဲကြီးမဲကြီး လိုက်နေတယ်ဆိုတဲ့ သတင်းကြားခဲ့ရတယ်။ ဒါကြောင့် အလျင်အမြန်ထွက်ပြေး လာခဲ့တာ ဒီနေရာကိုရောက်တော့ မိုးသက်လေပြင်းလဲ ကျ ရောက်လာတော့မယ်၊ နောက်က တစ်ယောက်ယောက်လိုက် လာနေပြီဆိုပြီး ဒီအဆောက်အဦးကြီးထဲ ဝင်ပုန်းနေခဲ့တာ ပါ၊ တကယ်တော့ ကျုပ်ရဲ့နောက်က လိုက်လာလာဟာ ညီမ ဖြစ်နေခဲ့တယ်'

ကျင်မေ ပြုံးလိုက်သည်။

'လက်စသတ်တော့ ကျွန်မက ကိုယ့်လမ်းကိုယ် သွားနေ တာကို ရှင့်နောက်ကိုလိုက်နေတယ်လို့ ထင်နေတာကိုး'

'ဟုတ်ပါတယ်၊ ဒါကြောင့်လဲ ကျုပ်က သည်မှာဝင်ပုန်း နေတာပေါ့၊ ဓားပြခေါင်းဆောင်ပုဝါမဟုတ်ဘဲ ညီမကိုတွေ့

လိုက်ရတော့ ဝမ်းသာအားရဖြစ်သွားပြီး ထွက်တွေ့မိလိုက်တာပါ'

ရှောင်ကောင်း၏ရှင်းပြသည့်စကားကို ကျင်မေ လက်ခံလိုက်လေသည်။

ရှောင်ကောင်းက ဆက်ပြောသည်။

'ဒီနေရာကို ခေါ်းပြခေါင်းဆောင်ပုဝါ မကြာခင်ရောက်ရောက်လာလိမ့်မယ်ညီမ၊ သူဟာ ကျုပ်ဆီကပစ္စည်းတွေ လူယူလိမ့်မယ်၊ ကျုပ်ကို ကူညီပါလို့ မေတ္တာရပ်ခံပါတယ်'

ကျင်မေက ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ပုဝါလွတ်မြောက်သွားလို့ ကျွန်မ လိုက်ရှာနေတာပါ၊ သူ့ကိုတွေ့ရမယ်ဆိုရင် ကျွန်မသိပ်ကို ဝမ်းသာတာပေါ့ရှင်'

ထိုစဉ်....

'ကျုပ်ကလဲ မင်းကို ပြန်ပြီးတွေ့ရတာ ဝမ်းသာပါတယ်လေ'

အေးတိအေးစက်လေသံနှင့်အတူအဆောက်အဦးဟောင်းကြီးအတွင်းသို့ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ခေါ်းပြခေါင်းဆောင်ပုဝါဖြစ်လေသည်။

....o....





ပုဝါ....

ခေါ်းပြခေါင်းဆောင်ပုဝါသည် ထွားကျိုင်းသန်မာသောလူသန်ကြီးတစ်ယောက်ဖြစ်လေသည်။ ထိုက်ယန်မြို့တိုက်ပွဲတွင် ပုဝါခေါင်းဆောင် ခေါ်းပြငါးယောက်နှင့် ကျင်မေတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။

ထိုတိုက်ပွဲတွင် တပည့်လေးယောက် သေဆုံးသွားကြသောအခါ ပုဝါက ရှောင်တိမ်းသွားခဲ့လေသည်။ ပုဝါသည် ကျင်မေနှင့် ရှောင်ကောင်းတို့အား မကျေမနပ် ဖြစ်နေပြီးယခုတော့ ရှေ့မှောက်သို့ ရောက်လာခဲ့ကြပြီဖြစ်လေသည်။

ပုဝါက ယခုကဲ့သို့လာခဲ့သည်မှာ....

ကျင်မေ မဲ့ပြုံးပြုံးလိုက်သည်။

'ရှင် တော်တော်သတ္တိကောင်းနေပါလား၊ အင်းလေ.... ရှင်လာခဲ့တယ်ဆိုတော့ ကျွန်မလိုက်ရှာစရာ မလိုတော့ဘူးပေါ့'

ပုဝါက ရှေ့တိုးလာသည်။

ထိုအခါမှ သူ၏အနောက်ဘက်တွင် အနက်ရောင် ဝတ်ထားသူငါးဦး ပါရှိလာသည်ကို တွေ့မြင်ရလေသည်။ ပုဝါသည် အပေါင်းအဖော်များ ခေါ်လာခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှောင်ကောင်း ထိတ်လန့်သွားလေသည်။

'ညီမ သတိထား'

ကျင်မေအား လှမ်းပြီးသတိပေးလိုက်သည်။

ကျင်မေက အမှုမထားပါချေ။

'ရှင်နောက်ဆုတ်နေလိုက်ပါ'

ရှောင်ကောင်းအား နောက်ဆုတ်ခိုင်းလိုက်ပြီး ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

ပုဝါတို့နှင့် ရင်ဆိုင်လိုက်လေသည်။

ပုဝါသည် ကျင်မေအား အမုန်းကြီးမုန်းနေသည်။

'သူ့ရဲ့ကောင်းမလေး ကျင်မေ ဒီကနေ့ မင်းသေရမယ် နော်'

ကြုံးဝါးရင်း ဓါးမှောင်းကို ခြွမ်းခနဲ မြည်အောင် ဆွဲထုတ်လိုက်လေသည်။

ထိုစဉ်....

'ခဏနေပါဦးဗျာ'

အနက်ရောင် ဝတ်ထားသူတစ်ယောက်က ဟန့်တားလိုက်၏။

ထိုလူက ရယ်ကျဲကျဲဖြင့် ရှေ့တိုးလာသည်။

'မိတ်ဆွေ ပုဝါ ဒီလောက် ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကိုဘာကြောင့်များ သတ်ပစ်ချင်ရတာလဲဗျာ'

'ဘာဗျ'

'သူ့ကို သတ်ပစ်မယ့်အစား လက်ရဖမ်းပြီး ခေါ်သွားကြရင် မကောင်းဘူးလားဗျာ'





ထိုစကားကြားလျှင် ပုဝါ တဟားဟား ရယ်မောလိုက်သည်။

'ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သူ့ကို မိအောင်ဖမ်းရမယ် သူ့ရဲ့ကောင်းမလေး ကျင်မေဟာ အပျိုစင် မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတော့ မိတ်ဆွေတို့ သဘောကျပဲ ဖြစ်ရမှာပေါ့'

သူတို့ ပြောဆိုနေကြသော စကားကြောင့် ကျင်မေ ဒေါသ ခြောင်းခြောင်း ထွက်သွားလေတော့သည်။

'လူယုတ်မာတွေ သေဖို့သာပြင်ထား'

ကြုံးဝါးရင်း လျှပ်တစ်ပြက် ခုန်ဝင် တိုက်ခိုက်လေသည်။

သူမသည် ပုဝါအား ပစ်မှတ်ထားကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ပုဝါကလည်း ဓားဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်၏။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသောအခါ ရှောင်ကောင်းမှာ ကြောက်ကြောက်လန့်လန့်ဖြင့် အော်ဟစ်ကာ ထွက်ပြေးသွားတော့သည်။

'အံမယ်လေး'

အော်သံအဆုံးတွင် ရှောင်ကောင်းသည် အဆောက်အဦးဟောင်း အပြင်ဘက်သို့ ရောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

## အခန်း( ၄ )

## ပင့်ကူနက်ငါးကောင်

'ဂျိမ်း—ဂျလိန်း'

'ဝေါ....ဝေါ....ဝေါ'

'ဟူး....ဟူး....ဟူး'

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လေပြင်းတိုက်သံများ အဆက်မပြတ် ထွက်ပေါ်နေသည်။





မိုးသက်လေပြင်းသည် အရှိန်လျော့မသွားသည့် အပြင် ပို၍ သည်းထန်လာသည်။

မိုးသည်းထန်နေချိန်တွင် အဆောက်အဦးဟောင်းကြီး အတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်နေလေသည်။ တိုက်ပွဲကို ကျင်မေကစတင်လိုက်ခြင်းဖြစ်သည်။

ကျင်မေသည် ပုဝါထံသို့ခုန်ဝင်သွားပြီးလက်ငါးချောင်းဖြင့် ကုပ်ဆွဲတိုက်ခိုက်လိုက်လေသည်။ သူမ၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှသည်။

ပုဝါ ရင်ထိတ်သွားသည်။

'ယား'

ဩသံပေးကာ ခါးဖြင့်ဆီးကြိုခုတ်ချပစ်လိုက်လေသည်။ သူ၏ခါးချက်ကလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ခါးချက်သာထိသွားလျှင် ကျင်မေမှာ နှစ်ပိုင်းပြတ်သွားနိုင်လောက်ပေသည်။

ထိပ်တိုက်ရင်ဆိုင်မိလျှင် ကျင်မေသည် ခန္ဓာကိုယ်တွန့်လိမ်ကာ ပွတ်ကာသီကာ ရှောင်တိမ်းလိုက်လေသည်။ တစ်ဆက်တည်းပင် ရှေ့တိုးကာ ပုဝါရင်ဝကို လက်ချောင်းကလေးများဖြင့် ကုပ်ချလိုက်လေသည်။

ပဝါမှာ အန္တရာယ် ကြုံလိုက်ရပြီဖြစ်ကြောင်း သဘော ပေါက်လိုက်လျှင် ဆက်လက်ရင်မဆိုင်ဝံ့တော့ဘဲ နောက်ဆုတ် ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သို့သော်....

ကျင်မေ၏တိုက်ခိုက်မှုမှာ လျှပ်မြန်ပြင်းထန်လှသဖြင့်ပဝါ ရှောင်တိမ်းခြင်း မပြုနိုင်ရှာပါတော့ချေ။

ကျင်မေ၏ လက်ချောင်းကလေးများသည် သူ၏ရင်ဝ၌ ကုပ်ချမိလိုက်လျှင်...

'ဗြီ...'

အင်္ကျီစုပ်ပြဲသွားသလို ရင်ဝ၌သံစူးဖြင့် ခြစ်ချလိုက်သလို လက်ငါးရာ ဒဏ်ရာကြီးပေါ်ပေါ်လာလေသည်။

'အား'

ပဝါ အထိတ်တလန့် အော်ဟစ်လိုက်သည်။

ဒဏ်ရာရသွားပြီဖြစ်ရာ လက်ထဲမှဓားကို လွှတ်ချပြီးကပျာ ကယာ နောက်ဆုတ်လိုက်လေသည်။

'ရှင်ဘယ်ပြေးမလဲ'

ကျင်မေသည် လုံးဝအလွတ်မပေးဘဲ တစ်ဟုန်ထိုး ခုန်ဝင် သွား၏။ ပဝါက ကြောက်ကြောက်လန့်လန့်ဖြင့်အော်လိုက် သည်။

'ပင့်ကူနက်ငါးဖော် ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ'





အနက်ရောင်ဝတ်ထားသူငါးယောက်ကို အော်ဟစ် အကူ အညီ တောင်းလိုက်သည်။ အနက်ရောင်ဝတ်ထားသူများက တုတ်တုတ်မျှမလှုပ်ဘဲ လက်ပိုက်ကြည့်နေကြသည်။

ပဝါ ပိုပြီးထိတ်လန့်သွားလေသည်။

ထွက်ပြေး၍လည်းမရ၊ ရှောင်တိမ်းရန်လည်းမဖြစ်နိုင်ဘဲ အခက်ကြုံသွားသည် ဖြစ်ရကား ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘောပိုက်ပြီး ခြေထောက်ဖြင့် ကန်ကျောက်လိုက်သလို လက်ဝါးနှစ်ဖက်ဖြင့် တစ်အားရိုက်ချပစ်လိုက်လေသည်။

ကျောက်ကွဲခတ်သည့်သဘောမျိုး ဖြစ်ပါတော့သည်။

ကျင်မေမှာမူ ပဝါအားအနိုင်ရတော့မည်ဟု ကျိန်းသေ ယူဆထားရကား ပဝါက ပြန်လည်တိုက်ခိုက်လိုက်သောအခါ အခက်ကြုံသွားတော့သည်။

နောက်ဆုတ်ရမည်လော၊ ရှေ့တိုးရမည်လော ဝေခွဲမရ ဖြစ်သွား၏။

မည်သို့ဆိုစေ အရေးအကြောင်းကြုံနေသည် ဖြစ်ရကား မတတ်သာတော့ဘဲ ရှေ့ဆက် တိုက်ခိုက်လိုက်လေတော့သည်။ ဤတွင်....

'ဝုန်း'

'အမယ်လေး'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေ သည်။

ကျင်မေ၏တိုက်ခိုက်မှုကြောင့် ပုဝါ၏ဦးခေါင်းတစ်ခုလုံး သွေးချင်းချင်းနီရဲသွားကာကြမ်းပြင်ပေါ် လဲကျသွားလေ၏။

ထို့အတူ ပုဝါ၏ လက်ဝါးရိုက်ချက်ကို ကျင်မေကလွတ်အောင်ရှောင်လိုက်နိုင်သော်လည်း ခြေထောက်ကန်ချက်ကိုမူ မရှောင်နိုင်တော့သဖြင့် တစ်ချက်အော်ဟစ်လိုက်ပြီး ဘေးသို့ လွင့်စင်သွားလေတော့သည်။

လက်ပိုက်ကြည့်နေကြသော အနက်ရောင် ဝတ်ထားသူ ငါးယောက်သည် ရုတ်ခြည်းအသက်ဝင်ကာ လှုပ်ရှားလာကြလေတော့သည်။

....၀....

ပင့်ကူနက်ငါးဖော်....

ပင့်ကူနက်ငါးဖော်သည် သိုင်းလောကတွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသော အနက်ရောင်သိုင်းသမားများဖြစ်ကြလေသည်။ သူတို့သည် ပုဝါကခေါ်လာသည့်တိုင် ပုဝါ ဒုက္ခရောက်သွားသည်ကို လက်ပိုက်ကြည့်နေကြသည်။

ပုဝါခံလိုက်ရသလို ကျင်မေလည်း ခံလိုက်ရသည်ကို မြင်တော့မှ ဓားကိုယ်စီ ဆွဲထုတ်ကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ကျင်မေမှာ ပုဝါ၏လက်ချက်ကြောင့် ဒဏ်ရာရသွားခဲ့ပြီဖြစ်ရာ ပင့်ကူနက်ငါးဖော်သည် အပိုင်တွက်ဆကာ ခုန်ဝင်လာကြခြင်းဖြစ်လေသည်။





'ဝှီး....ဝှီး....ဝှစ်....ဝှစ်'

ဓားငွေ့ယမ်းသံများ ဝူးရှဲ့စွာ ထွက်ပေါ်လာလေသည်။

ဓားရိပ်များသည် ကျင်မေ၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။ ကျင်မေသည် ပုဝါ၏လက်ချက်ကြောင့် ဒဏ်ရာရသွားသည်ဖြစ်သော်လည်း ပင့်ကူနက်ငါးဖော် တိုက်ခိုက်မှုကို မခံရအောင် ကပျာကယာ ခုခံတိုက်ခိုက်လိုက်လေသည်။

သို့တိုင် အလစ်အငိုက်တိုက်ခိုက်ခြင်း ခံလိုက်ရသည် ဖြစ်ရာ ဝဲဘက်ပခုံးတွင် ဓားတစ်ချက်ထိသွားလေတော့သည်။

'အင့်'

ကျင်မေ လွှတ်ခနဲအော်လိုက်ပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရလေသည်။

ပင့်ကူနက်ငါးဖော် ဝမ်းသာသွားကြလေသည်။

'မလွတ်စေနဲ့'

'တိုက်ကြ'

အသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။

ကျင်မေလည်း အားတင်းကာ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

တိုက်ပွဲကား ပို၍ပြင်းထန်လာလေသည်။

ကျင်မေ၏လက်တစ်ဘက်ဒဏ်ရာရသွားပြီဖြစ်ရာ သူမသည် လက်နက်မဲ့တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ဓားတစ်လက် ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ရလေသည်။

သူမ၏လက်ထဲသို့ ခေါင်းရောက်လာသောအခါ သူမ၏တိုက်ခိုက်မှုမှာ ပိုပြီး ထိရောက်လာလေသည်။

'ယား'

ဩသံပေးရင်း သူမ၏ အကောင်းဆုံးခေါင်းကွက်ဖြစ်သော ဇင်ယော်တောင်ပံဖြန့် သိုင်းကွက်ကို ထုတ်ဖော်လိုက်သောအခါ ပြင်းထန်သော ခေါင်းချက်သည် ပင့်ကူနက်ငါးဖော်အနက် နှစ်ယောက်မှာ ခေါင်းချက်ထိသွားလေတော့သည်။

'အား'

'အိုမယ်လေး'

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာလေသည်။

ပင့်ကူနက်နှစ်ယောက်မှာ မြေပေါ် လဲကျသွားကြလေတော့သည်။ ကျန်သုံးယောက်သည် အဖော်နှစ်ယောက် လဲကျသွားသည်ကိုတွေ့ရသောအခါ ကြောက်ရွံခြင်း မရှိသည့်အပြင် ဒေါသထွက်သွားကာ အံကြိတ်ပြီး ခုန်ဝင်တိုက်ခိုက်လိုက်ကြလေသည်။

ကျင်မေသည် ပင့်ကူနက်များ နောက်ဆုတ်သွားမည်ထင်မှတ်မိသော်လည်း ရှေ့တိုးတိုက်ခိုက်လာကြသည်ကိုတွေ့လိုက်ရသောအခါ ရင်ထိတ်သွားလေသည်။

ခေါင်းငွေ့ယမ်းကာ ဇင်ယော်ခေါင်းကွက်ကိုပင် ထပ်မံထုတ်ဖော်လိုက်ရလေသည်။





ဝင်းလက်တောက်ပသောခေါင်းရောင်များ ထွက်ပေါ်လာလေသည်။

ပင့်ကူနက်သုံးယောက်နှင့် ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြန်သည်။

ဤကွင်....

'ချွမ်း....ချွမ်း'

'အား'

'အိုမယ်လေး'

ခေါင်းခေါင်းချင်း ပြင်းထန်စွာထိတွေ့မိသောအသံများ ထွက်ပေါ်လာ၏။

နောက်ဆက်တွဲအနေနှင့် စူးရှသော အော်ဟစ်သံများ...ည်း ထွက်ပေါ်လာလေသည်။

ပင့်ကူနက်သုံးယောက် နောက်ဆုတ်သွားပြီ....

'စုန်း....စုန်း'

နှစ်ယောက်လဲကျသွားလေသည်။

ထို့အတူ ကျင်မေသည်လည်း နောက်ထပ် ဒဏ်ရာတစ်...က် ရရှိသွားပြန်သည်။

သူမသည် ခေါင်းနှစ်ချက်ထိသွားပြီဖြစ်သည်။

ထိထားသော ခေါင်းဒဏ်ရာများမှသွေးများ သွေးမည်း...ား စီးကျလာသည်။

ပင့်ကူနက်ငါးဖော်ကိုင်ဆောင်သော ခါးများတွင်အဆိ
များ သုတ်လိမ်းထားကြောင်း ထင်ရှားနေခဲ့ပါသည်။

သူမ အဆိပ်မိသွားပြီဖြစ်ရာ မျက်လုံးများ ရီဝေလ
သလို ခေါင်းထဲမူနောက်လာလေသည်။ ခန္ဓာကိုယ် ဒယိ
ဒယိုင်ဖြစ်လာပြီး နောက်ဆုံးလုံးဝမဟန့်နိုင်တော့ဘဲ....

'ဝုန်း'

ကြမ်းပြင်ပေါ် လဲကျသွားလေတော့သည်။

....o....

ကျယ်လောင်သောရယ်မောသံထွက်ပေါ်လာသည်။

ပင့်ကူနက်ငါးဖော်အနက် လေးယောက်မှာ ကျင်မေ
လက်ချက်မိကာ လဲကျနေပြီဖြစ်လေသည်။ ပင့်ကူနက်ခေါ
ဆောင် တစ်ယောက်တည်းသာ ကျန်တော့သည်။

ပင့်ကူနက် ခေါင်းဆောင်က ဟားတိုက်ရယ်မောလို
သည်။

'ခုတော့ မင်းဘာတတ်နိုင်သေးသလဲ'

'ပြောရင်း ကျင်မေထံသို့ ချဉ်းကပ်လာသည်။

ကျင်မေ ထိတ်လန့်သွားသည်။





အဆိပ်မိထားပြီဖြစ်ရာ ခုခံတိုက်ခိုက်နိုင်စွမ်း မရှိတော့ပါချေ။ သူမလူးလိမ့်ထလိုက်သော်လည်း ဒယီးဒယိုင် ဖြစ်နေသည်။

ပင့်ကူနက်ခေါင်းဆောင်က ခေါင်းခါယမ်းလိုက်သည်။

'မင်းမကြိုးစားနဲ့တော့ မင်းကိုငါ ကောင်းကောင်းကြီး ဆုံးမပြမယ်'

ကျင်မေအား သိမ်းကြုံးပွေ့ဖက်ရန် ဟန်ပြင်လိုက်၏။

ကျင်မေမှာ မရှောင်နိုင်တော့သလို ခုခံနိုင်စွမ်းလည်းမရှိတော့ပါချေ။

ပင့်ကူနက်ခေါင်းဆောင်ပြုသမျှ နုရတော့မည့် အခြေအနေ ရောက်ရှိနေပြီဖြစ်သည်။

ထိုစဉ်မှာပင်....

'ခွပ်'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။ ပင့်ကူနက်ခေါင်းဆောင် မျက်နှာကြီးရှုံ့မဲ့သွားကာ ဒူးများပျော့ခွေကာ လဲကျသွားလေသည်။

ကျင်မေ မျက်လုံးပြူးသွားသည်။

ပင့်ကူနက်ခေါင်းဆောင်အား မည်သူက ဆုံးမလိုက်ပါသနည်း။

ကျင်မေ သေသေချာချာ ကြည့်လိုက်တော့မှ တုတ်တစ်ချောင်းကိုင်ကာ ရပ်နေသော ခရီးသွားကုန်သည် ရှောင်ကောင်းအား တွေ့လိုက်ရလေသည်။

ရှောင်ကောင်းသည် ကျင်မေအနီးသို့ ရောက်ရှိလာပါသည်။

'ညီမ....ညီမ ဘာမှ မဖြစ်ဘူးနော်'

ကျင်မေသည် အန္တရာယ်မှ လွတ်မြောက်သွားပြီ ဖြစ်ကြောင်း သိရလျှင် အင်အားများ ကုန်ခမ်းသလို ဖြစ်သွားကာ နံရံကိုမှီကာ ထိုင်ချလိုက်ရလေသည်။

ရှောင်ကောင်း ပျာပျာသလဲ ဖြစ်သွားလေသည်။

'ညီမ....ဟင်....ညီမ ဒဏ်ရာ ရထားတာကို'

ကျင်မေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ကျွန်မ အဆိပ်မိထားတယ်'

'ဒုက္ခပဲ၊ ကျုပ်....ကျုပ်'

'သမားတော်တစ်ယောက်ဆီကို အမြန်ဆုံး အရောက်သွားမှ ဖြစ်မယ်'

ရှောင်ကောင်းလည်း ခေါင်းညိတ်လိုက်လေသည်။

'စိတ်ချ၊ သမားတော်ဆီကို ကျုပ် ပို့ပေးမယ်'





ကျင်မေက တစ်ခုတစ်ခု ပြောရန် ဟန်ပြင်လိုက်သော်လည်း ဘာမှမပြောနိုင်တော့ပါချေ။ ခေါင်းငိုက်စိုက်ကျကာ သတိလစ်မေ့မြော သွားလေတော့သည်။

....o....

ညဥ့်နက်ပြီ ဖြစ်သည်။

ချန်းဖုံးကော ကျင်မေပါ အိပ်စက်ခြင်း မပြုနိုင်ကြသေးချေ။

စင်းချန် ပြောခဲ့သဖြင့် သူတို့အား ဒုက္ခပေးမည့်သူ တစ်ယောက်ရှိနေပြီဟု သိထားကြသဖြင့် တိုင်ပင်ဆွေးနွေးကြရင်း ကျင်မေတွင် တစ်ချိန်က ချစ်သူတစ်ယောက်ရှိခဲ့ကြောင်း သိရပြီ ဖြစ်လေသည်။ ကျင်မေက ချန်းဖုံးအတွက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်၏။ ချန်းဖုံးက ရေနွေးကြမ်းခွက်ကိုယူကာ မော့သောက်လိုက်သည်။ ပြီးလျှင်....

'ညီမရဲ့ချစ်သူနဲ့ ဘယ်လိုလုပ်ပြီး လူချင်းကွဲသွားကြတာလဲ ပြောပါဦး'

စိတ်ဝင်စားသော လေသံဖြင့် မေးလိုက်လေသည်။

ကျင်မေ သက်ပြင်းချလိုက်လေသည်။

'ရှောင်ကောင်းဟာ ကျွန်မကို သမားတော်ဆီကို ခေါ်သွားပြီး ဆေးကုပေးခဲ့ပါတယ်၊ ကျွန်မ နေကောင်းသွား

တော့ သူ့ရဲ့ စေတနာ မေတ္တာတရားတွေကို နားလည်သဘောပေါက်လိုက်ပြီး ချစ်သူတွေ ဖြစ်သွားခဲ့ကြပါတယ်၊ ဒါပေမယ့်....'

သူမ စကားတစ်ပိုင်းတစ်စဖြင့် ချန်းဖုံးက မနေနိုင်တော့ပဲ ကြားဖြတ်မေးလိုက်လေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ ညီမ'

'ရှောင်ကောင်းဟာ နောက်ပိုင်းမှာ သူ့ကိုယုံကြည်လို့ ရောင်းချအပ်နှံထားတဲ့ ပစ္စည်းတွေကို အလွဲသုံးစားပြုလုပ်ပြီး ရောင်းပစ်လိုက်ပါတယ်။ ကျွန်မနဲ့ လက်ထပ်တဲ့အခါ တင့်တောင်းတင့်တယ် ထားနိုင်အောင်လို့ ပြောပါတယ်'

'ဪ'

'ကျွန်မဟာ ငွေမက်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ အစ်ကိုသိပါတယ်၊ ရှောင်ကောင်းရဲ့ အကျင့် စရိုက်ကြောင့် ကျွန်မတို့ စကားများခဲ့ရပြီး နောက်ဆုံး လမ်းခွဲလိုက်ကြတာပါ'

ချန်းဖုံး သက်ပြင်းချလိုက်လေသည်။

'ညီမ မှန်ပါတယ်၊ ရှောင်ကောင်းနဲ့ လက်ထပ်လိုက်မယ်ဆိုရင် ညီမရဲ့ဘဝ တည်ငြိမ်မှု ရဘို့ မလွယ်ပါဘူး၊ ဒါထက်သူဟာ အစ်ကိုတို့ကို ဒုက္ခပေးမယ့်လူလို့ ဘာကြောင့် ထင်ရတာလဲ ပြောပါဦး'

ကျင်မေ၏ မျက်နှာ တည်ကြည်လေးနက်သွားသည်။





'ရှောင်ကောင်းဟာ ကျွန်မနဲ့ လမ်းခွဲကာနီးမှာကျွန်မကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး၊ ကျွန်မကသာ တစ်ခြားတစ်ယောက်ကိုလက်ထပ်မယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ကောင်းကောင်းကြီး ဒုက္ခပေးမယ်လို့ ကြုံးဝါးသွားပါတယ်၊ ဒါကြောင့် ကျွန်မတို့ကို ဒုက္ခပေးမယ်လို့ ကြံစည်တဲ့လူဟာ ရှောင်ကောင်း ဖြစ်မယ်ထင်မိတာပါ'

ချန် ဖုံး မျက်မှောင်ကုတ်သွားသည်။

'အင်း....ရှောင်ကောင်းကို သတိထားရမှာပေါ့၊ သူ့အကြောင်းကို စုံစမ်းကြည့်ရမယ်၊ ကဲ....ညဉ့်နက်ပြီ ညီမ အနားယူလိုက်ပေတော့'

'ကောင်းပါပြီ အစ်ကို'

ကျင်မေက ထိုင်ရာမှ ထလိုက်လေသည်။

သူမ၏ မျက်နှာ ညှိုးနွမ်းနေပါသည်။ ထွက်မသွားမီ....

'အစ်ကို ကျွန်မမှာ တစ်ချိန်က ချစ်သူတစ်ယောက်ရှိခဲ့ဘူးတာကို ခွင့်လွှတ်ပါနော်'

တောင်းပန်စကားဆိုလေသည်။

ချန်းဖုံး ပြုံးလိုက်သည်။

'ခွင့်လွှတ်ပါတယ် ညီမရယ် အစ်ကို ဘယ်လိုမှ သဘောမထားပါဘူး၊ ရှောင်ကောင်းနဲ့ လမ်းခွဲပြီး အစ်ကိုယ့်ကို ဘဝကြင်ဖော်အဖြစ် ရွေးခဲ့တာကို ကျေးဇူးတင်ရဦးမှာပါ၊ ကဲ... ညီမ အနားယူတော့နော်'

ဇနီးသည် စိတ်မကောင်းမဖြစ်စေရန် ကြင်ကြင်နာနာ ပြောလေသည်။

ကျင်မေသည် ချန်းဖုံး၏သဘောကို နားလည်ထားရကား သူမအား ခွင့်လွှတ်သည် ဆိုခြင်းကို ယုံကြည်ထားလေသည်။ အခန်းတွင်းမှ တိတ်ဆိတ်စွာပင် ပြန်လည်ထွက်ခွာသွားလေတော့သည်။

....❁....



လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ ဗိုလ်ထွန်း
တောင်ဥက္ကလာ
ဖုန်း ၂၁၀၃၆၆

အခန်း (၅)

ကိုယ့်အလှည့်

'တုံ....တုံ'

အဝေးမှ အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။

ညဉ့် နှစ်ချက်ထိုးပြီ ဖြစ်ပါသည်။ သို့တိုင် ချန်းဖုံး အိပ်စက်ခြင်း မပြုနိုင်သေးပါချေ။

ချန်းမိသားစုကလေးအား မည်သူမည်ဝါက ဒုက္ခပေးလိုသည်ကို ဆက်လက်တွေးတောစဉ်းစားနေခြင်းကြောင့် ဖြစ်လေသည်။

ရှောင်ကောင်း။

ရှောင်ကောင်းသည် ကျင်မေအားပိုင်ဆိုင်နိုင်ခွင့်မရှိသဖြင့် အငြိုးထားကာ ဒုက္ခပေးရန် ကြံစည်နေခြင်းပေလော။

ချန်းဖုံး သက်ပြင်းချလိုက်လေသည်။

'ရှောင်ကောင်း မဖြစ်နိုင်ဘူး'

အကယ်၍ ရှောင်ကောင်း ဒုက္ခပေးလာမည်ဆိုလျှင်လည်း မှုစရာလိုမည်မဟုတ်ကြောင်း နားလည်ထားလေသည်။ ထို့ကြောင့် ရှောင်ကောင်းအား လုံးဝ ထည့်စဉ်းစားစရာမလိုဟု တွေးကာ လျစ်လျူရှုထားလိုက်လေသည်။

တကယ့်ကို ဒုက္ခပေးမည့် ရန်သူသည် မည်သူမည်ဝါ ဖြစ်ကြောင်း ထပ်မံစဉ်းစားလိုက်ခြင်း ဖြစ်လေသည်။ ကျင်မေ ပြောပြခဲ့သည့် စကားများကို နားထောင်ရင်း သူက သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့စဉ် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တစ်ခုနှင့်များ ဆက်စပ်နေလေမည်လားဟု တွေးမိလာ၏။

ထိုအဖြစ်အပျက်သည် ထူးခြားမှုမရှိသော အဖြစ်အပျက်ဟုလည်း ဆိုနိုင်သည်။ ထူးခြားသည်ဟုလည်း ဆိုနိုင်သည်။

သိုင်းလောကသားတိုင်း ကြုံတွေ့ဖူးသော အဖြစ်အပျက်မျိုး ဖြစ်လေသည်။

ချန်းဖုံးသည် ထိုအဖြစ်အပျက်ကိုပင် တွေးတောလိုက်လေသည်။





အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုသကဲ့သို့ အသေးအဖွဲ့ ကိစ္စလေးများသည် တစ်ခါတစ်ရံတွင် ကြီးကျယ်သော ကိစ္စများ ပေါ်လာအောင် အစပျိုးပေးသည် မဟုတ်ပါလား။

ချန်းဖုံးက ဆက်လက်တွေးတောနေလိုက်လေတော့သည်။

....o....

နှင်းဝေသောနေ့တစ်နေ့ ဖြစ်ပါသည်။

ချန်းဖုံးသည် စားသောက်ဆိုင် အတွင်း၌ ရောက်ရှိနေလေသည်။

ချောင်ကျကျ ဆိုင်ထောင့်တစ်နေရာ၌ထိုင်ကာ ဆိုင်တံခါးပေါက်ဆီသို့ မျက်တောင်မခတ်ကြည့်နေသည်။ စားပွဲပေါ်၌ စားသောက်ဖွယ်ရာများဖြင့် အရက်တစ်အိုးရှိနေပါသည်။ သို့သော် ချန်းဖုံးက လက်ဖျားနှင့်ပင် မတို့ပါချေ။

စားသောက်ဖွယ်ရာများကို လျစ်လျူရှုထားခြင်းသည် အခြားသော စိတ်ဝင်စားစရာ အကြောင်းတစ်ခု ရှိနေခြင်းကြောင့် ဖြစ်ရမည် မဟုတ်ပါလား။

ချန်းဖုံးသည် မည်သို့သောအကြောင်းကိစ္စကို စိတ်ဝင်စားနေပါသနည်း။

ရှုတ်တရက်....

'ခွပ်....ခွပ် ခွပ် ...ခွပ်'

ကျယ်လောင်ခသော မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မြင်းစီးသမား တစ်ယောက်သည် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာလေသည်။

ဆိုင်ရှေ့ရောက်လျှင် မြင်းကို အရှိန်သတ်ရပ်ကာ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။

ထို့နောက် မြင်းပေါ်မှအထုပ်တစ်ထုပ်ကိုဆွဲကာ ဆိုင်ထဲ ဝင်လာလေသည်။

ထိုလူသည် မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခန္ဓာကိုယ်ပိန်ပိန်ပါးပါး အသက် လေးဆယ် ဝန်းကျင် ရှိလေသည်။

ဆိုင် ထဲ ရောက် လာ လျှင် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်လိုက်ပြီး စားပွဲတစ်လုံး၌ နေရာယူလိုက်သည်။

'အရက်တစ်အိုး မြန်မြန်ယူလာခဲ့စမ်း'

ခက်ထန်သော အသံဖြင့် ဆိုင် လု လင် တစ်ယောက်အား လှမ်းမှာလိုက်လေသည်။

'လာပါပြီခင်ဗျာ လာပါပြီ'





ဆိုင်လုလင်တစ်ယောက် ချက်ချင်းပြေးလွှားရောက်ရှိလာလေသည်။

မီးခိုးရောင် ဝတ်ထားသူ မှာကြားသော အရက်အိုးကိုလည်း ယူလာပေးလေသည်။

ထိုလူငယ်ရှေ့၌ အရက်အိုး ချထားပေးလိုက်ပြီး ရှိရှိသေသေ မေးလိုက်လေသည်။

'ဆရာ....ဘာများသုံးဆောင်ဦးမလဲခင်ဗျာ'

ထိုလူက စကားမပြောဘဲ လက်ဝှေ့ယမ်းပြလိုက်လေသည်။ ဆိုင်လုလင်က အလိုက်သိစွာဖြင့် ပြန်ထွက်သွား၏။

ထိုလူသည် အရက်အိုးကို အိုးလိုက်မော့သောက်လိုက်လေသည်။

ချန်းဖုံးသည် ထိုလူအား အကဲခတ်ကြည့်ရင်း သက်ပြင်းချလိုက်သည်။

'ဒီလူပဲ ဖြစ်ရမယ်'

ဟုလည်း စိတ်ထဲ တွေးလိုက်လေသည်။

သူ၏ရင်ထဲ လှုပ်ရှားလာသည်။

ယခုတလော သိုင်းလောက၌ လှုပ်ရှားမှုများ ဖြစ်ပေါ်နေသည်။

မန်ချူး သိုင်းသမား ပြည်မ၌ လှုပ်ရှားလာသည်ကို တွေ့မြင်နေရခြင်း ဖြစ်လေသည်။ မန်ချူးတို့သည် နယ်စပ်ဒေသတွင် နယ်ချဲ့ကျူးကျော်ရန် သွေးတိုးစမ်း တိုက်ပွဲများ ဆင်

နွဲ့နေသည်။ နယ်စပ်မှ ကျေးရွာအချို့ လုယက်တိုက်ခိုက်ခံရသည်။ မိန်းကလေးများ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည်။

ထို့ကြောင့်လည်း မျိုးချစ်သိုင်းသမားများသည် နယ်စပ်သို့တိုင် ခရီးနှင်ကြရလေသည်။ နယ်စပ်တွင် မန်ချူးများ ထာဝရ ကြီးစိုးနိုင်သည်တော့ မဟုတ်ပါ။ နေပြည်တော်မှ တပ်ဖွဲ့များ မျိုးချစ်သိုင်းသမားများ သွားရောက်နှိမ်နင်းလိုက်လျှင် နယ်ခြားတစ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြပြန်တော့သည်။

နောက်ပိုင်းတွင် နယ်ချဲ့မန်ချူးတို့သည် သိုင်းလောကမှ အစ္စာဖောက်များ၊ အနက်ရောင်သိုင်းသမားများအား လျှို့ဝှက်စွာ စည်းရုံးသိမ်းသွင်းနေသည်ဆိုသော သတင်းများ ဖြစ်ပေါ်လာလေသည်။

မန်ချူးသိုင်းသမားများ သိုင်းလောက၌ လျှို့ဝှက်စွာ လှုပ်ရှားနေသည်ဟူသော သထင်းများလည်း ဖြစ်ပေါ်လာသည်။

မန်ချူးတို့၏ အကြောင်းကို သိုင်းလောကသားများက လိုက်လံစုံစမ်းကြရာ ချန်းဖုံးသည်လည်း တစ်ယောက်အပါအဝင် ဖြစ်လာလေတော့သည်။

ယခု....





ချန်းဖုံးက စားသောက်ဆိုင်လေးသို့ ရောက်နေသည်မှာ ထိုစားသောက်ဆိုင်လေး၌ သစ္စာဖောက်တစ်ယောက်နှင့် မန်ချူးသိုင်းသမားများ လျှို့ဝှက်စွာ တွေ့ဆုံကြလိမ့်မည်ဟု သတင်းရထားခြင်းကြောင့် ဖြစ်သည်။ ချန်ဖုံးသည် မီးခိုးရောင်ဝယ်ထားသူအား မျက်ခြည်မပြတ် အကဲခတ်နေစဉ်မှာပင်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'
'ခွပ်....ခွပ် ...ခွပ်....ခွပ်'

နောက်ထပ် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ပြန်လေသည်။ မြင်းစီးသမားတစ်စု စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာကြလေသည်။ ထိုမြင်းစီးသမားများသည် အဖြူရောင်ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကြပြီး သိုးမွေးဦးထုပ်များ ဆောင်းထားကြလေသည်။

ထိုလူများသည် ခြေသံပြင်းပြင်းနင်းကာ ဆိုင်ထဲသို့ ဝင်လာကြလေသည်။

စုစုပေါင်း ခြောက်ယောက်တိတိ ဖြစ်လေသည်။

ထိုလူများသည် စားပွဲတစ်လုံး၌ စိုင်ဖွဲ့ထိုင်လိုက်ကြသည်။

အရက်နှင့် စားသောက်ဖွယ်များ မှာကြားစားသောက်လိုက်ကြသည်။

သူတို့သည် စကားတစ်လုံးမျှမပြောပဲ တိတ်ဆိတ်စွာ စား
သောက်ကြခြင်းဖြစ်လေသည်။ ချန်းဖုံးက အခြေအနေ
စောင့်ကြည့်နေသည်။

မကြာပါချေ။ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာသည်ကို
တွေ့မြင်လိုက်ရလေသည်။ ထိုလူခြောက်အနက် တစ်ယောက်
အထုပ်ကလေးတစ်ထုပ်ကို စားပွဲပေါ်တင်လိုက်ခြင်း ဖြစ်လေ
သည်။ အထုပ်ကလေးကို ဖြည်လိုက်သောအခါ ရွှေရောင်တ
ဖိတ်ဖိတ်တောက်ပမနေသော ရွှေတုံးကလေးများ ရှိနေသည်ကို
တွေ့လိုက်ရ ာသည်။

ထိုလူသည အဘယ်ကြောင့် ရွှေတုံးကလေးများကို ထုတ်
လိုက်ရပါသနည်း။

ချန်းဖုံး တွေးတောနေစဉ်မှာပင် ထိုလူ၏ စကားသံ
ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ထိုလူက ဆိုင်လု
လင်တစ်ယောက်ကိုခေါ်ကာ ပြောလိုက်ခြင်းဖြစ်လေသည်။

'ညီလေး ဒီဆိုင်ကို ကျုပ်တို့မိတ်ဆွေတစ်ယာက် ရောက်
လာလိမ့်မယ်၊ သူ့အတွက် ကျုပ်တို့ကို ဟောဒီ ရွှေတုံးကလေး
တွေ ပေးစရာရှိတယ်'

ဆိုင်လုလင်က ဦးညွှတ်လိုက်လေသည်။

'ဟုတ်ကဲ့....ကျွန်တော် ဘာကူညီရမလဲ ပြောပါဗျာ'

'ဒီဆိုင်ကို ကျုပ်တ်ို့ရဲ့မိတ်ဆွေ ရောက်လာသလား မလာ
ဘူးဆိုတာ သိချင်ပါတယ်'





'ဗျာ'

ဆိုင်လုလင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိုလူက ရွှေတုံးကလေးများကို လက်ဖြင့်ပုတ်လိုက်သည်။

'ကျုပ်ရဲ့မိတ်ဆွေဟာ ဟောဒီဆိုင်ထဲမှာ ရောက်နေပါ
တယ်'

'ဗျာ'

သူက ဘာကြောင့် ရွှေတုံးကလေးတွေကို လာမယူသေး
တာလဲဆိုတာ မေးလိုက်စမ်းပါ'

ကိုစဉ်....

'ဟား....ဟား....ဟား

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်
ကို ကြားလိုက်ရလေသည်။

အားလုံး လှမ်းကြည့်လိုက်သောအခါ မီးခိုးရောင်ဝတ်
ထားသူက ရယ်မောရင်း ထိုင်ရာမှ ထလာသည်ကို တွေ့လိုက်
ရလေသည်။

ချန်းဖုံး၏ မျက်နှာတည်ကြည်လေးနက်သွားသည်။

သူမျှော်လင့်ထားသည်အတိုင်း ဖြစ်ပျက်လာပြီ မဟုတ်
ပါလား။

သို့သော်....လှုပ်ရှားခြင်း မပြုသေးပဲ အခြေအနေစောင့်
ကြည့်နေလိုက်လေသည်။

မီးခိုးရောင် ဝတ်ထားသူက ရယ်မောရင်း လူခြောက်
ထိုင်နေသော စားပွဲဆီသို့ လှမ်းသွားလိုက်လေသည်။

ထိုလူခြောက်ယောက်သည်လည်း မီးခိုးရောင်ဝယ်တ
သူအား အကဲခတ်ကြည့်နေလိုက်ကြသည်။ မီးခိုးရောင် ဝတ်
ထားသူသည် အနီးသို့ ရောက်သွားလျှင် လက်နှစ်ဘက်ဆု
ဦးညွှတ်ဂါရဝပြုလိုက်သည်။

'မိတ်ဆွေတို့ဟာ....နယ်ခြားက လာခဲ့ကြတာ မဟုတ်လာ
ဗျာ....'

လူခြောက်ယောက်၏ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ပြ
လည်ဦးညွှတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ ကျုပ်တို့ဟာ နယ်ခြားက လာခဲ့ကြ
တာပါ၊ မိတ်ဆွေကရော ကျုပ်တို့ရဲ့အဆက်အသွယ် ဆိုတ
သေချာရဲ့လား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'သေချာတယ် မသေချာဘူး ဆိုတာ ဟောဒီသင်္ကေတကို
ကြည့်ရင် သိနိုင်ပါတယ်ဗျာ'

လက်တစ်ဖက် ငွေ့ယမ်းပြလိုက်လေသည်။

လေထဲ၌ သိမ်းငှက် တစ်ကောင်၏ ရုပ်ပုံ ဖြစ်ပေါ် လာ
အောင် ငွေ့ယမ်းပြလိုက်ခြင်း ဖြစ်လေသည်။ နယ်ခြားမှ လာ
သူများ ကျေနပ်သွားကြလေသည်။





ခေါင်းဆောင်ဖြစ်သူက ထိုင်ရာမှထကာ ဝမ်းသာအားရ
နှုတ်ဆက်လိုက်လေသည်။

'ဝမ်းသာလိုက်တာဗျာ၊ ကျုပ်တို့က ပြည်မကို ရောက်လာ
တဲ့အခါ အားကိုးအားထားပြုရမယ့် အဆက်အသွယ်ကောင်း
တစ်ယောက်နဲ့ တွေ့ရမယ်လို့ သိထားပါတယ်'

'မိတ်ဆွေ ကျုပ်တို့ဟာ....'

သူ၏စကား မဆုံးမီ မီးခိုးရောင် ဝတ်ထားသူက ကြား
ဖြတ်ပြောလိုက်လေသည်။

'ခဏနေဦး....ဒီနေရာမှာ အရေးကြီးတဲ့ကိစ္စ ပြောလို့မဖြစ်
ဘူး၊ ကျုပ်တို့ တခြားတစ်နေရာကို သွားကြတာပေါ့'

နယ်ခြားမှ လာသူများ၏ ခေါင်းဆောင်က ချက်ချင်း
သဘောတူလိုက်လေသည်။

'ကောင်းပြီလေ....သွားကြတာပေါ့'

သူတို့သည် စားသောက်ခ ကျသင့်ငွေ ပေးချေကာ ချက်
ချင်းပင် ဆိုင်ထဲမှ ထွက်သွားကြလေသည်။ ချန်း ဖုံး လည်း
မနေနိုင်တော့ပါချေ။

ကျသင့်ငွေ ပေးချေကာ ကပျာကယာ လိုက်သွားလေ
တော့သည်။

....❁....

## အခန်း (၆)

### သစ္စာသိုင်းသမား

ချန်းဖုံးသည် မီးခိုးရောင်ဝတ်ထားသူတို့ နောက်သို့ တိတ်တဆိတ် ခြေရှုံကာ လိုက်သွား၏။ ထိုလူများသည် မြို့ပြင် သချိုင်းမြေအတွင်းသို့ ဝင်ရောက် ပျောက်ကွယ် သွားကြလေသည်။ ချန်းဖုံးက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သချိုင်းမြေအတွင်း၌ သစ်ပင်ချုံနွယ်များ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသည်။





ပင်ယံမြင့် ထက်မှ ငှက်ကလေး တစ်ကောင်၏ ဘာသာဘာဝ တေး သီကြွေးသံကို ကြားရသည်မှာ လွမ်းဆွေးစရာ ကောင်းလှပါတော့သည်။

မီးခိုးရောင်ဝတ်ထားသူနှင့် နယ်ခြားမှလူခြောက်ယောက်မှာ အရိပ်အယောင်ပင် မတွေ့ရတော့ဘဲ ပျောက်ကွယ်သွားကြပြီ ဖြစ်လေသည်။

ချန်းဖုံးသည် တစ်ခဏတာ အကဲခတ်ကြည့်ပြီးလျှင် မြေပေါ်၌ ခြေတစ်ချက်ဆောင့်ကာ ခုန်လိုက်လေသည်။

"ဝှီး...."

ချန်းဖုံး၏ခန္ဓာကိုယ်သည် ပေါ့ပါးစွာဖြင့် လေထဲမြောက်တက်သွားပြီး သစ်ပင်တစ်ပင်၏ သစ်ကိုင်းပေါ်သို့ ရောက်ရှိသွားလေသည်။

ချန်းဖုံးသည် သစ်ကိုင်းတစ်ကိုင်းမှတစ်ကိုင်း ခုန်ကူးလိုက်လေသည်။

သူ၏ ခန္ဓာကိုယ်သည် ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားသွားပြီး သချိုင်းမြေအတွင်းသို့ ရောက်ရှိသွားလေသည်။ ချန်းဖုံးက သစ်ကိုင်းတစ်ကိုင်းပေါ်မှနေ၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြန်လေသည်။

ထိုအခါမှ အုတ်ဂူများကြား၌ နယ်ခြားမှလာသူ ခြောက်ယောက်နှင့် မီးခိုးရောင်ဝတ်ထားသူတို့အား တွေ့မြင်လိုက်ရသည်။

ထိုလူများသည် အလွန်ရင်းနှီးသည့်အသွင်ဖြင့် ဖက်လှဲတကင်း ရှိနေကြပါသည်။

ချုန်းဖုံးက အကဲခတ်ရင်း တွေးတောစဉ်းစားလိုက်သည်။

'ဒီလူတွေဟာ မရိုးသားကြဘူး၊ ဘာပဲဖြစ်ဖြစ် သူတို့ကို သွားတွေ့ပြီး မေးမြန်းလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ဟိုလူခြောက်ယောက်ဟာ နယ်ခြားကလာတဲ့လူတွေ ဆိုတော့ ငါ မမှားနိုင်ပါဘူး'

ထိုလူများထံသို့သွားရန် ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်မှာပင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ နယ်ခြားမှ လူခြောက်ယောက်နှင့် မီးခိုးရောင်ဝတ်ထားသူတို့ တိုက်ပွဲ ဖြစ်ပေါ်လာခြင်းတည်း။

မီးခိုးရောင်ဝတ်ထားသူက စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

ထိုလူသည် နယ်ခြားလူများ၏ခေါင်းဆောင်နှင့် ရင်းရင်းနှီးနှီး စကားပြောဆိုနေရာမှ ရုတ်တရက် ဓားတစ်လက် ဆွဲထုတ်ကာ ထိုးသွင်းလိုက်ခြင်း ဖြစ်လေသည်။

'အား....'

စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ဓားချက်မိသွားသော နယ်ခြားခေါင်းဆောင်မှာ စူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။





မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကျန်ငါးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

'ရန်သူ'

'သစ္စာဖောက်ဟေ့'

တစ်ယောက်တစ်ပေါက် အော်ပြောကာ မီးခိုးရောင်ဝတ်ထားသူအား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတည်။

မီးခိုးရောင်ဝတ်ထားသူကလည်း....

'မန်ချူးခွေး မင်းတို့ဘယ်ပြေးမလဲ'

ဟူ၍ ကြုံးဝါးကာ တိုက်ခိုက်လိုက်လေသည်။

ချုန်းဖုံး အံ့ဩသွားလေသည်။

'လတ်စသတ်တော့ မီးခိုးရောင်ဝတ်ထားလဲ လူဟာ မျိုးချစ် သိုင်းသမား တစ်ယောက် ပါလား၊ မန်ချူးတွေကို ထောင်ချောက်ဆင်ပြီး တိုက်ခိုက်နေတာကိုး'

တိုက်ပွဲမှာ ငါးယောက်တစ်ယောက်ဖြစ်နေ၍ မီးခိုးရောင်ဝတ်ထားသူက လက်ဦးမှုရယူခဲ့သော်လည်း တကယ်တမ်းရင်ဆိုင်လိုက်သောအခါ အရေးနိမ့်မလို ဖြစ်လာရလေတော့သည်။

'ငါ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး'

ချက်ချင်းပင် သစ်ပင်ပေါ်မှ ငှက်ကြီး တစ်ကောင် ပမာ ပျံဝဲကာ ခုန်ဆင်းလိုက်လေသည်။ တိုက်ပွဲ အတွင်းသို့ ရိပ်ခနဲ ရောက်ရှိသွားလေတော့သည်။

'မိတ်ဆွေ ဘာမှမပူနဲ့၊ ကျုပ်ကူညီမယ်'

'မိတ်ဆွေ ဘာမှမပူနဲ့၊ ကျုပ်ကူညီမယ်'

မီးခိုးရောင်ဝတ်ထားသူသည် ချန်းဖုံးက ကူညီရန် ရောက်ရှိလာသောအခါ ဝမ်းသာအားရ ဖြစ်သွားလေသည်။

'မြန်မြန်လာဗျို၊ ဒီမန်ချူးကောင်တွေကို အလွတ်ပေးလို့ မဖြစ်ဘူး'

'စိတ်ချ'

ချန်းဖုံးသည် ဓားရှေ့ယမ်းကာ တရကြမ်း ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

ချန်းဖုံးရောက်လာသဖြင့် တိုက်ပွဲအခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေသည်။ မီးခိုးရောင် ဝတ်ထားသူနှင့် လက်တွဲညီညီ တိုက်ခိုက်ကြသောအခါ မန်ချူး ငါးယောက်လောက် အရေးနိမ့်သွားကြလေတော့သည်။

'ဝုန်း'

'အား'

'အံမယ်လေး'

'သေပါပြီဗျို'





စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

မန်ချူး ငါးယောက်အနက် လေးယောက်မှာ မြေပေါ် လဲကျသွားလေတော့သည်။

အခြေအနေမဟန်သဖြင့် ကျန်တစ်ယောက်က ထွက်ပြေးရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

'မင်း ဘယ်ပြေးမလဲ'

မီးခိုးရောင် ဝတ်ထားသူက အော်ဟေါက်ရင်း ဓားဖြင့် ပစ်ပေါက်လိုက်လျှင် မည်သို့မျှမရှောင်နိုင်တော့ဘဲ

'အား....'

စူးရှစွာအော်ဟစ်ကာ မြေပေါ်လဲကျပြီး အသက်ပျောက် သွားလေတော့သည်။

'ဟား....ဟား....ဟား'

မီးခိုးရောင် ဝတ်ထားသူက ဟားတိုက်ရယ်မောလိုက်လေသည်။

မန်ချူးခြောက်ယောက် မြေပေါ်၌ အတုံးအရုန်းလဲကျနေကြပါသည်။

မီးခိုးရောင်ဝတ်ထားသူသည် ဓားကိုပြန်လည်သိမ်းဆည်းထားလိုက်လေသည်။

ချန်းဖုံးဘက်သို့လှည့်ကာ ဦးညွှတ်လိုက်လေသည်။

'မိတ်ဆွေရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင်မသိတော့ပါဘူးဗျာ၊ မိတ်ဆွေသာအချိန်မီရောက်မလာရင်ကျုပ်တော့ မလွယ်ဘူးဗျ၊ ကျုပ်နာမည် လျှန်ဖုံးလို့ခေါ်ပါတယ်၊ မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်သလဲဆိုတာ သိပါရစေလားဗျာ'

ချန်ဖုံး အံ့သြသွားသည်။

ထိုလူ၏အမည်နှင့် သူ၏အမည်မှာ ခပ်ဆင်ဆင်တူနေသည် မဟုတ်ပါလား'

သိုင်းလောကတွင် သူ၏အမည်ကို လူအများကြားဖူးကြမည်ဖြစ်သော်လည်း လျှန်ဖုံးဆိုသော အမည်ကိုမူ ကြားဖူးကြလိမ့်မည် မဟုတ်ပါ။ သူကိုယ်တိုင်လည်း မကြားဖူးပါ။

သို့တိုင် မန်ချူးအား ချေမှုန်းခဲ့သူဖြစ်၍ မိတ်ဆွေ တစ်ယောက်အဖြစ် ဆက်ဆံဖို့ သူက ဝန်လေးနေမည် မဟုတ်ပါချေ။ လျှန်ဖုံးကလည်း ပြန်လည်ဦးညွှတ်လိုက်လေသည်။

'ကျုပ်နာမည် ချန်းဖုန်းလို့ခေါ်ပါတယ်ဗျာ'

လျှန်ဖုံး ဝမ်းသာအားရဖြစ်သွားသည်။

'မိတ်ဆွေဟာ ချန်းဂေဟာက သခင်လေးချန်းဖုံးလားဗျာ'

'ဟုတ်ပါတယ်'

'တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ မိတ်ဆွေရဲ့နာမည်ကို ကြားဖူးတာ ကြာပါပြီ၊ ကျုပ်ကတော့ မိတ်ဆွေလို ထင်





ရှားမှုမရှိတဲ့ အညာတရတစ်ယောက်ဖြစ်နေလို့ ကျုပ်ကို မိတ်ဆွေအဖြစ် လက်ခံနိုင်ပါ့မလားဗျာ'

ချန်းဖုံး လက်ကာပြလိုက်သည်။

'ဒီလိုမပြောပါနဲ့ဗျာ၊ ကျုပ်က အဆင့်အတန်းမခွဲခြားတတ်ပါဘူး၊ ကျုပ်တို့နှစ်ယောက် မိတ်ဆွေတွေ ဖြစ်နိုင်ပါတယ်ဗျာ'

'ကျုပ်ကို အသိအမှတ်ပြုတဲ့အတွက် မိတ်ဆွေကို ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ'

လျှန်ဖုံးက လှိုက်လှိုက်လှဲလှဲပြောလေသည်။

ချန်ဖုံးသည် မြေပေါ်၌လဲကြနေသည့် မန်ချူးများကို ညွှန်ပြကာ မေးလိုက်လေသည်။

'မန်ချူးတွေရဲ့သတင်းကို မိတ်ဆွေလဲ ကြားသိထားတယ် ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ.... မန်ချူးတွေဟာ ပြည်မကိုဝင်ပြီး သစ္စာဖောက်တွေနဲ့ ဆက်သွယ်နေတယ်ဆိုတဲ့သတင်း ကြားခဲ့ရပါတယ်၊ ကျုပ်က စုံစမ်းရင်း စားသောက်ဆိုင်လေးတစ်ဆိုင်မှာ ဆုံတွေ့ကြမယ်ဆိုတဲ့သတင်းကြားလို့ လိုက်လာခဲ့တာပါ'

ချန်းဖုံးက ထပ်မေးလိုက်လေသည်။

'ဒါထက် သူတို့အကြောင်းကို ခင်ဗျား ဘယ်လောက်သိထားသေးသလဲ ပြောပါဦး'

လျှန်ဖုံး ခေါင်းညိတ်လိုက်သည်။

'သူတို့ ဘယ်သူနဲ့ချိန်းထားသလဲဆိုတာ ကျုပ်သိတယ်'

'ဟင်'

ချန်းဖုံး အံ့ဩသွားလေသည်။

လျှန်ဖုံးအား စိုက်ကြည့်လိုက်သည်။

'ဘယ်သူနဲ့ချိန်းထားလလဲ ပြောပါဦး'

ချန်းဖုံး၏ အမေးစကားအဆုံးတွင် လျှန်ဖုံး၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

'မန်ချူးတွေဟာ လီစင်းဝါးဆိုလဲသိုင်းသမားကြီးနဲ့ချိန်း ထားတာပါ'

'ဘာပြောတယ်'

ချန်းဖုံး၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

သူလှုပ်လှုပ်ရှားရှား ဖြစ်သွားရသည့် အကြောင်းရင်းမှာ သိုင်းသမားကြီး လီစင်းဝါးသည် သိုင်းလောက တစ်ခုလုံး ကြည်ညိုလေးစားခြင်းခံရသော အဖြူရောင် သိုင်းသမား ကြီးတစ်ယောက် ဖြစ်လေသည်။ ချန်းဖုံး လုံးဝမယုံနိုင်ပေ

သိုင်းသမားကြီး လီစင်းဝါးနဲ့ချိန်းထားတယ်ဟုတ်လား

'ဟုတ်ပါတယ်ဗျာ'

'ခင်ဗျားပြောတာ ဖြစ်နိုင်ပါ့မလား၊ ဆရာကြီး လီစင် ဝါးဟာ သိုင်းလောကတစ်ခုလုံး ကြည်ညိုလေးစားခြင်း ခံ တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ မဟုတ်လား'





လျှန်ဖုံး သက်ပြင်းချလိုက်လေသည်။

'မိတ်သေ့မယုံဘူးဆိုရင် ကျုပ် လက်တွေ့ပြနိုင်ပါတယ်၊ ကျုပ်နဲ့လိုက်ခဲ့ပါလား'

ချန်းဖုံး ချက်ချင်းသဘောတူလိုက်သည်။

'ကောင်းပြီ ကျုပ်လိုက်ခဲ့မယ်'

'ဒါဖြင့် သွားကြစို့'

နှစ်ယောက်သား ထွက်သွားဟန်ပြင်လိုက်ကြ၏။

သို့သော်....

လျှန်ဖုံးက ခြေလှမ်းရပ်လိုက်သည်။

'ခဏနေဦး'

'ဘာဖြစ်လို့လဲဗျ'

ချန်းဖုံးက မေးလိုက်သည်။

လျှန်ဖုံးသည် လဲကျနေသော မန်ချူးအလောင်းများကို ညွှန်ပြလိုက်လေသည်။

'သူတို့မှာ ရွှေတွေအတော်များများပါလာတယ်၊ ကျုပ် တို့ ယူသွားကြတာပေါ့'

ချန်းဖုံး မျက်မှောင်ကြုတ်သွားလေသည်။

'ခင်ဗျားက ဒီပစ္စည်းတွေကိုမက်မောနေတယ်ဟုတ်လား'

လျှန်ဖုံး မျက်နှာပျက်သွားသည်။

'ကျုပ် မက်မောလို့ မဟုတ်ပါဘူးဗျာ၊ ဒီရွှေတွေကို အသုံးချစရာနေရာရှိလို့ပါ'

ချန်းဖုံး ခေါင်းညိတ်လိုက်သည်။
'ကောင်းပြီ....ယူလိုက်ပါဗျာ'
လျှန်ဖုံးက မန်ချူး ခေါင်းဆောင်ထံမှ ရွှေများကိုနှိုက်ယူလိုက်လေသည်။
ရွှေတုံးကလေးများ ရလိုက်လျှင် လျှန်ဖုံး၏မျက်နှာ ပြုံးရွှင်သွားလေသည်။
ရွှေတုံးကလေးများကို သူ၏အိတ်ထဲ သိမ်းကြုံးထည့်လိုက်သည်။

'ကဲ....သွားကြစို့'
ချန်းဖုံး သက်ပြင်းချလိုက်မိလေသည်။
လျှန်ဖုံးသည် ရွှေတုံးများကိုမက်မောနေခြင်းကား တင်ရှားလှပေသည်။
လျှန်ဖုံးသည် မည်သို့သောလူစားမျိုးဖြစ်ပါသနည်း။
ချန်းဖုံး၏ရင်ထဲ ထူးခြားသော ခံစားချက်များဖြစ်ပေါ်နေလေတော့သည်။

....❀....



## အခန်း (၃)

## လှည့်ကွက်

ကျင်းလိန်မြို့။
ကျင်းလိန်မြို့မ၏ တောင်ဘက်၌ ပန်းပေါင်း ဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ကုန်းလေးတစ်ခု ရှိလေသည်။ ထိုတောင်ကုန်းကလေးပေါ်တွင် ခန့်ညားထည်ဝါလှသော ...အိမ်ကြီးတစ်ခုရှိသည်။ သိုင်းဆရာကြီး လီစင်းဝါး၏စံအိမ် ဖြစ်လေသည်။
ချန်းဖုံးနှင့် လျှန်ဖုံးတို့ ခရီးပြင်း နှင်လာခဲ့ကြရာ သိုင်းဆရာကြီး လီစင်းဝါး၏ စံအိမ်သို့ ရောက်ရှိလာကြလေသည်။

လျှန်ဖုံးသည် စံအိမ်တည်ရှိရာ တောင်ကုန်းလေးအနီးသို့
ရောက်လျှင် ချန်းဖုံးအား ပြောလိုက်လေသည်။

'မိတ်ဆွေ....ဒီမှာခဏစောင့်နေပါ၊ ကျုပ်က လီစင်းဝ
ဆီကို သွားပြီး အကဲခတ်လိုက်ဦးမယ်'

ချန်းဖုံး အံ့ဩသွားသည်။

'ကျုပ်လိုက်ခဲ့တော့ကော ဘာဖြစ်လို့လဲ'

'ခင်ဗျားလိုက်လို့ မဖြစ်သေးဘူး၊ ခင်ဗျားကိုမြင်ရင် လ
စင်းဝါးဟာ မန်ချူးတွေနဲ့ ဆက်သွယ်တဲ့ သစ္စာဖောက်တ
ယောက်ဆိုတာ ဖော်ထုတ်လို့ရတော့မှာမဟုတ်ဘူး'

ချန်းဖုံး အနည်းငယ်စဉ်းစားပြီးမှ သဘောတူလိုက်လေ
သည်။

'ကောင်းပြီလေ....သိပ်မကြာစေနဲ့နော်'

'စိတ်ချပါဗျာ'

လျှန်ဖုံးသည် ချန်းဖုံးကို နှုတ်ဆက်ကာ ထွက်သွားလေ
သည်။

ထိုအချိန်မှစ၍ လျှန်ဖုံးကို မတွေ့ရတော့ပါ။

လျှန်ဖုံးသည် ချန်းဖုံးအားလှည့်စားကာ ထွက်သွားခြ
ဖြစ်သည်။

မန်ချူးများထံမှ ရွှေများကို အပိုင်စီးသွားသည်။

မန်ချူးတို့၏ အဆက်အသွယ်မှာ လျှန်ဖုံးပင်ဖြစ်နေ
တော့သည်။





တစ်လ။

နှစ်လ။

သုံးလ။

ချန်းဖုံးသည် လှည့်စားသွားသော လျှန်ဖုံးအား လိုက်လံ
ရှာဖွေခဲ့သည်မှာ ရက်မှလစားခဲ့ပြီဖြစ်ပါသည်။ လျှန်ဖုံးသည်
မြေလျှိုးမိုးပျံသွားသည့်အလား အစအန ရှာမရဘဲ ပျောက်
ဆုံးသွားခဲ့လေသည်။

ချန်းဖုံး အားလုံးဝဇွဲမလျှော့ဘဲဆက်လက်ရှာဖွေခဲ့သည်။
သို့ဖြင့် ခြောက်လဟူသောအချိန် ကုန်ဆုံးသွားသောအခါ
မမျှော်လင့်ဘဲ လျှန်ဖုံး၏ သတင်းကိုရလိုက်သည်။

ချန်းဖုံးသည် လျှန်ဖုံးအား ချိုက်ချင်းသွားရောက် ရှာဖွေ
ခဲ့လေသည်။

ငွေချိတ်လောင်းကစားဝိုင်း။

ချန်းဖုံးသည် ငွေချိတ်လောင်းကစားဝိုင်းအတွင်းသို့လှမ်း
ဝင်လိုက်သည်နှင့် ဆူဆူညံညံအသံများဖြင့် လောင်းကစားနေ
ကြသူများကို တွေ့မြင်လိုက်ရလေသည်။

ချန်းဖုံးက သိန်းငှက်တစ်ကောင်ကဲ့သို့ စူးရှတောက်ပ
သော မျက်လုံးများဖြင့်ရှာဖွေလိုက်သောအခါ မိန်းမချော
လေးနှစ်ယောက် ခြံရံလျက် အရက်သောက်ရင်း လောင်း
ကစားနေသော လျှန်ဖုံးကို တွေ့မြင်လိုက်ရလေသည်။

လျှန်ဖုံးသည် အရှုံးကြီးရှုံးနေပုံရသည်။ မျက်နှာကြီးနီရဲကာ အဆီပျံနေသည်ကို တွေ့ရလေသည်။ ချန်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'သစ္စာဖောက် မင်းဘယ်ပြေးမလဲ'

စိတ်ထဲမှကြုံးဝါးကာ လျှန်ဖုံး၏အမည်ကိုခေါ်လိုက်လေသည်။ နာမည်ခေါ်သံကြားသဖြင့် လျှန်ဖုံးက လှည့်ကြည့်ရာ ချန်ဖုံးကိုမြင်လျှင် အထိတ်တလန့် ဖြစ်သွားလေတော့သည်။

'ဟင်....ချန်းဖုံး'

ချန်းဖုံးက ရှေ့တိုးသွားသည်။

လျှန်ဖုံး ကပျာကယာ ထိုင်ရာမှထကာ ဓားဆွဲထုတ်လိုက်သည်။

'ချွမ်း'

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လာကာ လျှန်ဖုံး၏လက်ထဲ ဓားတစ်လက် ရောက်ရှိလာလေသည်။

ဤတွင် လောင်းကစားဂေဟာအတွင်း၌ ရှိနေသူများ ကပျာကယာနောက်ဆုတ်သွားကြလေသည်။ လောင်းကစားခန်းမအလယ်တွင် လျှန်ဖုံးနှင့်ချန်းဖုံးတို့ ရင်ဆိုင်မိလိုက်ကြလေသည်။ ချန်းဖုံးက လျှန်ဖုံးအား စိုက်ကြည့်လိုက်သည်။





'လျှန်ဖုံး....မင်းဟာ မြေခွေးတစ်ကောင်လို ပါးနပ်တယ် ကောက်ကျစ်စဉ်းလဲတယ်၊ မန်ချူးအဆက်အသွယ်ဟာမင်းပဲ ဆိုတာ ကျုပ်စုံစမ်းသိရှိပြီးပြီ၊ မင်းပြေးလို့ မလွတ်နိုင်တော့ပါဘူး'

'ဟား....ဟား....ဟား'

လျှန်ဖုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

'ချန်းဖုံး၊ ခင်ဗျားဟာ နာမည်ကျော်သိုင်းသမား တစ်ယောက်ဆိုပြီး ကျုပ်ကို လွယ်လွယ်နဲ့အနိုင်ရမယ် မထင်နဲ့၊ သိုင်းပညာနည်းတဲ့ကျုပ်ကို အထင်သေးကြတဲ့ ခင်ဗျားတို့လို နာမည်ကျော်သိုင်းသမားတွေကိုမှ ကျုပ်ကဆုံးမချင်နေတာကို မှတ်ထားစမ်းပါ'

ချန်းဖုံး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ မင်းဘယ်လောက်ဘတ်နိုင်မလဲကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ခါးမှဓားကိုဆွဲထုတ်လိုက်လေသည်။

လောင်းကစားဂေဟာအတွင်းမှာ ရှိနေသူများက ပို၍ဝေးဝေး ဆုတ်သွားကြလေသည်။ လျှန်ဖုံး အံတင်းတင်းကြိတ်လိုက်လေသည်။

'သေဖို့သာပြင်ထားပေတော့'

ကြုံးဝါးပြီး ချန်းဖုံးထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ချန်းဖုံးကလည်း ပြန်လည် တိုက်ခိုက်လိုက်ရာ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

....o....

'ဟူး.... ဟူး'

'ချွမ်း... ချွမ်း'

အဝတ်အစားလေတိုးသံများ၊ ခါး ခါးချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံများ ထွက်ပေါ်လာလေသည်။ လျန်ဖုံးနှင့် ချန်းဖုံးတို့က ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။ ချန်းဖုံး၏သိုင်းပညာသည် လျန်ဖုံးထက် အဆင့် မြင့်လေသည်။

ထို့ကြောင့် သိုင်းကွက်သုံးဆယ်ခန့် ယှဉ်ပြိုင်လိုက်သည်နှင့် လျန်ဖုံး အရေးနိမ့်သွားရလေသည်။

'ချွမ်း....ချွမ်း'

'အား'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာလေသည်။

လျန်ဖုံး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။





သူ၏ဝမ်းဗိုက်၌ သွေးချင်းချင်းနီရဲနေပြီး လက်ထဲမှခါးလည်း လွတ်ကျသွားပြီဖြစ်လေသည်။ ချန်းဖုံးက ဆက်လက် တိုက်ခိုက်ခြင်း မပြုပါချေ။

ခါးကိုရုပ်သိမ်းကာ လျန်ဖုံးအား စိုက်ကြည့်လိုက်လေသည်။

လျန်ဖုံးသည် ချန်းဖုံးအား မျက်လုံးကြီးပြူးကာ ကြည့်နေသည်။

'ခင်....ခင်ဗျား'

'ချန်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ပြောသားပဲ၊ မင်းဘာမှ မတတ်နိုင်ဘူးဆိုတာ၊ ကဲ....မင်းရဲ့ မန်ချူးအဆက်အသွယ်တွေအကြောင်းပြောစမ်းပါဦး'

လျန်ဖုံး မျက်နှာပျက်နေသည်။

'ကျုပ်....ကျုပ်'

'ကဲ....ပြော'

ချန်းဖုံးက ငေါက်လိုက်လေသည်။

သူ၏ခါးချက်မိသွားပြီဖြစ်၍လျန်ဖုံးမှာ ကြာကြာအသက်ရှည်နိုင်တော့မည်မဟုတ်ဟုယုံကြည်ထားလေသည်။ လျန်ဖုံးသည် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။

'ကျုပ်....ကျုပ်ကိုချမ်းသာပေးပါဗျာ၊ ကျုပ်....ကျုပ်'

ရုတ်တရက် သူ၏ မျက်ဝန်းအစုံမှမျက်ရည်များ စီးကျလာ၏။ အများရှေ့တွင် ဒူးထောက်ငိုကြွေးကာတောင်းပန်လိုက်သောအခါ ချန်းဖုံးပင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'မင်း'

'ကျုပ်ကိုချမ်းသာပေးပါဗျာ'

လျန်ဖုံးက တွင်တွင် တောင်းပန်နေသည်။

ချန်းဖုံးသက်ပြင်းချလိုက်သည်။

'မင်းဟာ သစ္စာဖောက်တစ်ယောက်ဖြစ်နေတာကြောင့် ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

'ကျုပ်....'

လျန်ဖုံးသည် ဒူးထောက်ရင်း ရှေ့သို့တိုးလာသည်။

ချန်းဖုံး၏ ခြေသလုံးကိုဖက်ကာ တောင်းပန်တိုးလျှိုးတော့မည့်သဘောရှိလေသည်။ အားလုံးက လျန်ဖုံးအား အထင်သေးသော အကြည့်ဖြင့်ကြည့်နေကြသည်။

ချန်းဖုံးလည်း တိုက်ခိုက်လိုစိတ်မရှိတော့ပါ။





'မန်ချူးတွေနဲ့ ဘယ်လိုအဆက်သွယ်ခဲ့သလဲဆိုတာ ပြောပြပါ၊ မင်းကိုချမ်းသာပေးလိုက်မယ်'

'ကျုပ်'

လျန်ဖုံး တုံတွေးမြိုချလိုက်သည်။

'ကျုပ် ပြောပြပါ့မယ်'

ချန်းဖုံး ကျေနပ်သွားသည်။

'ကောင်းပြီ....ပြောပါ'

'ကျုပ်ဟာ'

လျန်ဖုံးသည်တစ်စုံတစ်ခုပြောရန်ဟန်ပြင်ပြီး ရုတ်တရက် ထခုန်လိုက်သည်။

ထို့နောက် လက်နှစ်ဖက်ဝှေ့ယမ်းကာတိုက်ခိုက်လိုက်လေသည်။

'ဝှစ်....ဝှစ်'

လက်နက်ပုန်းသဖွယ် အပ်ကလေးများကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

ပျားပိုတုန်းကလေးများသဖွယ် ပစ်လွှင့်လာသော လက်နက်ပုန်းလေးများကြောင့် ချန်းဖုံးရင်ထဲထိတ်ကာ ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

လျှန်ဖုံးက ရလာသောအခွင့်အရေးကို လက်လွှတ်မခံဘဲ အနီးရှိပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ခန်း ထွက်လိုက်လေသည်။ ချွန်ဖုံး ဒေါပွသွားသည်။

'မင်းပြေးလို့ရမလား'

ကြုံးဝါးရင်း ပေါက်ခေါးလေးတစ်လက်ဖြင့် ပစ်ပေါက်လိုက်၏။

'အား'

စူးရှသော အော်ဟစ်သံထွက်ပေါ်လာလေသည်။

ထို့နောက်....

လျှန်ဖုံးမှာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။



# အခန်း ( ဂ )

## လုပ်ကြံခြင်း

အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများ ထွက်ပေါ်လာပြီဖြစ်ပါသည်။ တစ်ညတာ အချိန်ကုန်ဆုံးသွားပြီး နေ့သစ်တစ်နေ့ အစပျိုးနေပြီဖြစ်ပါသည်။

ချွန်းဖုံးသည် ငြိမ်သက်စွာထိုင်နေဆဲ။

စားပွဲပေါ်မှ ရေနွေးကြမ်းအိုးထဲ၌ ရေနွေးကြမ်းများ တစ်ဝက်မကျန်အောင် ကုန်သွားခဲ့ပြီဖြစ်ပါသည်။ ချွန်းဖုံးသည် တစ်ညလုံးရေနွေးကြမ်းကိုတစ်ခွက်ပြီးတစ်ခွက်သောက်ခဲ့ပြီ မဟုတ်ပါလား။ တစ်ညလုံးတွေးတောစဉ်းစားခဲ့သည်။

ချန်းဂေဟာအား ဒုက္ခပေးလိုသည့်ရန်သူများ မည်သူဖြစ်ပါသနည်း။ ဇနီးသည်ကျင်မေနှင့် ပတ်သက်ခဲ့သည့် ရှောင်ကောင်းပေလော၊ ရှောင်ကောင်းတော့ မဖြစ်နိုင်ဟု တွေးမိသည်။ ရှောင်ကောင်းမဟုတ်လျှင် မည်သူဖြစ်ပါသနည်း။

'လျန်ဖုံးလား'

လျန်ဖုံးသည်လည်း သူ၏ဓားချက်မိခဲ့သည့်အပြင် ထွက်ပြေးသွားသောအခါ ပေါက်ဓားတစ်လက် ထိမှန်သွားခဲ့သေးသည်။ လျန်ဖုံး သေဆုံးသွားလောက်ပြီဟု ယုံကြည်ထား၏။ လောင်းကစားဂေဟာ၌ ရင်ဆိုင်တိုက်ခိုက်ပြီးသည့်နောက် လျန်ဖုံး၏သတင်းအစအနကိုပင် မကြားရတော့ဘဲ လုံးဝပျောက်ဆုံးသွားခဲ့သည် မဟုတ်ပါလား။

ကျင်မေနှင့်ပတ်သက်သော ရှောင်ကောင်း။

သူနှင့်ပတ်သက်နေသော လျန်ဖုံး။

ချန်းဂေဟာအား ဒုက္ခပေးနိုင်သူမှာ ထိုလူနှစ်ယောက်သာ ရှိပါသည်။

ထိုလူနှစ်ယောက်စလုံးလည်း မဖြစ်နိုင်ပြန်ပါ။

ချန်းဖုံး ခေါင်းကုတ်လိုက်သည်။

'ချန်းဂေဟာကို ဘယ်သူက ဒုက္ခပေးချင်နေရတာလဲ'





အချို့သော ကိစ္စများသည် စဉ်းစား၍မရလျှင် မစဉ်းစားဘဲ ထားလိုက်တာက အကောင်းဆုံးဖြစ်သည်ဟု ချန်းဖုံးနားလည်ထားလေသည်။

ထို့ကြောင့် ဆက်လက်စဉ်းစားခြင်းမပြုဘဲ နေလိုက်လေသည်။

ထိုင်ရာမှထကာ အပျင်းဆန့်လိုက်သည်။

အခန်းတံခါးဖွင့်ကာ အပြင်ဘက် လှမ်းထွက်လိုက်လေသည်။

ယနေ့နံနက်....

ချန်းဂေဟာသည် ထူးထူးခြားခြား တိတ်ဆိတ်နေသည်ဟု ထင်မှတ်မိလေသည်။

ချန်းဖုံး မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လိုဖြစ်လို့ ဒီလောက်တောင်တိတ်ဆိတ်နေရတာလဲ'

ချန်းဖုံးသည် စင်္ကြံလမ်းအတိုင်း လျှောက်သွားလိုက်လေသည်။

ခြေလှမ်း ဆယ့်လေးငါးလှမ်းခန့် လှမ်းသွားပြီးသည်နှင့် ခြေလှမ်း တုန့်ခနဲ ရပ်တန့်သွားလေသည်။ အကြောင်းမှာ စင်္ကြံလမ်းပေါ်တွင် လဲကျနေသူတစ်ယောက် ရှိနေသည်ကို တွေ့ရခြင်းကြောင့် ဖြစ်လေသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ချန်းဖုံး သတိဝင်လာပြီး ချက်ချင်း ချဉ်းကပ်သွားကာ အကဲခတ်ကြည့်လိုက်သည်။

လဲကျနေသူမှာ ချန်းဂေဟာမှ အိမ်တော်သား တစ်ယောက် ဖြစ်ပါသည်။

ထိုအိမ်တော်သားကား သေဆုံးနေချေပြီ။

'ရန်သူ'

ရန်သူဟူသောအသိက ချန်းဖုံး၏ ဦးခေါင်းထဲချက်ချင်း ဝင်ရောက်လာလေသည်။

ချန်းဖုံးသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

ထိုအခါမှ မလှမ်းမကမ်း၌ လဲကျ သေဆုံးနေသော အလောင်းများကို တွေ့လိုက်ရပြန်သည်။ တစ်စုံတစ်ယောက်သည် ချန်းဂေဟာအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။ အစ်ကိုကြီး စင်းချန့်သတိပေးသွားသော စကားများမှာ သွေးထွက်အောင် မှန်ကန်နေပြီဖြစ်ပါသည်။

'ညီမ'

ချန်းဖုံးသည် ကျင်မေအတွက် စိုးရိမ်ကာ တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်လေသည်။





ကျင်မေ၏အခန်းအနီးသို့ရောက်လျှင်....

'အူဝဲ'

ကလေးငိုသံကြားထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ချန်းဖုံး ပို၍ပြီးထိတ်လန့်သွားလေသည်။

'ဝုန်း'

အခန်းတံခါးကို ခြေထောက်ဖြင့်ကန်ကျောက် ဖွင့်လိုက်၏။ တံခါးပွင့်သွားသည်နှင့် ချန်းဖုံးလည်း လေ၏လျင်မြန်မှုမျိုးဖြင့် အခန်းတွင်းသို့ရောက်ရှိသွားလေသည်၊ ဤတွင်အလွန်မ်းနည်းကြေကွဲစရာကောင်းသော မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

....❁....

## အခန်း (၉)

### ကျင်မေ့

ချန်းဖုံး၏ ဇနီးသည် ကျင်မေသည် နံရံကို ကျောမှီကာ ကြမ်းပြင်ပေါ်၌ ထိုင်နေ၏။ သူမ၏မျက်လုံးများပြူးကျယ်နေပြီး နှုတ်ခမ်းထောင့်မှ လည်းကောင်း၊ နှာခေါင်းထဲမှ လည်းကောင်း သွေးမည်းများ ယိုစီးကျနေလေသည်။ သူမသည် အလွန်ပြင်းထန်သော အဆိပ်ဖြင့် တိုက်ခိုက်ခံခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။





သူမသည် နံရံကိုကျောမှီထိုင်ရင်း အသက်ပျောက်သွားနေပြီဖြစ်သည်။ သူမ၏ရင်ခွင်ထဲ၌ မွေးကင်းစ ကလေးငယ်ချန်းလီကို ပွေ့ပိုက်ထားလေသည်။

ချန်းလီမှာ ကံကောင်းနေပါသေးသည်။

ရန်သူ၏လက်ချက်မမိသေးဘဲ အသက်ရှင်နေပြီး မိခင်၏ရင်ခွင်ထဲ၌ တဝါးဝါး ငိုကျွေးနေလေသည်။

'သား....'

'ညီမ'

ချန်းဖုံးသည် အသံကုန်ဟစ်အော်ကာ ပြေးသွားရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများ ပစ်လွှင့်လာလေသည်။

ချန်းဖုံး သတိကောင်း၍သာ တော်ပေသေးတော့သည်။

'ဟိတ်'

ဩသံတစ်ချက်ပေးရင်း လေထဲကျွမ်းပစ်ကာရှောင်တိမ်းလိုက်လေသည်။

လက်နက်ပုန်းကလေးများဖြစ်သော အပ်ကလေးများသည် သူ၏ရင်ဘတ်အောက်မှ ပွတ်ကာသီတာ ဖြတ်ကျော်သွားလေသည်။ ချန်းဖုံးသည် လက်နက်ပုန်းလေးများအားရှောင်တိမ်းပြီးသည်နှင့် ဓားမြှောင်တစ်လက်ထုတ်ကာလက်

နက်ပုန်းလေးများ ပစ်လွှင့်လာရာဆီသို့ ပြန်လည်ပစ်ပေါက်လိုက်လေသည်။

'ဝှစ်'

ချန်းဖုံးက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်အလစ်ချောင်းကာ တိုက်ခိုက်လာသူမှာ ဆက်လက်တိုက်ခိုက်ခြင်း မပြုနိုင်တော့ဘဲ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။ ချန်းဖုံးသည် သွားဖြစ်သူချန်းလီကိုပင်အမှုမထားနိုင်တော့ချေ။

ရန်သူကိုအလွတ်မပေးနိုင်သဖြင့် ပြတင်းပေါက်မှ တစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်လေသည်။နံနက်ခင်းနေရောင်ခြည်အောက်တွင် ပန်းဥယျာဉ်ဘက်သို့ ပြေးထွက်သွားသည့်လူရိပ်တစ်ခုကို တွေ့လိုက်ရလေသည်။

'ရပ်လိုက်'

ချန်းဖုံးက အော်ဟစ်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်။

ထိုလူသည်လည်း ရပ်တန့်ခြင်းမပြုဘဲ ဆက်၍ပြေးသွားလေသည်။ ချန်းဖုံးအံကြိတ်လိုက်သည်။

'ငါ့လက်က လွတ်အောင်ပြေးနိုင်ရင် လောကပေါ်မှာမင်းလောက်ကံကောင်းတဲ့လူ ရှိတော့မှာ မဟုတ်ဘူး'

မြေပေါ်ခြေဆောင့်ကာ လေထဲခုန်တက်လိုက်လေသည်။





လေထဲ၌ ကျွမ်းသုံးလေးပတ်ပစ်ကာ ထိုလူ၏ ဦးခေါင်းပေါ်မှ ဖြတ်ကျော်သွားပြီး ရှေ့ဘက်တွင် ခုန်ဆင်းလိုက်သည်။

မြေပေါ်ချေချသည်နှင့် သူ၏လက်ဝါး နှစ်ဖက်စလုံးကို ရှေ့သို့ဆန့်ထုတ်ကာ ထိုလူ၏ရင်ဝကိုရိုက်ချလိုက်လေသည်။ သူ၏လက်ချက်ဖြင့် ထိုလူ သေဆုံးသွားရလိမ့်မည်ဟု ချန်းဖုံး ယုံကြည်ထားလေသည်။

သို့သော်....

မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာ၏။ ထိုလူသည် ရုတ်ခြည်းပင် နောက်ဆုတ်လိုက်ပြီး လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

'ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများသည် ချန်းဖုံးထံသို့ တစ်ဟုန်ထိုးထိုးဝင်သွား၏။

ချန်းဖုံးရင်ထိတ်သွားသည်။ လက်ဝါးကို ရုပ်သိမ်းကာ ကပျာကယာ ရှောင်တိမ်းလိုက်သည်။ ထိုလူ၏လက်နက်ပုန်းလေးလေးတစ်စုံသည် သူ၏ဝဲဘက်လက်မောင်းကိုထိမှန်သွားလေသည်။ ချန်းဖုံး၏လက်မောင်းတွင် စစ်ခနဲ နာကျင်သွားလေသည်။

'ဟင်'

ချွန်းဖုံးသည် လက်မောင်းကိုကြည့်လိုက်သောအခါ အပ် ကလေးတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရလေသည်။

အပ်ကလေးမှာ ခရမ်းရောင်သမ်းနေသဖြင့် အဆိပ်မျာ သုတ်လိမ်းထားကြောင်း ပေါ်လွင်နေသည်။

'တောက်....ယုတ်မာလိုက်တာ'

ချွန်းဖုံး ဒေါသတကြီး အော်ငေါက်လိုက်လေသည်။

သို့သော် သူ၏အသံမှာ တုန်ယင်အက်ကွဲနေသည်။

ချွန်းဖုံးမှာ ကိုယ့်အသံကိုပင် ကိုယ်ပြန်မမှတ်မိနိုင်အော ဖြစ်သွားလေသည်။

သူ၏ ခြေလက်ခန္ဓာကိုယ် တောင့်တင်းလာသည်။

မျက်လုံးများ ရီဝေလာသလို ဦးခေါင်းထဲမှာနောက်က ရီဝေလာလေသည်။

'အဆိပ်က ကြောက်စရာကောင်းလှချည်လား'

ချွန်းဖုံး ထိတ်လန့်သွားသည်။

ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ မြေပေါ် ထိုင်ချက အတွင်းအားဖြင့် အဆိပ်များကို ညှစ်ထုတ်ပစ်ရန် ကြိုးစာ လိုက်လေသည်။

'ဟွား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံထွက်ပေါ်လာ၏။

အဆိပ်အပ်ဖြင့် တိုက်ခိုက်ခဲ့သူက ရှေ့တိုးလာသည်။





'ချွန်းဂေဟာသခင်ကြီး၊ သူရဲကောင်းချွန်းဖုံး ခင်ဗျား ကြိုးစားနေလို့ အပိုပါပဲဗျာ'

ချွန်းဖုံး ခံပြင်းသွားသည်။

'မင်းဘယ်သူလဲ၊ ဘာကြောင့်ချွန်းဂေဟာကို ဒုက္ခပေးရ တာလဲ'

ထိုလူက ထပ်မံရယ်မောလိုက်သည်။

'သိုင်းလောကသားတွေက ကျုပ်ရဲ့သိုင်းပညာ ညံ့တယ် ဆိုပြီး အထင်သေးကြတယ်လေ၊ ဒါကြောင့် ကျုပ်ကသိုင်း လောကတစ်ခုလုံး ကျုပ်ကို ကြောက်ရွံ့လာအောင် ကျုပ်ရဲ့ အဆိပ်အပ်ပညာကို ထုတ်ဖော်ပြသနေတာပါဗျာ'

ထိုစကားကြားလျှင် ချွန်းဖုံး အံ့ဩသွားလေသည်။

ထိုသို့ သဘောထားရှိသူတစ်ယောက်ကို သူ တွေ့ခဲ့ဖူးပါ သည်။

ထိုလူကို ချွန်းဖုံးသည် မျက်လုံးဖွင့်ကြည့်လိုက်သော်လည်း မျက်လုံးများ ပြာဝေနေသောကြောင့် ဘာဆိုဘာမျှမတွေ့ ရပါ။

နားထဲမှလည်း လေတဟူးဟူး ထွက်နေသဖြင့် စကား သံကို ကြားနေရသော်လည်း မည်သူမည်ဝါ၏အသံ ဖြစ် ကြောင်း ခွဲခြားနိုင်စွမ်းမရှိတော့ပါ။

'မင်းဟာ'

'ကျုပ်ကိုခင်ဗျားသိပါတယ်'

'ဟုတ်တယ် မင်းကိုငါသိတယ်'

'ကျုပ်က ခင်ဗျားကို ဘယ်တော့မှမမေ့ဘူး၊ ဒါကြေ
ချန်းဂေဟာကို ဖျက်ဆီးပစ်ခဲ့တာပေါ့၊ ခုဆိုရင် ချန်းဂေ
ကော သူ့ရဲ့ကောင်း ချန်းဖုံးဆိုတာကော သိုင်းလောက
မရှိနိုင်တော့ဘူးလေ'

'ဘောက်'

ချန်းဖုံး ဒေါသတကြီး တက်ခေါက်လိုက်သည်။

ထိုလူအား သူကောင်းကောင်းကြီး မှတ်မိလိုက်ပြီဖြစ်
သည်။

ထို အတူ ဘာမျှမတတ်နိုင်သည့်အခြေအနေလည်းရော
ရှိနေပြီဖြစ်ပါသည်။

'သား'

သူ၏ရင်ထဲ အသက်ရှင်နေသေးသော သားလေး ချန်း
အား တမ်းတမိလိုက်သည်။ ချန်းမိသားစုတွင် ချန်းလီ
ယောက်တည်း အသက်ရှင်လျက်ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ချန်းလီ၏အကြောင်းကို လုပ်ကြံသူမသိပါစေနှင့် စိတ်
ကျိတ်ပြီး ဆုတောင်းမိလေသည်။ သို့သော်ချန်းဖုံးဆုတော
မပြည့်ခဲ့ပါချေ။

'ချန်းဖုံး ချန်းဂေဟာမှာ ခင်ဗျားရဲ့ရင်သွေးလေး က
နေသေးတယ်၊ ကျုပ်ပင်ခုတ် ကျုပ်ငုတ်မကျန်ဆိုသလို သူ
ပါ ရှင်းပစ်ရဦးမယ်၊ ကဲ....ကျုပ်ကို ခွင့်ပြုပါဦးဗျာ'





'ရပ်လိုက်'

ချန်းဖုံးသည် အထိတ်တလန့်ဖြင့် ခုန်ထကာတိုက်ခိုက်ရန်
ကြိုးစားလိုက်လေသည်။

ထိုလူက လုံးဝဂရုမစိုက်ဘဲ ပြေးထွက်သွား၏။

ချန်းဖုံးက လေတိုးသံကြားရာဘက်သို့ ပြေးလိုက်သွား
ကာ တိုက်ခိုက်ရန်ကြိုးစားလိုက်လေသည်။

သူ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေပြီး လုံးဝထိန်းမနိုင်ပါ
ချေ။

လှုပ်ရှားလိုက်သည်နှင့်....

'ဝုန်း'

မြေပေါ်သို့ ခြေပစ်လက်ပစ် ပြန်လည်ပြုတ်ကျသွားလေ
သည်။

မြေပေါ်အရောက်တွင် ချန်းဖုံးအသက်ပျောက်သွားလေ
တော့သည်။

....❀....

## အခန်း (၁၀)

### သေကံမရောက် သက်မပျောက်

အဖြူရောင်ဝတ်ကာ မျက်နှာဖုံးစွပ်ထားသူသည် ဝုန်းခနဲ လဲပြိုကျသွားသောအသံကို ကြားလိုက်ရသဖြင့် နောက်လှည့် ကြည့်လိုက်လေသည်။

ချုံဖုံးက မြေပေါ်လဲကျကာ အသက်ပျောက်နေပြီ ဖြစ်သည်ကို တွေ့ရလျှင် သဘောကျစွာရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား သူ့ရဲ့ကောင်းကြီးချုံဖုံးလဲခုတော့ ဘာမှမတတ်နိုင်တော့ပါလား'

ထိုသို့ ရေရွတ်ပြီးလျှင် ချုံဂေဟာဆီသို့ ဦးတည်ကာ ကိုယ်ဖော့ပညာအသုံးပြု၍ ပြေးလွှား သွားလိုက်လေသည်။





ချုံဖုံး၏သား ချုံလီကိုသုတ်သင်ရှင်းလင်းပစ်ရန် တစ်ကျော့ပြန်သွားခြင်း ဖြစ်လေသည်။ မကြာပါချေ အဖြူရောင်ဝတ်ကာ မျက်နှာဖုံး စွပ်ထားသူမှာ ချုံဂေဟာသို့ ရောက်ရှိသွားလေသည်။

ချုံဂေဟာမှာ အပ်ကျသံကြားရအောင် တိတ်ဆိတ်ငြိမ် သက်နေ၏။ မျက်နှာဖုံးစွပ်ထားသူ ဂေဟာအတွင်းသို့ လှမ်း ဝင်လိုက်သောအခါ အတုံးအရုံး လဲကျသေဆုံးနေသော အလောင်းများကို တွေ့မြင်လိုက်ရလေသည်။

'ဟား....ဟား....ဟား'

မျက်နှာဖုံးစွပ်ထားသူက ဟားတိုက် ရယ်မောလိုက်လေ သည်။

ချုံဂေဟာမှလူများ သေဆုံးသွားကြသည်မှာ သူ၏ လက်ချက်မဟုတ်ပါလား။

'အူဝဲ....အူဝဲ'

ဂေဟာထဲမှ ငိုကြွေးသံများထွက်ပေါ်လာသည်ကိုကြား လိုက်ရလေသည်။

ချုံလီလေး အသက်ရှင်နေသေးကြောင်း ထင်ရှားပေါ် လွင်နေသည်။

မျက်နှာဖုံးစွပ်ထားသူ လက်သီးကျစ်ကျစ်ပါအောင် ဆုပ် ထားသည်။

'ကလေးလဲ ချမ်းသာမပေးနိုင်ဘူး'

ကြုံးဝါးရင်း ဂေဟာထဲသို့ ပြေးဝင်လိုက်လေသည်။

ထိုအချိန်မှာပင် ပြင်းထန်သောလေပွေလှိုင်းတစ်ခုနှင့် ရင်ဆိုင်လိုက်ရလေသည်။

'ဝှီး'

မျက်နှာဖုံးရှင် ရင်ထိတ်သွားလေသည်။

ကပျာကယာနောက်ဆုတ်ကာရှောင်တိမ်းလိုက်ရာ ဂေဟာအပြင်ဘက်သို့ ပြန်လည် ရောက်ရှိသွားလေသည်။ မျက်နှာဖုံးရှင် ထိတ်လန့်သွားကာ ကပျာကယာ လှမ်းကြည့်လိုက်လျှင် ဂေဟာထဲမှထွက်လာသူတစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။ ထိုသူမှာ အနီရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားပြီး ရင်ခွင်ထဲ၌ ကလေးငယ်တစ်ယောက်ကို ပွေ့ချီထားလေ၏။

ကံကောင်းထောက်မပြီး ချန်းလီလေးအား ကယ်တင်မည့်သူတစ်ယောက် ပေါ်ပေါက်လာပြီဖြစ်သည်။ ထိုအနီရောင်ဝတ်ထားသူမှာ စင်းချန်ဖြစ်လေသည်။ စင်းချန်၏ မျက်နှာသည် သူ၏အဝတ်အစားများကဲ့သို့ ရဲရဲနီနေလေသည်။

ဒေါသထွက်လွန်းသဖြင့် အသားများလည်းတဆတ်ဆတ်တုန်ယင်နေသည်။

'မင်း ရက်စက်လှချည်လား'

ကြုံးဝါးရင်း လက်တစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

'ဝုန်း'





ပြင်းထန်သော လေတိုးသံ ထွက်ပေါ်လာသည်။

လေပွေလှိုင်းတစ်ခုသည် မျက်နှာဖုံးရှင်ထံသို့ တိုးဝင်သွားလေသည်။

မျက်နှာဖုံးရှင် ကပျာကယာ နောက်ဆုတ် ရှောင်တိမ်းလိုက်ရပြန်လေသည်။

သူ၏အဆိပ်အပ်ပစ်သည့်ပညာမှာ ပြိုင်စံရှားသော်လည်း သိုင်းပညာကား သာမာန်အဆင့်သာသာရှိရကား စင်းချန်ကို မယှဉ်နိုင်ဘဲ ဖြစ်သွားလေသည်။

'ခွေးကောင် မင်းကို ငါအလွတ်မပေးဘူး'

စင်းချန်က ဒေါသတကြီးအော်ငေါက်ရင်း လက်ဝါးကို အဆက်မပြတ် ရိုက်ထုတ်ကာ ထပ်မံ တိုက်ခိုက်လာလေသည်။ စင်းချန် လက်ဦးနေပြီဖြစ်ရကား မျက်နှာဖုံးရှင်မှာ သူ၏အဆိပ်အပ်ကို ထုတ်ဖော်အသုံးပြုဖို့ အချိန်မရဘဲ ဖြစ်သွား၏။ အဆိပ်အပ်ကိုထုတ်သုံးရန် ကြိုးစားမည်ဆိုပါလျှင် စင်းချန်၏ လက်ဝါးရိုက်ချက်ကြောင့် သူအရင်ဆုံး ဒုက္ခရောက်မည် ဖြစ်လေသည်။ မျက်နှာဖုံးရှင် ဘာမှမတတ်နိုင်တော့ပါ။

မြေပေါ်ခြေဆောင့်ကာ နောက်သို့ခုန်ဆုတ် ရှောင်တိမ်းရင်း အဝေးသို့ရောက်အောင် ဆုတ်သွားလေသည်။

စင်းချန်က လိုက်လံတိုက်ခိုက်သော်လည်း ချန်းလီလေးကို လက်တစ်ဘက်က ပွေ့ချီထားရသဖြင့်မလွတ်လပ်ဘဲ ထင်သလို တိုက်ခိုက်ခြင်း မပြုနိုင်ခဲ့ချေ။

ထို့ကြောင့်....

'တစ်နေ့ ပြန်တွေ့ကြသေးတာပေါ့ဗျာ'

မျက်နှာဖုံးစွပ်က အောင်ပြောပြီး ထွက်ပြေးသွားသော အခါ မိအောင်မလိုက်နိုင်ပါတော့ချေ။ ထိုလူသည် ဝေး၍ ဝေး၍သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

လီလျှမ်း၏ဧည့်ခန်းမှာ ခမ်းနားထည်ဝါလှသည်။

စင်းချန်ရောက်လာသောအခါ အစေခံ တစ်ယောက်က ဧည့်ခန်းအတွင်း၌ နေရာထိုင်ခင်းပေးသည်။ စားသောက် ဖွယ်ရာများဖြင့် ဧည့်ခံသည်။ ဖခင်ဖြစ်သူ လီလျှမ်းထံ သွား ရောက် အကြောင်းကြားပေးလေသည်။

စင်းချန် ကြာကြာမစောင့်လိုက်ရပါ၊ လီကွမ်း ရောက်ရှိ လာလေသည်။ လီကွမ်းသည် ချန်းဖုံးကဲ့သို့ စင်းချန်၏ခင်မင် ရင်းနှီးသော မိတ်ဆွေတစ်ယောက် ဖြစ်လေသည်။

လီကွမ်းသည် စင်းချန်ကိုမြင်လျှင် ဝမ်းသာအားရ နှုတ် ဆက်လိုက်လေသည်။

'မိတ်ဆွေစင်းချန် ဘယ်လေ တိုက်ပြီး ရောက်လာတာလဲ ဗျာ၊ အရှေ့တိဘက်ကုန်းမြင့်က မိတ်ဆွေ့ရဲ့ဆရာဆီကို သွားနေ တာလား၊ ခုတလော ပျောက်ချက်သား ကောင်းလှချည် လားဗျာ'

စင်းချန် ခေါင်းခါယမ်းလိုက်သည်။

တက်လမ်း စာပေ



'ကျုပ် တိဘက်က ကျုပ်ဆရာ 'ချိမာ'ဆီကို မရောက်တာ အတော်ကြာပါပြီဗျာ၊ မိတ်ဆွေ တစ်ယောက်ကို လူတချို့က ဒုက္ခပေးမယ်ဆိုတဲ့သတင်းကြားလို့ နည်းနည်း အလုပ်ရှုပ်နေ တာပါ'

'ဘယ်သူများလဲဗျ'

လီကွမ်းက မေးလေသည်။

'ချန်းဂေဟာရှင် ချန်းဖုံးလေ၊ ခင်ဗျားလဲ ကြားဖူးမှာ ပေါ့'

'ဟာ....ကြားဖူးပြီလားဗျာ၊ တကယ့် သူရဲကောင်း တစ် ယောက်ပဲ မဟုတ်လား၊ သူ့ကို ဘယ်သူကများ ဒုက္ခပေးချင် ရတာလဲ'

စင်းချန်၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ် အယောင်များ ဖြစ်ပေါ်လာလေသည်။

'ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျတော့ မသိရသေးပါ ဘူး၊ ဒါပေမယ့် ချန်းဂေဟာ တစ်ခုလုံး လုပ်ကြံခံရတာကို ကြည့်ရင် လူသတ်တရားခံဟာ ဘယ်သူဘယ်ဝါဆိုတာ ရိပ်မိ သလောက်တော့ ရှိပါတယ်၊ ခုတလော.... သိုင်းလောကမှာ ကြိုကြားကြိုကြား ထွက်ပေါ်လာပြီး သောင်းကျန်းနေတဲ့ အဆိပ်အပ်အသုံးပြုတဲ့ မျက်နှာဖုံးရှင်ပါပဲ၊ သူ ဘယ်သူလဲဆို တာ မကြာခင်ထုတ်ဖော်နိုင်မှာပါ'

လီကွမ်း သက်ပြင်းချလိုက်သည်။

တက်လမ်း စာပေ

‘သိုင်းလောကမှာ အဆိပ်အပ် အသုံးပြုတဲ့ မျက်နှာဖုံးရှင် ထွက်ပေါ်လာလိုက် ပျောက်သွားလိုက်နဲ့ ဒုက္ခပေးနေတယ်ဆိုတာ ကျုပ်လဲ ကြားထားပါတယ်၊ ဒီလူကို စောစောစီးစီး ဖော်ထုတ်မဆုံးမနိုင်ဘူးဆိုရင် နောင်တစ်ချိန် သိုင်းလောကကြီး ဒုက္ခရောက်လိမ့်မယ်’

စင်းချန် ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်....သူ့ကို ဖော်ထုတ်ဆုံးမဖို့အရေးကြီးတယ်၊ ဒါပေမယ့်....’

‘ဘာဖြစ်လို့လဲဗျ....မိတ်ဆွေမှာ တခြားအရေးကြီးတဲ့ကိစ္စရှိနေသေးလို့လား’

‘ဟုတ်ပါတယ်ဗျာ’

ထိုစဉ်....

‘အူဝဲ’

ကလေးငိုသံ ထွက်ပေါ်လာလေသည်။

စင်းချန်၏ ကျောပိုးအိတ်ထဲမှ ဖြစ်သည်။

စင်းချန်သည် ကလေးငယ်ကို တယုတယထုတ်ယူကာ အသင့်ဆောင်ထားသော နို့ဘူးကို တိုက်ကျွေးလေသည်။ နို့စို့လိုက်ရသဖြင့် ကလေးငယ် ငိုသံတိတ်သွားသည်။

လီကွမ်း အံ့ဩသွားလေသည်။

‘သည်ကလေးဟာ’





‘ဒါ ကျုပ်မိတ်ဆွေချန်းဖုံးရဲ့သား ချန်းလီပါ။ သူ့ရဲ့မိဘတွေ မရှိတော့ဘူး၊ ဆိုတော့ သူကြီးပြင်းသည့်အထိ ကျုပ်ပဲ တာဝန်ယူ စောင့်ရှောက်သွားရမှာပေါ့၊ သူကြီးပြင်းလာရင် ကျုပ်တတ်မြောက်ထားတဲ့ ပညာကုန် သင်ပေးမယ်၊ ကျုပ်ဆရာရှိတဲ့ တိဘက်ကိုလွှတ်ပြီး မြေးတပည့်အဖြစ် အမွေဆက်ခံခိုင်းမယ်၊ နောင်တစ်နေ့မှာ ချန်းလီလေးဟာ သိုင်းလောကမှာ ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်လာရစေ့မယ်၊ သူ့မိဘတွေကို သတ်သွားတဲ့ လူသတ်သမားကို ဖော်ထုတ်ဆုံးမနိုင်စေရမယ်’

စင်းချန်က အားမာန်အပြည့်ဖြင့် ပြောလေသည်။

လီကွမ်းက ခေါင်းညိတ်လိုက်လေသည်။

‘ကျုပ်ကလည်း ချန်းဂေဟာရှင်ကို လေးစားပါတယ်ဗျာ၊ သူ့ရဲ့သားဟာ ကျုပ်သမီးလေး လီဝါနဲ့ ကစားဖော်တွေဖြစ်လာနိုင်တာပေါ့၊ ကျုပ်ကလည်း တတ်နိုင်သလောက် ကူညီစောင့်ရှောက်သွားမယ်လို့ ကတိပေးပါတယ်ဗျာ’

စင်းချန်းက ဦးညွှတ်လိုက်သည်။

‘ကျေးဇူးပါပဲဗျာ ကျုပ်အ[illegible]လာခဲ့တာဟာလည်း တောင်ပေါ်မှာ ကျုပ်နေထိုင်တော့မှာမို့ ကလေးနဲ့ပတ်သက်တဲ့ အကူအညီကို မိတ်ဆွေဆီမှာ တောင်းခံချင်လို့ပါ’

‘စိတ်ချ ဘယ်အကြောင်းရှိရှိ လာခဲ့ပါဗျာ ကျုပ် ကူညီပါ့မယ်’

လီကွမ်းက ကူညီမည်ဆိုလျှင် ချန်လီလေးအား ကြီးပြင်းသည်အထိ မွေးမြူသွားရန် အဆင်ပြေသွားပြီဟု စင်းချန်းယုံကြည်လိုက်လေသည်။

လီကွမ်းကိုလည်း ကျေးဇူးတင်မဆုံးအောင် ဖြစ်သွားရလေတော့သည်။

....o....

သို့ဖြင့်....

စင်းချန်သည် ချန်လီလေးအား ပြုစုစောင့်ရှောက်ခဲ့သည်။

သိုင်းပညာ သင်ကြားပေးခဲ့သည်။

တစ်ဘက်မှလည်း မျက်နှာဖုံးရှင်အကြောင်းကိုစုံစမ်းခဲ့၏။

နေ့....ရက်... လ အလီလီ ကုန်ဆုံးသွားသောအခါ....

အရှေ့ဘက်တောင်ကုန်းဘက်ဆီမှ မြင်းနှစ်ကောင်နှင့် လူနှစ်ယောက် ခပ်မှန်မှန်ကလေး မြင်းကိုနှင်လာသည်။ ခရီးဝေးမှ လာရောက်ခဲ့သည့်အသွင်မျိုးဖြင့် မြင်းနှင့်လူမှာ မောပန်းနွမ်းနယ်လျက်ရှိ၏။

တဖြည်းဖြည်းနှင့် လာခဲ့ရာ တောအုပ်ကလေးအတွင်းသို့ ရောက်လာခဲ့သည်။ တောအုပ်ကလေးမှာ အေးချမ်းသာယာလျက်ရှိသည်။ လေပြေလေညင်းကလေးများ တိုက်ခတ်နေပြီး သစ်ပင်ဝါးပင်များ ထိခတ်သံမှာ သာယာနာပျော်ဖွယ် ကောင်းလှသည်။

တက်လမ်း စာပေ



မြင်းစီးသမားနှစ်ဦးသည် ခပ်မှန်မှန်စီးနေရာမှ အမောပြေလာသဖြင့် မြင်းကိုပိုမို၍အရှိန်ပြင်းကာ ဒုန်းစိုင်းလိုက်ကြပြန်သည်။ ထိုစဉ် ဒုန်းစိုင်းပြေးလာသော မြင်းနှစ်ကောင်၏ရှေ့တည့်တည့်သို့ အရိပ်သဏ္ဌာန်တစ်ခု ရိပ်ခနဲ ထိုးကျလာသည်။

အရိပ်သဏ္ဌာန်ရှင်မှာ တစ်ကိုယ်လုံး မည်းနက်လျက်ရှိ၏။ မျက်နှာကိုလည်း မျက်နှာဖုံးတစ်ခုစွပ်ထားသည်။ထို့ကြောင့် ထိုသူသည် မည်သူမည်ဝါဖြစ်ကြောင်းကို မည်သူမှမသိရှိနိုင်ပေ။ ထိုစဉ် မြင်းနှစ်ကောင်သည် တုံ့ခနဲ ရပ်သွားသည်။ ပတတ်ရပ်ကာ ပါးစပ်မှလည်း ကျယ်လောင်စွာ မြည်ဟည်းလိုက်လေသည်။ ချန်ချူးသည် သူ၏အဖေ ဒုတိယအဖွဲ့ခေါင်းဆောင် ကျင်တီအား လှည့်ကြည့်လိုက်သည်။

ကျင်တီမှာ ရုတ်တရက်မြင်းပေါ်မှပြုတ်ကျကာ မြေပြင်၌ဆန့်ဆန့်ကြီး သေဆုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ချန်ချူးမှာ အလွန်ကြောက်ရွံ့သွားလေသည်။

ထို့ကြောင့် သူကမျက်နှာဖုံးစွပ်ထားသော ဝတ်စုံနက်နှင့်လူအား လှမ်းမေးလိုက်သည်။

'ဟေ့....မင်းဘယ်သူလဲ၊ ငါ့အဖေကို မင်းဘာကြောင့်သတ်လိုက်ရတာလဲကွ'

မှန်သည်။

တက်လမ်း စာပေ

ကျပ်တိကိုသတ်လိုက်သူမှာ မျက်နှာစုံးစုပ်နှင့်လူပင် ဖြစ်သည်။ သူ၏လုပ်ရှားမှုမှာ အလွန် လျင်မြန်လွန်းလှသည်။ ထို့ကြောင့်ပင် သူ၏အပြုအမူကို မည်သူမှသိနိုင်မည်မဟုတ်။

ဝက်စုံနက်နှင့်လူက...

'ကျုပ်သူ့ကိုသတ်လိုက်တာဟာ အကြောင်းရှိလို့ပေါ့ဗျ၊ နောက်တစ်ယောက်ကိုသတ်ဖို့ကတော့ ခင်ဗျားတစ်ယောက်ပဲ ကျန်တော့တယ်'

ထိုလူ၏စကားကြောင့် ချန်ချူးမှာ မျက်မှောင်ကြုတ်သွားသည်။ နောက် ချန်ချူးသည် သဘောကျစွာ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား'

'မင်းက ငါ့ကိုလွယ်လွယ်နဲ့သတ်နိုင်မယ် ထင်နေသလား၊ မင်းမှားသွားမှာပေါ့၊ ငါလိုလူမျိုးကို မင်းယှဉ်ရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမှာပေါ့ကွ၊ ဟား...ဟား...ဟား'

ထိုအခါ ဝတ်စုံနက်နှင့်လူက....

'ကျုပ် ခင်ဗျားကို ယှဉ်စရာတောင်မလိုဘူး မယှဉ်ပဲနဲ့ကို နိုင်ပြီးသားပါဗျ၊ ခင်ဗျားသိပ်လဲ အပြောကြီးမနေပါနဲ့'

ချန်ချူးသည် မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းလိုက်သည်။

ထိုအခိုက်မှာပင်အဝါရောင်အလင်း တန်းတစ်ခု ရုတ်တရက် ဖြစ်ပေါ်သွားသည်။ ထိုအရာကား ခသမင်းတမန်အဆိပ်အပ် တစ်ချောင်းပင်။





ချန်ချူး၏ ကြံခိုင်သော ခန္ဓာကိုယ်ကြီးသည်ငှက်ပျောတုံး ကြီး တစ်ခုပမာ မြေပြင်ပေါ်သို့ စုန်းခနဲလဲကျသွားသည်။

ထိုအခါ ဝတ်စုံနက်လူသည် အားရကျေနပ်စွာရယ်မော လိုက်သည်။

'ဟား...ဟား...ဟား...ဟားး သိပ်လဲအပြောမကြီးပါနဲ့ ဗျာ၊ ကျုပ်ပြောတဲ့စကားကို ခင်ဗျားလက်ခံသွားပြီမဟုတ် လား ချန်းချူး၊ ဒီလိုပဲဖြစ်ရမယ်လေဗျာ၊ ဟား-ဟား-ဟား'

ချန်းချူးမှာ ချက်ချင်းမသေသေးပေ။

သူသည် ဝေဒနာကို ကြိတ်မှိတ်ခံစားနေသည်။ စိတ်မှ လည်း ထိုသူကို မကျေမနပ်ဖြစ်နေသည်။

သူသည်။ ချက်ချင်းပင် သူ၏အင်္ကျီကိုဆွဲဖြဲကာ ညာဘက် ရင်အုံကို ငုံ့ကြည့်လိုက်သည်။ အနီရောင် ဒဏ်ရာတစ်ခုသည် တဖြည်းဖြည်းချင်း အဝါရောင်သို့ ကူးပြောင်းလာနေသည် ကို သတိထားမိလိုက်သည်။

'ဟင်...မင်း ...မင်း အဆိပ်အပ်ရှင်ပါလား'

ထိုအခါ ဝတ်ရုံနက်နှင့်လူက—

'ဟုတ်တယ် .... ခင်ဗျားပြောတဲ့အတိုင်းပဲ၊ ကျုပ်ဟာ အဆိပ်အပ်ရှင်ပေါ့၊ ဧရာမရောဘူး'

'ဒါဆို မင်း....မင်း....ဘာလိုချင်လို့လဲ'

'ခင်ဗျားလည်ပင်းမှာ ဆွဲထားတဲ့ ပတ္တမြားလည်ဆွဲ'

'ဘာ'

ချွန်းချူးသည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ ချွန်းချူးသည် မျက်နှာတစ်ခုလုံးနီမြန်းကာ အလွန်ဒေါသထွက်နေလေသည်။

'ဒီမှာ ကျုပ်က တစ်ကိုယ်တော် ဓားပြတစ်ယောက်ပဲဗျာ ဒီလောက်တော့ စွန့်စားဝံ့ရမှာပေါ့၊ မဟုတ်ဘူးလားဗျာ'

'မပေးနိုင်ဘူးကွ၊ မပေးနိုင်ဘူး၊ ဒီတန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားလည်ဆွဲဟာ မင်းနဲ့ဘာမှမဆိုင်ဘူး။ မင်းနဲ့ကော တူလို့လား၊ တန်လို့လားကွ'

အဆိပ်အပ်ရှင် အားပါးတရ ရယ်မောလိုက်ပြန်သည်။

'ဟား....ဟား....ဟား'

ထိုသို့ရယ်မောလိုက်ပြီးနောက်စကားကိုဆက်ပြောလိုက်၏

'ခင်ဗျားက ဒီပတ္တမြားလည်ဆွဲကို အသက်ထက်တောင် တန်ဖိုးထားသလားဗျ ဟဲ....ဟဲ....ဟဲ၊ ခင်ဗျား၏ ညာဘက် ရင်အုံကိုလဲတဆိတ်လောက်ပြန်ပြီးငုံ့ကြည့်လိုက်ပါဦး၊ အာ ရောင် သမ်းလာရင်တော့....'

အဆိပ်အပ်ရှင်ဘွဲ့ခံ တစ်ကိုယ်တော် ဓားပြကြီး၏စကားက ရုတ်တရက် ပြတ်တောက်သွားသည်။

ချွန်းချူး၏ ခန္ဓာကိုယ်သည် တစ်ချက်မျှတွန့်၍လှုပ်ခါသွားပြီး ငြိမ်ကျသွားသောကြောင့်ပင်ဖြစ်သည်။

ချွန်းချူးကား လုံးဝငြိမ်သက်သွားပြီး ဘာမလွန်ဘဝသို့ ကူးပြောင်းသွားပြီဖြစ်လေသည်။





သိုင်းလောကကြီးတစ်ခုလုံး ဆူဆူညံညံအုံးအုံးကျက်ကျက် ဖြစ်၍နေသည်။ အဘယ်ကြောင့်ဆိုသော် အဆိပ်အပ်ရှင် တစ်ကိုယ်တော် ဓားပြကြီး၏ အလွန် ပက်စက်ယုတ်မာသော သတင်းကိုကြားရသောကြောင့် ဖြစ်သည်။ သိုင်းအဖွဲ့များ၊ ဂိုဏ်းဂဏများမှ အကြီးအကဲများကိုယ်တိုင် ထိပ်လန့်တကြား ဖြစ်ကြရသည်။

အဆိပ်အပ်ရှင်တစ်ကိုယ်တော်ဓားပြကြီးကိုစိတ်ဝင်တစား ဖြင့် စုံစမ်းထောက်လှမ်းနေကြသည်။

အမှန်ပြောရလျှင်ကား...

အဖွဲ့အကြီးအကဲများကိုယ်တိုင် ကျီးလန့်စာစား ဖြစ်နေကြ ရ၏။ ထိတ်လန့် ကြောက်ရွံ့နေကြရ၏။

ထိုအဆိပ်အပ်ရှင်ကား မည်သူနည်း။

ထိုအဆိပ်အပ်ရှင် တစ်ကိုယ်တော် ဓားပြကြီးကား မည် သည့်အဖွဲ့ကနည်း။ အဘယ်အကြောင်းကြောင့် ယခုကဲ့သို့ လှုပ်ရှားလုပ်ကိုင်နေရပါသနည်း။ ထိုကိစ္စနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ထိုအဆိပ်အပ်ရှင်အား တိတိ ကျကျ ဖော်ထုတ်နိုင်စွမ်း မရှိကြသေးပေ။

ထိုပုဂ္ဂိုလ်သည် အလွန်စိတ်ဝင်စားဖွယ် ကောင်းပေ၏။

ထို့အတူ....

အလွန်မှလည်း ထူးဆန်းအံ့ဩဖွယ် ကောင်းနေပေတော့ သည်။

## အခန်း (၁၁)

ဟိုးအရှေ့ဘက်သို့ လှမ်းကြည့်လိုက်လျှင် သစ္စာန်တစ်ခုသည် ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ ထိုသစ္စာန်သည် အလွန်မြင့်မားသော တောင်တန်းကြီးများနှင့်သစ်ပင်ကြီးများသည် သူ့လောက်မမြင့်ပေ။ သူသည် မိုးတိမ်ကိုထိုးဖောက်၍ မိုးပေါ်သို့ပင် တက်တော့မည့်အလား မှားမားကြီး ရပ်တည်လျက် ရှိနေပေသည်။ ထိုသစ္စာန်သည် သေသေချာချာ ကြည့်မည်ဆိုလျှင်တော့ လူတစ်ယောက်မတ်တပ်ရပ်နေသည့်နှယ်....။

ထိုသို့ဆိုလျှင် ထိုအရာသည် လူထူးလူဆန်း တစ်ယောက်လား၊ သို့မဟုတ်....





အလွန်အံ့သြဖွယ်ကောင်းသည့် လူရှည်ကြီး တစ်ယောက်လား။

သာမန်အားဖြင့် တွေးစရာရှိသည်မှန်သော်လည်း စင်စစ်တွင်မူကား ထိုအရာသည် အလွန် အံ့သြဖွယ်ကောင်းသော လူထူးလူဆန်းတစ်ယောက်မဟုတ်ပါ။ လူရှည်ကြီးတစ်ယောက်လည်း မဟုတ်ပါ။

သူသည် အလွန်မြင့်မားသော တောင်ကတုံးကြီးတစ်ခုပေါ်တွင် မားမားမတ်မတ် ရပ်နေခြင်းသာလျှင်ဖြစ်သည်။

အလွန်ပြင်းထန်သော လေပြင်းမုန်တိုင်းတို့သည် သူ၏တစ်ကိုယ်လုံးကို ရိုက်ခတ်တိုက်ခတ်နေသော်လည်း ထိုအရာကား တုတ်တုတ်မျှမလှုပ်ချေ။ တောင်ခြေနှင့်စာလျှင် တောင်ပေါ်လေသည် ပို၍အေးကာ ပို၍အားပါလှသည်။ အလွန်လည်း ကြောက်စရာကောင်းသည်။ သို့သော်လည်း ထိုသူကား ထိုပြင်းထန်သောလေတို့နှင့်အတူ လွင့်ပါသွားခြင်းမရှိ၊ ဆယ်နှစ်လုံးလုံး သူထိုအတိုင်းရှိနေခဲ့သည်။ သူသည်ထိုအတောအတွင်း လှုပ်ရှားယိမ်းယိုင်ခြင်း အလျဉ်းမရှိချေ။ ထိုမျှပင်မကသေး ထိုင်ခြင်း လဲလျောင်းခြင်းဖြင့် လုံးဝမပြုခဲ့။

နေ့နေ့၊ မိုးမိုး၊ ဆောင်းဆောင်းဆိုတဲ့....

ဥတုတွေ ဘယ်လိုပြောင်းပြောင်း သူကား မပြောင်းလဲခဲ့ပေ။ လေဒဏ်၊ နေဒဏ်၊ မိုးဒဏ်၊ ဆီးနှင်းဒဏ်တို့လို ကြံ့ကြံ့

ခံရင်း သူသည် ထိုအတိုင်း ရပ်တည်ခဲ့သည်မှာ ယခုရက်နှင့် ဆိုပါလျှင် ဆယ်နှစ်တိတိရှိခဲ့လေပြီ။

ထိုကိစ္စသည် ဆန်းနေသလား....

ထိုအပြုအမူသည် ထူးနေသလား....

ထိုကိစ္စသည် အကြမ်းဖျင်းအားဖြင့်မူ ဆန်းကျယ်နေသရောင်ထင်ရ၏။ ကြမ်းနေသယောင်ထင်ရ၏။ သို့သော် မဆန်းပါ၊ မထူးပါ။

အဘယ့်ကြောင့်ဆိုမူ သူသည် သက်ရှိထင်ရှားနေသည့်လူ တစ်ယောက်မဟုတ်သောကြောင့်ပေ။

ထိုသူကား မတုန်မလှုပ် ကျောက်ဆစ်ရုပ်တု တစ်ခုပင် တည်း။

....o....

နေသည် ခြစ်ခြစ်တောက်အောင် ပူပြင်းနေသည်။ ဤ နှစ်နေသည် အခြားနှစ်များထက် ပို၍ပူသည်ဟု ထင်ရသည်။ စုချင်းတောင်ကတုံးကြီးသည် မီးတောင်တစ်ခုမဟုတ်။ သို့ သော် မီးတောင်ကဲ့သို့ အခိုးအငွေ့များ တငွေ့ငွေ့ထွက် နေသည်ဟု ထင်ရသည်။ ခြစ်ခြစ်တောက်ကာ ပူနေသော အချိန်ကြောင့် တံလျှပ်များ ထွက်ပေါ်နေသည်။

ထိုအချိန်တွင် တောင်ပေါ်တွင် လေပူတစ်ချက်မွှေ့လိုက် သည်။





'ဟူး....နေကလဲ တအားပူ၊ ဒီကြားထဲ လေပူကလဲ တိုက် နေပါသေးလား'

လူငယ်တစ်ယောက်သည် ကျောက်ဆစ်ရုပ်ထုဘေးတွင် ထိုင်ကာ ညည်းတွားလိုက်၏။ သူ၏မျက်နှာတစ်ခုလုံးသည် နေပူလေပူရှိန်ကြောင့် ချွေးတဒီးဒီးကျကာ နီမြန်းလျက် ရှိသည်။ ထိုလူငယ်ကို အဝေးကကြည့်လျှင် မီးစွဲလောင်နေ သော လူငယ်တစ်ယောက်ဟု ထင်ရပေမည်။ သူ့တစ်ကိုယ် လုံးသည် ရဲရဲတောက်နေသောကြောင့်ဖြစ်သည်။ ထိုလူငယ် သည် ရဲရဲတောက်နေသော ဝတ်စုံနီကိုဝတ်ဆင်ထားသော ကြောင့်ဖြစ်သည်။

ထိုလူငယ်ကား မည်သူနည်း။

ထိုကျောက်ဆစ်ရုပ်ဘေး၌ အဘယ်ကြောင့် ထိုင်နေရ သနည်း။ သူကား တစ်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ဦးဖြစ် သည်။ သူ၏အမည်ကား ချွန်းလီဖြစ်လေသည်။ သူသည် ဤတောင်ကတုံးပေါ်သို့ နှစ်တိုင်းရောက်ရှိခဲ့သည်။ ယခုလည်း ထုံးတမ်းစဉ်လာအရရောက်ရှိခဲ့ခြင်းဖြစ်သည်။ ချွန်းလီအမည် ရှိ ဤလုလင်သည်....

ထိုကျောက်ဆစ်ရုပ်နှင့် မည်သို့ပတ်သက်နေသနည်း။ ရှင်း ပါသည်။ ထိုကျောက်ဆစ်ရုပ်သည် တစ်ချိန်က သူ့ဆရာဖြစ် ခဲ့၏ ကျောက်ဆစ်ရုပ်တု၏ အသက်ရှင်စဉ်ကာလ၏ အမည် မှာ စင်းချွန်ဖြစ်သည်။

ချုန်းလီသည် သူ၏ဆရာဖြစ်သူ ကျောက်ဆစ်ရုပ်အားတွင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည်။ ထိုသို့ထိုင်နေခြင်းမှာကား စိတ်ပြေလက်ပျောက်ထိုင်နေခြင်းမဟုတ်ပါ။

သူ၏ဆရာ ကျောက်ဆစ်ရုပ်စင်းချန့်အားဝတ်ပြုကန်တော့နေခြင်းပင်ဖြစ်၏။

သူ၏နှုတ်ခမ်းအစုံမှာလိပ်ပြာတောင်ပံခတ်သကဲ့သို့တတွတ်တွတ် လှုပ်ရှား၍နေသည်။ သူတစ်စုံတစ်ခုကို ရွတ်ဆိုနေသည်။ သူဘာကိုရွတ်ဆိုနေပါသနည်း။ သူသည်ဆရာစင်းချန်နှင့်ပတ်သက်၍ တစ်စုံတစ်ခုသော လျှို့ဝှက်ချက်လည်း ရှိနေမှာသေချာနေသည်။

သူ၏ စိတ်ခံစားမှုကိုသူတစ်ယောက်မှလွဲ၍ မည်သူမှသိနိုင်လိမ့်မည် မဟုတ်။ သူသည် တစ်စုံတစ်ခုကိုရွတ်ဆိုနေသည်မှာ သေချာပါသည် သူရွတ်ဆိုနေသော အကြောင်းအရာမှာ ဤသို့ဖြစ်နေလေသည်။

'အစကိုမသိခဲ့ရသော်လည်းကျွန်ုပ်သည်အဆုံးကိုသိအောင် ကျွန်ုပ်ရှာဖွေပါမည်။ နိဒါန်းဆုံးလျှင် စာကိုယ်သို့ ရောက်ပါမည်။ လမ်းဆုံးလျှင် ရွာကိုတွေ့မည်။ လမ်းအစကို မသိသော်လဲ လမ်းအဆုံးနှင့်ရွာကိုတွေ့အောင် ကျွန်ုပ်ရှာပါမည်၊ ဆရာသခင် ကျွန်ုပ်ကိုခွင့်ပြုတော်မူပါ'

ဟူ၍ ဖြစ်သည်။





ထိုစဉ် သူ၏နောက်ဘက်မှလေတိုးသည်ကို ခံစားလိုက်ရသည်။ ထို့နောက် ခြေသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။ သူသည် နှုတ်မှရွတ်ဆိုခြင်းကို ရပ်လိုက်သည်။ သူ့အနားသို့လူတစ်ယောက် လျှောက်လာနေသည်။ ထိုလျှောက်လာသူကို လှည့်မကြည့်ပါ။ သို့သော်လည်း ထိုလူကို သူသိနေသည်။

ထိုလူကသူ့ကို....

'အစ်ကို ပြန်ကြစို့'

သူလှည့်မကြည့်ဘဲ ကျောက်ဆစ်ရုပ်ဘုဘေးမှ ထလိုက်သည်။ ပြီးမတ်တတ်ရပ်လျက်ပင် ဤသို့သစ္စာပြုပြန်လေသည်။

'ဆရာသခင် ကျွန်ုပ်သည် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ဆရာမိန့်မှာခဲ့သည့်အတိုင်း ကျွန်ုပ်သည် သိုင်းလောကသို့ ဝင်ရောက်ပါတော့မည်၊ မကောင်းသူကိုဖယ်၍ ကောင်းသူကိုကယ်ဆယ်ပါမည်၊ ဆရာ့လိုအင်ဆန္ဒအတိုင်း ပြည့်ဝအောင်ဆောင်ရွက်ပါမည်ဟု ကတိပေးပါသည်။ ထိုသစ္စာကို အသက်နှင့်ထပ်တူပြု၍လည်း စောင့်ထိန်းပါမည်၊ ဆရာမကွယ်လွန်မီက မှာခဲ့သည့်အတိုင်း အမှန်တရားကိုသာ ကျွန်ုပ်ဆောင်ရွက်ပါမည်ဟု သစ္စာပြုပါသည်။ ဆရာသခင်ကျေးဇူးရှင်ခင်ဗျား'

'အစ်ကို ပြန်မယ်လေ'

ချန်းလီသည် နေရာမှစတင်လှုပ်ရှားသည်။ သူ၏ခြေလှမ်းတို့သည် လေးလံထိုင်းမှိုင်းကာ အလွန်နှေးကွေးလှသည်။ သူသည် နောက်သို့တစ်ချက်မျှပင် လှည့်ကြည့်ခြင်းမရှိပေ။ သူ့နောက်တွင်လည်း လူတစ်ယောက်ပါလာသည်။

ထိုသူကား တစ်ချိန်တုန်းက သိုင်းဆရာကြီး ဖြစ်ခဲ့သူ လီကုမ်း၏သမီးချောကလေး လီဝါပင်ဖြစ်လေသည်။ လီဝါသည် အပျိုဖော်ဝင်ကာစသူကလေးဖြစ်ပြီး သဘောမနော ကောင်းသူလေးပင်ဖြစ်သည်။ အသားအရည်မှာ ဝင်းဝါ၍ ရွှေလိုဥလို့ပင်နေသည်။

တောင်လယ်သို့ရောက်သောအခါမှ ချန်းလီသည် လီဝါကို သတိရလာသည်။ ထို့နောက် လီဝါကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ လီဝါကမူ သူ့ကိုကြည့်၍ ပြုံးပြနေသည်။

'ငါ့နောက်ကို ဘာလို့လိုက်လာရတာလဲလီဝါ'

'အစ်ကိုချန်းလီကို ကျွန်မ စိတ်မချလို့ပေါ့'

'ငါက ကလေးမို့ လို့ လား'

'ဒီလိုတော့ မပြောပါနဲ့ အစ်ကိုရယ်'

ထိုသို့ပြောပြီး လီဝါ၏မျက်နှာရှာ ငိုမဲ့မဲ့ဖြစ်၍လာသည်။ ချန်းလီမှာ ဘာမျှမပြောဘဲ ဆက်လျှောက်လာသည်။ တောင်ခြေသို့ ရောက်လာကြ၏။

'ငါ့နောက်ကို ဆက်မလိုက်နဲ့တော့'

'အစ်ကိုချန်းလီက ဘယ်ကိုသွားမလို့ လဲ'





ငါတစ်နေရာကို ထွက်သွားတော့မယ်'

'ဟင်'

လီဝါမှာ အံ့ဩသွားလေသည်။ ထို့နောက် ချန်းလီကို မော့်ကြည့်လိုက်သည်။

ချန်းလီက ဆက်ပြောသည်။

'ဟုတ်တယ်၊ ငါ တစ်နေရာရာကို ထွက်သွားတော့မယ် လီဝါ'

'ဒီလိုတော့ ထွက်မသွားပါနဲ့ဦး အစ်ကိုရယ်၊ အိမ်ကို ပြန်လိုက်ခဲ့ပါဦး၊ အိမ်ရောက်မှ အဖေနဲ့တိုင်ပင်ပြီး အစ်ကိုဆက်လုပ်ချင်တဲ့အလုပ်ကို ဆက်လုပ်ပါ'

ချန်းလီက လက်မခံဘဲ ခေါင်းကိုခါယမ်းလိုက်သည်။

'လီဝါ၊ ငါကလေးတစ်ယောက် မဟုတ်တော့ဘူး၊ အခုဒီတော့ ငါ့မှာ လူကြီးတစ်ယောက်လို ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဒါကြောင့် သိုင်းလောကထဲကိုဝင်ပြီး ငါ့ဆရာကို လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ လူသတ်သမားကို လိုက်ရှာရမယ်၊ အဲဒီဆုံးဖြတ်ချက်ကို ငါပြင်လို့ မရတော့ဘူး လီဝါ'

'အစ်ကိုချန်းလီ၊ ကျွန်မနဲ့ တကယ်ပဲ မလိုက်နိုင်တော့ဘူးလား'

ချမ်းလီ ခေါင်းယမ်းလိုက်သည်။

'ဟုတ်တယ်၊ ငါမလိုက်နိုင်တော့ဘူး'

လီဝါငိုင်သွားသည်။ မျက်နှာလည်း ညှိုးသွားသည်။ တစ်ခဏမျှ တွေဝေသွားဟန် နှုတ်ဆိတ်နေသည်။ တောင်ခြေရှိသစ်ပင်များထက်မှ သစ်ရွက်များသည် လေတစ်ချက် ဝှေ့ယမ်းလိုက်မှုကြောင့် မြေပြင်ထက်သို့ တဖြုတ်ဖြုတ် ကြွေကျ၍ နေသည်။

'ကဲလီဝါ မင်းပြန်တော့'

'ကျွန်မ မပြန်နိုင်သေးဘူး'

လီဝါက ခက်ဆတ်ဆတ်ကလေး ပြန်ပြောလိုက်သည်။ ချန်းလီသည် လီဝါ့အပြောကြောင့် အထိတ်တလန့်ဖြင့်ကြည့်လိုက်သည်။

'မင်း ဘာဖြစ်လို့မပြန်တာလဲ ပြောစမ်းပါဦး'

'အစ်ကိုချန်းလီ မပါလို့ပေါ့'

ချန်းလီ သက်ပြင်းချလိုက်သည်။

'ဟင်း ... ခက်ပါလား လီဝါသိမရယ်'

'ဟုတ်တယ်.... အစ်ကိုအိမ်မပြန်ရင် ကျွန်မလဲ အိမ်မပြန်တော့ဘူး၊ အစ်ကိုနဲ့အတူ အစ်ကို သွားသျှနောက်ကို တကောက်ကောက် လိုက်နေမှာပဲ၊ ကျွန်မလဲအစ်ကိုဆုံးဖြတ်သလို ဆုံးဖြတ်လိုက်ပြီ'

ချန်းလီ ခေါင်းခါယမ်းလိုက်သည်။

'ဟာ....ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး'





'လုံးဝမဖြစ်နိုင်တာဒီလောကမှာ မရှိဘူး အစ်ကို'

'မင်းကို ဘယ်သူပြောလို့လဲ'

'ကျွန်မသိတာပေါ့'

'ကဲပါသိမရယ်....သိမပြန်တော့နော်'

ချန်းလီက ချော့ပြောလေး ပြောသည်။

'ဟင့်အင်း'

'မင်းတကယ်မပြန်....'

ချန်းလီ၏ ပြောလက်စ စကား ရုတ်တရက် ရပ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ခပ်ဝေးဝေးဆီမှမြင်းခွာသံများကို ရုတ်တရက်ကြားလိုက်ရသောကြောင့်ဖြစ်သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

....❁....

## အခန်း ( ၁၂ )

တောင်ဘေးမှ လမ်းကလေးအတိုင်း အပြင်းဒုန်းစိုင်းလာနေသော မြင်းနှစ်စီးကို တွေ့လိုက်ရသည်။ မြင်း၏ ကျောကုန်းထက်မှ စီးနင်းလိုက်ပါ၍ လာသော ထူးဆန်းသည့်လူနှစ်ယောက်ကိုလည်း အံ့သြဖွယ် တွေ့လိုက်ရသည်။

ချန်းလီသည် ထိုလူနှစ်ယောက်ကို မမှိတ်မသုန် အကဲခတ်ကြည့်နေသည်။ လီဝါမှာ ထိုလူနှစ်ယောက်ကိုကြည့်ရင်းကြောက်စိတ်ဝင်နေသည်။လီဝါသည် ချန်းလီ၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။

တစ်ခဏအကြာတွင် ထိုလူနှစ်ယောက်သည် ချန်းလီတို့၏အနားသို့ ရောက်ရှိပြီး မြင်းကိုတုံ့ခနဲ ရပ်လိုက်သည်။ မြင်းနှစ်ကောင်မှာ သန်မာထွားကြိုင်းလှသည်။ မွန်ဂိုမြင်းမျာဖြစ်၍ ကြန်အင်လက္ခဏာနှင့်လည်း ပြည့်စုံသည်။





တစ်ယောက်မှာ သန်မာထွားကြိုင်း၍ ဝက်ရုပ်ပေါက်နေပြီး ကျန်တစ်ယောက်မှာမူ မျက်နှာ ပိန်ပိန်ရှည်ရှည်နှင့် မိကျောင်းရုပ်ပေါက်နေသည်။

သူတို့နှစ်ဦးလုံး အပြာရောင်ဝတ်စုံတူကို ဝတ်ဆင်ထားကြသည်။ သူတို့၏ခါးတွင် ဓားကောက်တစ်လက်စီ ချိတ်ဆွဲထားသည်။စင်စစ်သူတို့ကား မန်ချူးစစ်သားများ ဖြစ်ကြလေ၏။

ဝက်ရုပ်ပေါက်နေသော လူထွားကြီးက မျက်မှောင်ကြုတ်ကြည့်ပြီး ချန်းလီကို လှမ်းမေးလိုက်သည်။

'ဟိတ်ကောင်လေး၊ မင်းတို့က ဘယ်သူတွေလဲ၊ ဘယ်က လာကြတာလဲ'

ချန်းလီသည် ထိုလူမေးနေသည်ကို မသိဟန်ဆောင်ကာ အသာ ငြိမ်နေလိုက်သည်။ ထိုလူကြီးကိုလည်း ပြန်၍ စိုက်ကြည့်နေလိုက်သည်။

'ဟိတ်ကောင်လေး ငါမေးနေတာ မကြားဘူး လား ပြောလေ၊ ငါဒေါသထွက်လာရင် မင်းတို့ မလွယ်ဘူး ဖြစ်သွားမယ်နော်'

မိကျောင်းရုပ်ပေါက်နေသော ပိန်ပိန်ရှည်ရှည်လူက ဝင်ဟောက်လိုက်သည်။ လီဝါသည် အလွန်စိုးရိမ်ကြောက်ရွံ့ကာ ချန်းလီ၏နောက်ကျောသို့ မသိမသာ တိုးကပ်သွားလိုက်၏။

'ခင်ဗျားတို့ကကော ဘယ်သူတွေလဲဗျာ'

ချန်းလီက သူတို့၏အမေးကို မဖြေဘဲ ပြန်၍မေးလိုက်၏။

'ငါတို့ ဘယ်သူဖြစ်ဖြစ်ကွာ မင်းမမေးနဲ့၊ မင်းဘယ်သူလဲဆိုတာ ပြော'

လူဝကြီးက တင်းမာသည့်လေသံဖြင့် မာထန်ထန်ပြော၏။

'ကျုပ် ဘယ်သူဖြစ်ဖြစ်ပေါ့'

'ဝှစ်....ဝှစ်....ဝှစ်'

မိကျောင်းရုပ်ပေါက်နေသောသူက ရုတ်တရက် ခါးမှ ဓားကို ဖြုတ်ကာ လေထဲတွင် ဝှေ့ယမ်းလိုက်သည်။ ထိုအခါ လူထွားကြီးက ထိုလူကို အချိန်မီ ဟန့်တားလိုက်ပြီး....

'မင်း အသာနေစမ်း၊ ဒီကောင် အိပ်လူပါးဝတယ်'

'လူပါးမဝအောင် လုပ်တဲ့နည်း ငါ့မှာရှိပါတယ်'

လူထွားကြီးက ပြန်ပြောပြီး ချန်းလီကို ဆက်မေးပြန်၏၊

'မင်း ငါတို့မေးတာ မဖြေဘူးလား'

'ခင်ဗျားတို့မေးတာ ကျုပ်မဖြေနိုင်ဘူး'

ချန်းလီက ဘုတောတော ပြန်ပြောလိုက်သည်။ ထိုအခါ...

'ဟား....ဟား....ဟား....မင်း အတော် သတ္တိကောင်းတဲ့ကောင်ပဲ၊ တို့ဘာကောင်တွေလဲဆိုတာ မင်းမသိသေးလို့ပါ၊ မင်းသိရင် တို့မမေးခင် ဖြေမယ့်ကောင်ပါ'

ချန်းလီ ပါးစပ်ပိတ်နေလိုက်သည်။ သူတို့ကို ကြောက်၍ မဟုတ်၊ လေအကုန်မခံနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့နောက် လီဝါကိုလှည့်ကာပြောလိုက်သည်။

'ကဲ...လီဝါ၊ တို့ ပြန်ကြစို့'





'ဟား....ဟား....ဟား.... မင်းတို့ကို ဘယ်သူက ပြန်ခွင့်ပြုလို့လဲ'

လူထွားကြီးက ကြားဖြတ်ပြောလိုက်သည်။

ချန်းလီ အနည်းငယ် ဒေါသထွက်လာသည်။

မိချောင်းရုပ် ပေါက်နေသော ပိန်ပိန်ရှည်ရှည်နှင့်လူက ရုတ်တရက်လှုပ်ရှားလိုက်သဖြင့် ချန်းလီသည် လီဝါ၏ကိုယ်လုံးလေးကို လွတ်ရာသို့ အမြန်တွန်းလွှတ်လိုက်ပြီး သူ ကိုယ်တိုင်လည်း တစ်ဘက်သို့ အလျင်အမြန် ခုန်ရှောင်လိုက်၏။

ထိုသူ၏ဓားချက်က လေထဲတွင် ဝဲပျံသွားသည်။

'ဝှီး....ဝှီး... ဝှီး'

ဓားချက်သည် အလွန်ပြင်းထန်၍ကြောက်စရာကောင်း၏။

လူထွားကြီးမှာ မြင်း၏ကျောထက်တွင် အမိန့်သားတိုင်ချက် သူလူ၏ လှုပ်ရှားမှုကိုကြည့်ကာ ကျေနပ်နေသည်။ ချန်းလီသည် ဓားချက်ကို ငုံ့ရှောင်လိုက်ပြီး နောက်တစ်ဘက်သို့အရောက် မြေကိုထောက်ကန်ကာ ခုန်လွှားလိုက်သည်။ လေပွေမိသွားသော သစ်ရွက်တစ်ခုလို သူ၏ခန္ဓာကိုယ်သည် လေပေါ်သို့ မြောက်တက်သွား၏။

'ဝှီး....ဝှီး'

ချန်းလီ၏ ခြေနှစ်ဘက်သည် ရုတ်တရက်ဘေးသို့ ကားတက်သွားပြီး ထိုလူနှစ်ယောက်ကို တစ်ပြိုင်တည်း ကန်ထည့်

လိုက်သည်။ ထိုလူနှစ်ယောက်မှာ ရှောင်တိမ်းချိန် ရလိုက်သောကြောင့် ကံကောင်းသွား၏။

'ဟား....ဟား....ဟား၊ မင်းက ဘယ်ဆိုးလို့လဲ၊ အလာကြီးပါလားကွ'

ချန်းလီ မြေပေါ်ပြန်အရောက်၌ လူထွားကြီးက ပြောလိုက်ခြင်းဖြစ်သည်။

ထိုစဉ်....မိကျောင်းမျက်နှာနှင့်လူက ချန်းလီကို ဆက်ပြောလိုက်ပြန်၏။

'မင်းကို အခွင့်အရေးတစ်ခုပေးမယ်၊ အဲဒီအခွင့်အရေးကဘာလဲဆိုရင် မင်းကိုတို့ မသတ်ဘူး၊ မင်းကိုမသတ်တဲ့အတွက် မင်းက တို့ကို အခွင့်အရေးပြန်ပေးရမယ်၊ အဲဒီအခွင့်အရေးက ဘာလဲဆိုတော့ ဟောဟိုက မိန်းမလှလေးကို တို့အတွက် လက်ဆောင်ပေးခဲ့ရမယ်၊ ဘယ့်နှယ်လဲ၊ ဟင်း....ဟင်း....ဟင်း'

ချန်းလီမှာ ထိုစကားကြောင့် ဒေါသ အကြီးအကျယ် ထွက်၍သွားသည်။ သီဝါမှာမူ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ၍ သွားလေသည်။

'ဘာ....ဘာပြောတယ်ဗျာ'

ချန်းလီက ကျယ်လောင်စွာ အော်လိုက်သည်။

'ငါတို့ ပြောတာအရှင်းကြီးဘဲ၊ မင်းပြန်တော့၊ မင်းကို ငါတို့ မသတ်ချင်ဘူး၊ အဲ....မိန်းကလေးတော့ တို့အတွက် ထားခဲ့'





ပိန်ပိန်ရှည်ရှည်နှင့်လူက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ချန်းလီသည် ဒေါသကို မထိန်းနိုင်တော့ဘဲ ဓားကိုဓားအိမ်ထဲမှ ဆတ်ခနဲ ဆွဲထုတ်လိုက်သည်။

'ဩော်....မင်းလို မလောက်လေးမလောက်စား ကောင်လေးက တို့ကို အန်တုချင်တယ်ပေါ့ ဟုတ်လား'

'ကျုပ်ခင်ဗျားတို့ကိုအန်မတုဘူး၊ အသေသတ်ထားခဲ့မယ်'

ချန်းလီက ပြန်ပြောလိုက်သည်။ လူထွားကြီးနှင့် လူပိန်တို့ ခနဲ့တဲ့တဲ့ လှောင်ရယ် ရယ်လိုက်ကြသည်။

'ဟား....ဟား....ဟား....ဟား'

ဤသို့ ရယ်မောလိုက်ပြီးနောက် သူတို့နှစ်ဦးသည် ချန်းလီ၏ လှုပ်ရှားလာမည့် အရိပ်အခြေကို စောင့်ကြည့်အကဲခတ်နေသည်။

ချန်းလီက စတင်၍ လှုပ်ရှားတိုက်ခိုက်သည်။ ပထမဦးစွာ ဓားချက်တစ်ခုကို ထုတ်သုံးလိုက်သည်။ ယိုထုတ်သုံးလိုက်သော ဓားသိုင်းကွက်မှာ 'ရေတံခွန်စီးကျဓားသိုင်းကွက်' ဖြစ်သည်။

မိကျောင်းမျက်နှာနှင့်လူသည် ချန်းလီ၏ လှုပ်ရှားမှုကိုသာ တွေ့လိုက်ပြီး ဓားရိပ်ကိုကတွေ့လိုက်ရသဖြင့် အလွန်အံ့သြထိတ်လန့်သွားလေသည်။ ပြင်းထန်သော လေတစ်ချက် ဝှေ့ယမ်းသွားသည်။

'ဒုတ်'

ဟူသော အသံတစ်ခု ထွက်ပေါ်လာသံကို ကြားလိုက်ရသည်။ မိချောင်းမျက်နှာနှင့်လူ မည်သို့မျှ မလှုပ်ရှား မရွေ့လျားနိုင်ချေ။ လက်တစ်ဖျစ်မျှသော အချိန်ကလေးအတွင်းမှာပင် မိကျောင်းမျက်နှာနှင့်လူ၏ တစ်ကိုယ်လုံးမှာ သွေးခြင်းခြင်းနီမြန်းသွားသည် လူထွားကြီးမှာ အဖြစ်အပျက်အားလုံးကို အံ့သြစွာ မြင်တွေ့လိုက်ရသောကြောင့် အထိတ်တလန့်ဖြစ်ကာအော်လိုက်သည်။

'အား....ဟာ'

မှန်သည်။ သူလန့်မည်ဆိုလျှင် လန့်လောက်စရာပင်၊ ချန်လီသုံးလိုက်သော 'ရေတံခွန်စီးကျ' ဓားသိုင်းကွက်နှင့် ခုတ်ချလိုက်သော ဓားချက်သည် အလွန်လျှင်မြန် ပြင်းထန်သည်မဟုတ်ပါလား။

အလွန်အားကောင်းမောင်းသန်သောမှန်ကိုမြင်းကြီးသည် ပင်ဝှန်းကနဲ မြေပေါ်သို့ကျသွားသည်။ မြင်းပေါ်မှ ငပိန်လည်း မြေပေါ်သို့ ကျသွားသည်။ မြေပေါ်သို့ကျရောက်သွားသော ငပိန်သည် ရုတ်တစ်ရက်ခုန်ထကာ လူထွားကြီးဆီသို့ ပြေးထွက်သွား၏။ လူထွားကြီးက လက်ကမ်းပေးရင်း သူ့မြင်းပေါ်သို့ ဆွဲတင်ပေးလိုက်သည်။

ထို့နောက် ချန်းလီအား ပြန်လည် ခုခံခြင်း မပြုတော့ဘဲ ထိုနေရာမှ မြင်းကိုဒုန်းစိုင်းကာပြေးထွက်သွားလေတော့၏။

....☸....



လွင်စာပေ
အမှတ် ၁၅/၁၃၀၊ မြေ...
တောင်ဥက္ကလာ...
ဖုန်း ၂၁၀၄၄၄

အခန်း (၁၃)

ချန်းလီသည် သွေးစွန်းနေသော ဓားကို သွေးဓားအိမ်အတွင်းသို့ ပြန်သွင်းလိုက်သည် ပြီးမှ လီဝလှည့်ပြောလိုက်သည်။

'ညီမလေး သိပ်ကြောက်သွားလားဟင်'

'ဟုတ်တယ်....ညီမ ကြောက်သွားတယ်၊ ရင်တွေတလှပ်လှပ်တုန်နေတယ်'

ချန်းလီသည် ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး....

'ကဲ....ညီမလေး ပြန်တော့'

'ဘယ်ကို ပြန်ရမှာလဲ'

'အိမ်ကိုပေါ့'

'ညီမ မပြန်ဘူး၊ အစ်ကိုနဲ့ အတူလိုက်ခဲ့မယ်'

'မင်းအဖေက စိုးရိမ်နေမှာပေါ့၊ မဖြစ်ပါဘူးကွာ မင်းပြန်တော့၊ လိမ္မာပါတယ်၊ ပြန်တော့နော်'

လီဝါ ခေါင်းယမ်းလိုက်သည်။

'မပြန်ဘူး....မပြန်ဘူး၊ အစ်ကိုမခေါ်ချင်နေ ကျွန်မက တော့ ဘယ်နည်းနဲ့မှ မပြန်ဘူး'

လီဝါက ကလေးဆန်ဆန် ခြေကလေးဆောင့်၍ပြန်ပြော သည်။

ချန်းလီ စိတ်ညစ်သွားသည်။

'ဒါဆို မက အိမ်မပြန်လို့ ဘယ်ကိုသွားမှာလဲ'

'...ကိုသွားသွားပေါ့'

မှ ါက မဲ ရွဲ့ ကာ ပြန်ပြောသည်။

ချန်လီ သက်ပြင်းချလိုက်သည်။

ခုတ်...လာ၊ သွားကြမယ်'

သဘယ်ကိုသွားမှာလဲ'

ညီမတို့အိမ်ကိုပေါ့'

လီဝါမျက်နှာ လင်းလက်၍ဝမ်းသာသွားသည်။

'တကယ်'

'တကယ်တွေဘာတွေ လုပ်မနေနဲ့၊ ကဲသွားကြမယ်'

လီဝါသည် ချန်းလီ၏လက်ကိုဆွဲ၍ ရှေ့မှဆွဲခေါ်၍ပြေး လေသည်။ တောင်ခြေတွင် ဆည်းလည်းသံကဲ့သို့ရယ်သံများ ပျံ့လွင့်လာသည်။ လီဝါ၏ကျေနပ်ဝမ်းမြောက်သော ရယ်သံ လွှင်လွှင်ကလေးပင် ဖြစ်သည်။





ပန်းဥယျာဉ်စံအိမ် ပရဝုဏ်အတွင်းသို့ ဝင်လိုက်သည်နှင့် သင်းပျံ့ကြိုင်လှိုင်နေသော ပန်းရနံ့များ ပျံ့လွင့်နေသည်။ စံအိမ် တံခါးစောင့်တစ်ယောက် တံခါးလာဖွင့်ပေးသည်။

ချန်းလီနှင့် လီဝါတို့စံအိမ်အတွင်းသို့ ဝင်ရောက်သွားကြ သည်။ ဧည့်ခန်းအတွင်းသို့ရောက်သောအခါ လီဝါကစကား ဆိုသည်။

'အစ်ကိုဧည့်ခန်းမှာ ခဏထိုင်ဦး၊ ကျွန်မစားစရာသောက် စရာတွေ သွားပြီး ပြင်လိုက်ဦးမယ်'

'ဘယ်သူ့အတွက်လဲ'

'အစ်ကိုချန်းလီအတွက်ပေါ့'

'လုပ်မနေစမ်းပါနဲ့ကွာ'

ချန်းလီက စိတ်ပျက်လက်ပျက်ပြောလိုက်သည်။

'ဟင့်အင်း... လုပ်ရမယ်၊ အစ်ကိုစားစေချင်လို့ပေါ့'

ထိုသို့ပြောပြီး လီဝါသည် မီးဖိုဆောင်ဘက်သို့ ပြေးဝင် သွားသည်။ လီဝါ၏ကျောပြင်ကိုကြည့်ရင်း ချန်းလီမှာသက် ပြင်းချလိုက်မိသည်။

ချန်းလီသည် ဧည့်ခန်းတွင်ထိုင်ရင်း စဉ်းစားခန်းဝင်နေ မိသည်။ မိမိအသက်ကား ဆယ့်ရှစ်နှစ်ပင်ပြည့်ခဲ့လေပြီ။ မိမိ မှာ ဆရာသင်ပေးခဲ့သော သိုင်းပညာများလည်း ပြီးပြည့်စုံ ခဲ့ပြီ။ မိမိတာဝန်သည်လည်း ယခုနှစ်ပိုင်း၌ ကျရောက်လာခဲ့ ပြီဖြစ်လေသည်။

ဆရာကြီးစင်းချန်ကို သတ်ခဲ့သူသည် မည်သူဖြစ်သနည်း။ ဆရာစင်းချန်သည်ထူးဆန်းသော ဒဏ်ရာတစ်ခုဖြင့်သေဆုံးခဲ့ရသည်။ ထိုဒဏ်ရာကို ဖန်တီးသူသည်ကော မည်သူနည်း။

ချန်းလီ၏ ခေါင်းထဲသို့ အရိပ်သဏ္ဍာန် ရုပ်ပုံလွှာများ တစ်ခုပြီးတစ်ခုဝင်ရောက်လာသည်။

ထိုအခါ ချန်းလီသည် နှောင်းအတိတ်ဖြစ်ရပ်ဆီသို့ရောက်ရှိသွားလေတော့၏။

ထိုနေ့က နှင်းတွေဝေနေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အဖြူရောင် မြူနှင်းများ လွှမ်းခြုံကာ အဖြူရောင်ဆေးခြယ်သထားသကဲ့သို့ရှိနေသည်၊ အချိန်ကား နံနက်ခင်းအချိန်၊ တောင်ခြေတစ်ခုလုံးလှလှပပ ရှိနေသည်။

ချန်းလီသည် ဆရာစင်းချန်ပြန်အလာကို စောင့်မျှော်ရင်း ဂူတိုတောင်ထိပ်တွင်ရှိနေ၏။ ချန်းလီသည် ငယ်စဉ်တောင် ကျေး ကလေးဘဝကပင် မိဘနှစ်ပါးဆုံးပါးသွားခဲ့ပြီး ဆရာဖြစ်သူစင်းချန်က ခေါ်ယူမွေးစားခဲ့သည်။ သူ၏ဆရာ စင်းချန်ကို ဆရာလိုတစ်သွယ်၊ မိဘလိုတစ်မျိုး အားကိုး အားထား ပြုခဲ့လေသည်။

တစ်ယောက်တည်းမို့ ချန်းလီပျင်းနေသည်။ ထိုစဉ်တောင်ခြေမှ တောင်ထိပ်သို့ပြေးတက်လာနေသော လူတစ်ယောက်ကို တွေ့လိုက်ရ၍ ချန်းလီ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။





နှင်းများတို့ပိတ်ဆို့ကာဆီးထားသဖြင့် ပြေးတက်လာသူကို ကောင်းစွာရုပ်မဖမ်းနိုင်။

အနားသို့ရောက်မှ မိမိဆရာဖြစ်ကြောင်း သိလိုက်ရ၏။

'ဆရာ'

'ချန်းလီ၊ ငါ....ငါဒဏ်ရာရလာတယ်'

ဆရာသည် ထိုမျှသာပြောပြီး ချန်းလီအနားတွင် ထိုင်ချလိုက်သည်။ ဒဏ်ရာရလာသဖြင့် ချန်းလီမှာ ပို၍စိတ်လှုပ်ရှားသွားရပြီး ဆရာ့တစ်ကိုယ်လုံးကို အကဲခတ်ကြည့်သည်။

သို့သော်....ဘာဒဏ်ရာမှမတွေ့ ပကတိလူကောင်း တစ်ယောက်ကဲ့သို့ ရှိနေ၍ အတွင်းဒဏ်ရာရရှိခဲ့သည်ဟု ချန်းလီ တင်မိသည်။

'ဆရာ့ကို ဘယ်သူတိုက်ခိုက်လိုက်တာလဲ'

'ဒါ မင်းမေးစရာမလိုဘူး၊ မင်းလုပ်စရာရှိတာသာ ဆက်လုပ်'

စင်းချန်သည် ယင်းသို့ပြောပြီး ဝေဒနာကို အံကြိတ်ကာ ခံစားနေလေသည်။

ဆရာ့အဖြစ်ကိုကြည့်ပြီး ချန်းလီစိတ်ထဲ များစွာမခံမရပ်နိုင်အောင် ဖြစ်နေလေသည်။ ဆရာကမင်းမေးစရာမလိုဘူး ဆို၍သာ သူ့ခမျာ ပါးစပ်ပိတ်ထားလိုက်ရသည်။

ဆရာစင်းချန်၏အကြောင်းကို သူသာအသိဆုံး မဟုတ်ပါ လော။

စင်းချန်မှာ ဝေဒနာကို အပြင်းအထန် ခံစားနေရသည်သို့သော်လည်း သူ့တပည့် ချန်းလီမသိအောင် ဝေဒနာကို ကြိတ်မှိတ်၍နေသည်။ ချန်းလီသည် သူ့ဆရာအတွက်ဝေဒနာ မခံစားရအောင် မည်သို့ဆောင်ရွက်ရမည်လဲဟုစဉ်းစားနေသည်။

'ဟေ့ ချန်းလီ၊ မင်း ဘာတွေစဉ်းစားနေတာလဲကွ'

'ကျွန်တော် ဆရာ့ကိုဆေးကုဖို့ စဉ်းစားနေပါတယ်'

စင်းချန်တစ်ချက်ပြုံးလိုက်သည်။ အပြုံး၌ အသက်မပါလှ။

'ဒီအဆိပ်ဒဏ်ရာမှာ ဖြေဆေးရှိတယ်လို့ မင်း ထင်နေသလား'

ထိုသို့ပြောရင်း ရင်ဘတ်ကိုဖွင့်ပြသည်။

'ဟုတ်....ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ'

'ဖြေဆေးမရှိဘူးကွ'

ချန်းလီမှာ ဆရာ၏ရင်ဘတ်မှဒဏ်ရာကိုကြည့်ကာ မျက်လုံးပြူးသွားသည်။

'ဆရာ ဒီလိုဆိုရင်'

'ဝါလာတဲ့အထိစောင့်ကြည့်၊ ဝါလာမှ ငါမှာတဲ့အတိုင်းဆက်ပြီးဆောင်ရွက်ပေါ့'

ချန်းလီ သက်ပြင်းချလိုက်သည်။

'မင်း ငါ့ကိုယ်စား သိပ်မောနေသလား၊ မစိုးရိမ်ပါနဲ့ကွာ၊ ငါ့လိုလူကို လုပ်ကြံတဲ့သူက သိုင်းသမားတစ်ယောက်





မဟုတ်ပါဘူး၊ အင်မတန် ကောက်ကျစ်စဉ်းလဲပြီး ယုတ်မာရက်စက်တဲ့ မိန်းမလိုမိန်းမရနည်းနဲ့ ငါ့ကိုလုပ်ကြံသွားတာပါ၊ တကယ်တော့ သူငါ့ကိုမနိုင်ပါဘူး၊ ကဲပါ....မင်းအသက်တစ်ဆယ့်ရှစ်နှစ်ပြည့်မှ မင်းလုပ်ချင်တာကိုလုပ်၊ အခုတော့ ဒါတွေမေ့ထားလိုက်တော့ကွာ'

'ဆရာ'

'မင်းကိုငါ ပါးစပ်ပိတ်ခိုင်းထားတယ် မဟုတ်လား'

ချန်းလီ ငြိမ်သွားသည်။

'ငါ့ရင်ဘတ်ကဒဏ်ရာကို မင်းကျက်မှတ်ထား၊ တစ်ခုမှာစရာရှိသေးတယ်၊ အဲဒါက ဘာလဲဆိုရင် မင်းအသက်ပြည့်တဲ့နေ့မှာ အရှေ့ဘက် တိဗက်ကုန်းမြေကို မင်းသွားရလိမ့်မယ်၊ ဟိုမှာ ငါ့ဆရာရှိတယ်၊ သူ့နာမည်က ချိမာလို့ခေါ်တယ်၊ မင်းသူ့ကို တွေ့အောင်ရှာပါ၊ တွေ့ရင်သူကမင်းကိုညွှန်ကြားလိုက်လိမ့်မယ်'

'ဟုတ်ကဲ့'

'မင်း ငါပြောတာ အကုန်မှတ်မိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်ဆရာ'

'ငါမရှိတဲ့နောက်ပိုင်းမှာ မင်း သိုင်းလောကထဲ ဝင်ပြီး မကောင်းသူကိုပယ်၊ ကောင်းသူကိုကယ် လုပ်ငန်းကို မင်းဆက်လုပ်ရမယ်၊ ငါ မင်းကိုအမွေပေးခဲ့မယ်၊ ခုလောလောဆယ်တော့ ငါ့မှာ မရှိဘူး'

'ဆရာ့ဓား....'

'မင်း မပြောနဲ့၊ ငါ့မှာ ဓားလဲ မရှိတော့ဘူး၊ မင်း အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်မှ ငါ့ဓားကို မင်းရှာပြီး ယူပေတော့၊ မင်း ငါ့ဓားကို မှတ်မိတယ်မဟုတ်လား'

'မှတ်မိပါတယ်'

'အေး.... ကိုးသံချိုင်း ဓားဟာ အင်မတန် အဖိုးတန်ပြီး အင်မတန်မှလဲ ရှားပါးတဲ့ ဓားအမျိုးအစားပဲ၊ ငါ့ကို နဂါးပတ် အဆိပ်အပ်နဲ့ ပစ်ခတ်လိုက်ပြီး လုပ်ကြံတဲ့လူဆိုပါသွားပြီ၊ သူ့နာမည်ကိုငါသိတယ်၊ ဒါပေမယ့် ငါမင်းကို မပြောပြနိုင်ဘူး၊ မင်းရဲ့ပညာရေးမှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ငါမပြောတော့ဘူး၊ မင်း ပညာတတ်အောင်နဲ့ ခိုင်မာ ရင့်ကျက်အောင်သာ ကြိုးစားပါ'

'ဟုတ်....ဟုတ်ကဲ့'

'ကဲ....မင်း အနားယူတော့'

တစ်ညလုံး ချန်းလီ အိပ်မပျော်၊ မနက်လင်းကာနီးကျမှ ချန်းလီ မှေးကနဲ အိပ်ပျော်သွားသည်။ ထိုနေ့မနက် နေအတန်မြင့်မှ ချန်းလီ အိပ်ရာမှ နိုးလာခဲ့သည်။

ဆရာအိပ်စက်သောဂူသို့သွားရောက်ပြီး ဆရာ့အခြေအနေကို အကဲခတ်ကြည့်သည်။ ဆရာမနိုးသေး၊ ဂူမှပြန်ထွက်လာသည်။ ဆရာ့အတွက် ရေနွေးတစ်အိုး ကျိုချက်သည်။ ဆရာ





စားဖို့အတွက် ဂျုံသားကလေးကိုပင် ကင်သည်။ ထို့နောက် ဆရာရှိရာဂူသို့ သွားပြီး အခြေအနေကို သွားကြည့်သည်။

အခြေအနေမှာ ထူးခြားသည်ဟု ထင်သည်။ ဆရာသည် ဘယ်သောအခါမှ နေမြင့်အောင် မအိပ်တတ်ပေ။ ဤသည်ပင် ချန်းလီအတွက် ထူးခြားမှုဖြစ်သည်။ ချန်းလီ၏ ရင်ထဲ မဖော်ပြနိုင်လောက်အောင် တုန်လှုပ်သွားရ၏။

ဆရာ့ကို သေသေချာချာ အကဲခတ်ကြည့်သည်။ အထူးသဖြင့် ဆရာ့ညာဘက်ရင်အုံကို ဦးစားပေး၍ ကြည့်သည်။ ဆရာ့ရင်အုံသည် ဝါလျက်ရှိနေလေပြီ။ ချန်းလီ သိလိုက်ပြီ။

ဆရာကား မနိုးသောအိပ်စက်ခြင်းဖြင့်အိပ်စက်နေလေပြီ။ ဆရာကား သေဆုံးသွားခဲ့လေပြီတည်း။

# အခန်း (၁၄)

'ဘာတွေတွေးနေတာလဲ အစ်ကို၊ ခေါ်နေတာတောင် မကြားဘူး'

လီဝါက ပြောရင်း အခန်းတွင်းသို့ဝင်ရောက်လာသည်။ အရက်အိုးနှစ်အိုးနှင့် စားစရာများ ပါလာသည်။ ချန်းလီ အတွေးဖြတ်ပြီး လီဝါအမေးကို ပြန်ဖြေလိုက်သည်။

'အစ်ကို ဘာမှမတွေးပါဘူး'

'ဟွန်း....ခေါ်မကြား အော်မကြားနဲ့'

လီဝါသည် မျက်စကလေးချီကာ ပြောပြီး စားစရာ သောက်စရာများကို စားပွဲပေါ်သို့တင်လိုက်သည်။ ပြီးနောက် ချန်းလီနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်သည်။

'သောက်လဲသောက် စားလဲစားပါ'

'ညီမလေးကကော မစားဘူး မသောက်ဘူးလား'

'အတူတူစားမှာပေါ့'





ချန်းလီ ပြုံးလိုက်သည်။

'ဘာပြုံးတာလဲအစ်ကို'

'အစ်ကိုအရက်သောက်ရင် ညီမလဲလိုက်သောက်မယ်ဆိုတဲ့ သဘောလား'

'အင်းပေါ့'

'မူးသွားရင် ဘယ့်နှယ်လုပ်မလဲ'

'မူးသွားရင် အိပ်မှာပေါ့'

'မူးနေတဲ့လူ လမ်းလျှောက်လို့ရသလား'

ချန်းလီ ထပ်၍ပြုံးလိုက်ပြန်သည်။

'မမူးအောင် သောက်မှာပေါ့'

'အစ်ကို မသောက်တော့ပါဘူး'

'ဘာဖြစ်လို့လဲဟင်'

'အစ်ကို သောက်ရင် ညီမလဲ သောက်မယ်မဟုတ်လား၊ ညီမသောက်တော့ မူးမယ်၊ အဲဒီတော့ အစ်ကို မသောက်တော့ပါဘူးကွာ'

'သောက်ပါအစ်ကို၊ အစ်ကို့ကိုစားစေသောက်စေချင်လို့ တမင်ယူလာတာပါ၊ စားလဲစား သောက်လဲသောက်နော် အစ်ကို'

'ကောင်းပါပြီဗျာ'

အရက်အိုးကုန်မှ ချန်းလီ သတိရလာသည်။

'ညီမလေးရဲ့အဖေလဲ မမြင်ပါလား'

‘ရှိပါတယ်ကွာ....ငါဘယ်မှမသွားပါဘူး’

ဧည့်ခန်းအတွင်းသို့ လူတစ်ယောက် ဝင်လာသည်။ ထိုလူမှာ လီဝါ၏ဖခင် လီကွမ်းပင် ဖြစ်လေသည်။

ချန်းလီသည် ထိုင်ရာမှထ၍ လက်နှစ်ဖက်ကို ယှက်ကာ အရိုအသေပေးလိုက်သည်။ လီကွမ်းသည် သမီးနှင့်ယှဉ်တွဲ၍ ချန်းလီနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ ပြီးမှချန်းလီကို မေးလိုက်သည်။

‘မင်းတစ်နေ့လုံး ဘယ်ပျောက်နေသလဲ’

‘ကျွန်တော် ပျင်းလို့ လျှောက်လည်နေတာပါဦး’

‘သမီးကကော ဘယ်ကိုလျှောက်နေတာလဲ’

‘ကျွန်မ’

လီဝါ၏စကားကိုဖြတ်၍ ချန်းလီကဝင်ပြောလိုက်သည်။

‘သူ့ကိုခေါ်ပြီး ကျွန်တော် လျှောက်လည်တာပါဦး’

လီကွမ်းသည် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

‘ဦးကို ကျွန်တော် အခွင့်တစ်ခု တောင်းချင်ပါတယ် ခင်ဗျာ’

‘ဘာများလဲ’

‘ကျွန်တော်ခရီးထွက်ချင်လို့ပါ’

‘ဘယ်ကိုသွားချင်တာလဲ’

‘ထင်ဟိုင်ကိုပါ’

‘ဘယ်တော့သွားမှာလဲ’





‘မနက်ဖြန်ကိုပါ’

‘ငါ့မှာ လူတစ်ယောက်ရဲ့ကိုယ်ရေးကိုယ်တာကိုမတားချင်ပါဘူးကွာ၊

‘ဒါဆို....ဦးကျွန်တော့်ကို ခွင့်ပြုတယ်ပေါ့’

‘ခွင့်ပြုရမှာပေါ့ကွာ၊ ဒါထက် ကိစ္စကိုကော မသိရဘူးလား’

‘ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိသေးလို့ပါဦး’

လီကွမ်း ခေါင်းကို တဆတ်ဆတ်ညိတ်ပြန်သည်။

‘ဒါဆိုလဲ မပြောနဲ့ပေါ့ကွယ်’

ထိုညသည် တစ်ညလုံး ချန်းလီအိပ်မပျော်၊ မနက် ခရီးစဉ်အတွက် စဉ်းစားနေသည်။ ရှေ့ဆက်၍ မည်သို့မည်ပုံစခန်းသွားရမည်ကိုလဲ စဉ်းစား၍မရနိုင်။ ဘာပဲဖြစ်ဖြစ် မိမိဆရာ၏ မိန့်ကြားချက်အရ ရည်ရွယ်ချက်ကိုရောက်အောင် ဖြစ်မြောက်အောင် လုပ်ဆောင်ရမည်ဟု ကောက်ချက်ချမိသည်။

ထိုသို့စဉ်းစားနေရင်းမှ ပန်းဥယျာဉ်စံအိမ်တော်ကြီးသို့ မိမိရောက်ရှိလာပုံကို ပြန်လည်အမှတ်ရလိုက်သည်။

ထိုစဉ်က အဖြစ်အပျက်ကို ချန်းလီ ပြန်လည်မြင်ယောင်လာ၏။

မိုးသည်းထန်စွာရွာသွန်းနေသည်။ လေကလည်း သဲသဲမဲမဲ တိုက်နေသည်။

ချန်းလီသည် ထိုညနေကတောင်ပေါ်တွင်ရှိနေသည်။ မိုးသည် ညနေစောင်းမှ ညမိုးချုပ်သည်အထိ ရွာကောင်းနေဆဲ။ သည်းကောင်းနေဆဲပင် ဖြစ်သည်။

ချန်းလီသည် တောင်ပေါ်မှဆင်းလာခဲ့သည်။

ခမောက်ကြီးတစ်ခုကို ဆောင်းထားသောကြောင့် မိုးဒဏ်မှ သက်သာသယောင်ရှိသည်။ တောင်ခြေမှအထွက်လမ်းတစ်ခုသို့အရောက်တွင် ပြဿနာတစ်ခုနှင့် ရင်ဆိုင်လိုက်ရသည်။ ထိုပြဿနာကား မိမိဖန်တီးထားသောပြဿနာမဟုတ်။ မိမိနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ပြဿနာသာ ဖြစ်သည်။

သို့သော် ချန်းလီသည် မဟုတ်မခံတတ်သူမို့ သူ့ရှေ့တွင်ဖြစ်ပွားနေသော ပြဿနာတစ်ရပ်ကိုလည်း ဥပေက္ခာ မပြုနိုင်ပေ။ ထို့ကြောင့် သူသည်ပြဿနာအတွင်းသို့ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲတစ်ခုကို မြင်တွေ့လိုက်ရသည်။ တစ်ယောက်နှင့်အများ တိုက်ခိုက်နေသည်။ အင်အားမှာမမျှ၊ ချန်းလီသည် အားနည်းသူဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်ပေးခဲ့သည်။ ချန်းလီပါ ဝင်ရောက်တိုက်ခိုက်သောကြောင့် ရန်သူများမှာ တွက်ပြေးသွားခဲ့ကြသည်။

'ကျေးဇူးတင်ပါတယ် မောင်ရင်'

'ကိစ္စမရှိပါဘူးဦး'

'ဒါထက်မောင်ရင်လေးနာမည်က ဘယ်လိုခေါ်လဲကွယ်'





'ကျွန်တော့်နာမည် ချန်းလီလို့ ခေါ်ပါတယ်'

'ဦးရဲ့နာမည်က လီကွမ်းလို့ ခေါ်တယ်၊ သူက ကျုပ်သမီးလေး လီဝါလို့ ခေါ်တယ်'

လီကွမ်းက မိတ်ဆက်လိုက်သည်။ လီဝါကလည်း ချန်းလီကို ကျေးဇူးတင်ကြောင်း အပြုံးဖြင့်ခေါင်းညိတ်ပြသည်။

'ဟုတ်ကဲ့....ကျွန်တော် မှတ်ထားပါ့မယ်ခင်ဗျာ'

'ဒါထက် မောင်ရင်က ဘယ်ကိုသွားမလို့လဲ'

'ဘယ်ကိုသွားမယ်လို့တော့ တိတိကျကျ မပြောနိုင်သေးပါဘူးခင်ဗျာ'

'မောင်ရင့်မိဘများကကော'

'ဆုံးပါးကုန်ပါပြီ ခင်ဗျာ၊ ကျွန်တော်တစ်ကောင်ကြွက်အထီးကျန်ပါ'

'အို....စိတ်မကောင်းစရာပဲ၊ မေးမိတာ စိတ်မရှိနဲ့နော်'

'ကိစ္စမရှိပါဘူး၊ ရပါတယ်ဦး'

လီကွမ်းမှာ မေးမိသည်ကို စိတ်မကောင်း ဖြစ်သွားလေသည်။

'ဒီလိုဆိုရင် မောင်ရင် ဦးတို့နဲ့အတူလိုက်ခဲ့ပါလားကွယ်၊ ဦးတို့လဲအဖော်ရတာပေါ့၊ ပျော်သလောက် နေပေါ့ကွာ၊ မဟုတ်ဘူးလား'

ချန်းလီစဉ်းစားသည်။

အခိုက်အတန့်အားဖြင့် ခေတ္တတည်းခိုရလျှင် ကောင်းလေမလားဟု စဉ်းစားနေစဉ်မှာပင် လီကွမ်းကစကားဆက်လာသည်။

'မောင်ရင် ကျုပ်တို့ကို ဘာမှအားနာစရာ မလိုဘူးနော်၊ ပျော်သလောက်နေ၊ ဒါမှမဟုတ် တစ်သက်လုံးလဲ နေလို့ရတယ်၊ မောင်ရင်က ကျုပ်တို့ရဲ့ အသက်သခင်ကျေးဇူးရှင်ပဲကွယ်'

'ဒီလိုတော့ မပြောပါနဲ့ဦးရယ်၊ ကျွန်တော်က ဦးတို့မဟုတ်ဘဲ တခြားလူဆိုရင်လဲ ဝင်ကူမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က မတရားတာ မမှန်တာတွေ့ရင် မနေတတ်လို့ပါ၊ ကျွန်တော် ဦးတို့ဆီမှာ အခိုက်အတန့်အားဖြင့် လိုက်နေပါမယ်'

ဤသို့ဖြင့် ချန်းလီသည် လီကွမ်း၏ ပန်းဥယျာဉ် စံအိမ်တော်သို့ ရောက်ရှိလာခဲ့တော့သည်။ ချန်းလီ ထိုစံအိမ်တော်တွင် လေးလခန့်နေပြီးချိန်တွင် လီဝါနှင့် ပိုမိုရင်းနှီးလာခဲ့ရသည်။ လီဝါမှာ အသက် တစ်ဆယ့်ခြောက်နှစ်ခန့်သာ ရှိသေး၏။ စံအိမ်ရှင် လီကွမ်း၏ တစ်ဦးတည်းသော သမီးချောကလေးပေ စိတ်ရင်းကောင်းမွန်သည်။ မာန်မာန မကြီးတတ်၊ ယဉ်ယဉ်လေးနှင့် သိမ်မွေ့သည့် အလှပိုင်ရှင်လေး ဖြစ်သည်။ တစ်ခါတစ်ရံတွင်တော့ ကလေးလေး တစ်ယောက်ကဲ့သို့ နွဲ့ဆိုးဆိုးတတ်သည်။





တစ်နေ့ သူမသည် ချန်းလီနှင့်ဆုံတွေ့ကာ စပ်စပ်စုစု မေးခွန်းများကို မေးမြန်းခဲ့သည်။

ထိုနေ့က စံအိမ်တော်တွင် လီကွမ်းလည်း ရှိမနေ လွတ်လပ်သော အချိန်မျိုးဖြစ်သည်။

'အစ်ကိုချန်းလီမှာ မိဘဆွေမျိုးတွေမရှိတော့ ဘယ်လိုနေပြီး ဘယ်လိုလုပ်ကိုင်စားသောက်ခဲ့သလဲဟင်'

'အစ်ကို့ ခြေနှစ်ဘက်က လမ်းလျှောက်ခြင်းအမှုကို ပြုပြီး လက်နှစ်ဘက်ကတော့ ထမင်းစားဖို့အတွက် အလုပ်လုပ်ရတာပေါ့၊ ကျောတစ်နေရာရဖို့အတွက်ကတော့ ကမ္ဘာမြေကြီးဟာ သိပ်မကျဉ်းပါဘူး၊ နေရာတိုင်းမှာ အိပ်စက်နားခိုခွင့်ရှိနေပါတယ် လီဝါ၊ တစ်ခုတော့ရှိတာပေါ့၊ မင်းတို့ စံအိမ်လိုတော့ ဘယ်ကောင်းပါ့မလဲ၊ သချိုင်းကုန်းတို့ ဇရပ်တို့ဆိုတာ အစ်ကို့အတွက် နားခိုရာဌာနတွေပေါ့ကွာ'

လီဝါ နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

'အစ်ကိုက သိပ်ပြီး စကားကြီးစကားကျယ် သုံးတာပဲ၊ ဒါထက် အစ်ကို့ဆရာက ဘယ်သူလဲဟင်'

ထိုမေးခွန်းကြောင့် ချန်းလီမှာ မျက်လုံးမျက်ဆန် ပြူးသွားရသည်။ ယင်းကိစ္စမှာ ချန်းလီ၏လျှို့ဝှက်ချက်ပင်မဟုတ်ပါလား။

'အစ်ကို့ရဲ့ဆရာ ဘယ်သူလဲဆိုတာ မမေးပါနဲ့ကွာ၊ အခွင့်အခါကြုံလို့ရှိရင် အစ်ကိုပြောပါ့မယ်၊ ညီမလေးအဖေကလဲ

တို့ကို တစ်ခါက မေးဖူးတယ်၊ အဲဒီတုန်းကလဲ အစ်ကို မဖြေခဲ့ဘူး'

'အစ်ကိုက သိပ်ပြီးလျှို့ဝှက်တာပဲ'

'မလိုအပ်သေးလို့ပါ၊ လိုအပ်ရင် အစ်ကို ပြောပါ့မယ်၊ အဲဒီအချိန်ဆိုရင် ညီမလေးလဲ လျှို့လျှို့ဝှက်ဝှက်ရှိရမယ်နော်'

ထိုမျှလောက်နှင့်ပင် လီဝါ ကျေနပ်လိုက်ရသည်။

ချန်းလီနှင့် လီဝါတို့၏ ရင်းနှီးမှု အတိုင်းအတာမှာ တစ်နေ့ထက်တစ်နေ့ ကြီးထွားလာကြသည်။ ထိုသို့ ရင်းနှီးလာသောအခါ ချန်းလီ၏ လျှို့ဝှက်ချက်များကို သူမ ကောင်းစွာ ရိပ်မိလာသည်။

တစ်နေ့တွင် ချန်းလီသည် စံအိမ်တော်မှတွက်၍ ဥုတိတောင်သို့ သွားသည်။ ထိုအခါ လီဝါသည် အနောက်မှ မယောင်မလည် လိုက်ပါလာခဲ့လေသည်။ ချန်းလီမှာ အလွန်ပါးနပ်သူ တစ်ဦးဖြစ်သည်။ ဥုတိတောင်ခြေသို့ မရောက်ခင်မှာပင် မိမိနောက်မှ လူတစ်ယောက် လိုက်ပါလာ၍ မိမိအား ချောင်းမြောင်းနေကြောင်း သိသည်။ ထိုသူမှာ လီဝါတစ်ယောက်သာလျှင် ဖြစ်နိုင်ကြောင်း သဘောပေါက်လေသည်။ ချန်းလီသည် နောက်မှ ချုံပုတ်များ လှုပ်နေသံကြားရသည်။ ထိုအခါ လှည့်ကြည့်လိုက်သည်။ သို့သော်လည်း လီဝါကို မတွေ့ရ။ ချန်းလီသည် တစ်ချက်ပြုံးလိုက်သည်။ ချုံပုတ်တစ်ခုမှာ လေမတိုက်ဘဲ လှုပ်နေ၏။





'ဟိတ်....ချုံပုတ်ထဲက ဘယ်သူလဲဟေ့ ထွက်ခဲ့စမ်း'

ချန်းလီ အော်မေးလိုက်သော်လည်း တစ်စုံတစ်ရာ ဖြေကြားခြင်း မရှိချေ။ ချုံပုတ်မှာလည်း ထိုအခါကျမှပင် လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်သွားသည်။

ချန်းလီ ပြုံးလိုက်သည်။

'ဟိုချုံပုတ်ထဲကလူ ထွက်ခဲ့စမ်း မထွက်ရင် ဒီကျောက်တုံးနဲ့ ထုပစ်လိုက်မယ်၊ ချန်းလီကို ဒီလိုလာစမ်းလို့ သယ်ရ မလဲကွာ၊ ဟား....ဟား....ဟား'

ချန်းလီက ဒေါသဟန်ပါပါဖြင့် အော်ပြောလိုက်သည်။

လီဝါမှာ ချန်းလီ၏ အော်ဟစ်လိုက်သံကြောင့် လန့်သွားသည်။ ချန်းလီကို ကျီးလန့်တစာကြည့်လိုက်သည်။ လက်ထဲတွင် ကျောက်တုံးတစ်တုံးကို ကိုင်ထားသည်ကို တွေ့ရသည်။ လီဝါသည် ချုံပုတ်ထဲမှ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်၍လာသည်။

'ဘယ်သူများလဲလို့ ငါသိပါတယ်လီဝါ၊ မင်း ငါ့နောက်ကိုဘာဖြစ်လို့ လိုက်လာခဲ့ရတာလဲ'

'အစ်ကို့ အကြောင်း သိချင်လို့ပေါ့၊ ပြီးတော့ ညီမတစ်ယောက်ထဲ အိမ်မှာနေခဲ့ရမှာပျင်းလို့'

ချန်းလီမှာ လီဝါအပြောကြောင့် ဒေါသဖြစ်ရမှာလဲ အခက် စိတ်ဆိုးရမှာလဲ အခက်ဖြစ်နေသည်။

ထို့နောက် ချန်းလီမှာ ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးလိုက်သည်။

'အစ်ကို ဘာပြုံးတာလဲ'

သဘောကျလို့ပါ၊ မင်းကိုယ်မင်း သိပ်လည်လှပြီ ထင်နေသလား လီဝါ'

'မထင်ပါဘူး၊ အစ်ကိုအိမ်က ခဏခဏပျောက်သွားလို့ အစ်ကိုဘယ်သွားနေသလဲဆိုတာ သိချင်တာနဲ့ နောက်ယောင်ခံ လိုက်လာခဲ့တာပါအစ်ကို'

ချန်းလီသက်ပြင်းချလိုက်သည်။

'ငါ့မှာ သိပ်အရေးကြီးတဲ့ကိစ္စတွေ ရှိနေတယ်လီဝါ'

'ကျွန်မလဲတစ်ဝက်မျှပြီး ဆောင်ရွက်ပေးပါ့မယ် အစ်ကို'

လီဝါဟာ ချန်းလီကို သနားဟန်ဖြင့် မျက်နှာညှိုး၍ သွားသည်။

ချန်းလီ၏ မျက်ခုံးမွေးနှစ်ခုစုပြီး မြင့်တက်သွားသည်။ ချန်းလီ ခဏစဉ်းစားလိုက်သည်။ ပြီးတော့မှ လီဝါကိုပြောသည်။

'ငါ့အခက်အခဲတွေကို မင်းကူညီနိုင်မယ် မထင်ပါဘူးညီမရယ်'

'ဘာဖြစ်လို့လဲအစ်ကို'

'မလွယ်ဘူး၊ အသက်အန္တရာယ်နဲ့ နီးတယ်'





'မလွယ်တဲ့အလုပ်တိုင်းမှာ လွယ်အောင်လုပ်လို့ရတဲ့လုပ်နည်းလုပ်ဟန်တွေ အများကြီးရှိပါတယ်၊ အသက်အန္တရာယ်နီးတော့ကော ဘာဖြစ်လဲ၊ အစ်ကိုချန်းလီလဲသိုင်းပညာတွေ တတ်ကျွမ်းတယ်၊ ညီမလဲ အဖေဆီကနေ သိုင်းပညာတွေ သင်ကားတာပဲလို့'

ချန်းလီသည် လီဝါ၏ နုရွှန်းသော မျက်နှာလေးကိုကြည့်ကာ ခေါင်းယမ်းလိုက်သည်။

'မဖြစ်ပါဘူးညီမရယ်'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ အစ်ကိုပြောကြည့်စမ်းပါဦး၊ ညီမဆုံးဖြတ်ပေးပါ့မယ်'

လီဝါမှာ လူကြီးဟန်ဖြင့်ပြောလိုက်သောကြောင့် ချန်းလီစိတ်ထဲမှ ပြုံးလိုက်မိသည်။

'မင်းကို ငါရဲ့လျှို့ဝှက်ချက်တွေ ပြောမပြခင် မင်းကိုငါ တစ်ခုမေးစရာရှိတယ်၊ မှန်မှန်ဖြေမလား'

'အစ်ကိုမေးပါ၊ ရပါတယ်'

'မင်း....ငါ့ကိုခင်သလား'

'ဒါလေးများ'

'ပြောပါ'

'ခင်တာပေါ့'

'အစ်ကို့ကို အစ်ကိုတစ်ယောက်လိုကော သဘောထားသလား၊ ယုံကြည်မှုကော ရှိအလား'

'ဟွန်း....ဒါများ'

'ဖြေစမ်းပါ'

'အစ်ကိုလိုလဲသဘောထားတယ်၊ ယုံလဲယုံကြည်တယ်'

'တကယ်'

'တကယ်မဟုတ်ဘူး အကယ်တစ်ရာ၊ ကဲ....ယုံပြီလား'

ချန်းလီပြုံးလိုက်သည်။ စကားပြောရင်းသူတို့နှစ်ယောက်တောင်ခြေသို့ ရောက်ရှိလာကြသည်။

'လီဝါ'

'ရှင်....အစ်ကို'

'မင်းကိုငါတစ်ခု မေးရဦးမယ်'

'တစ်ခုမဟုတ်ဘူး အများကြီးမေးနိုင်တယ်'

'မစ်း ငါ့နောက်ကိုလိုက်လာတာဟာ ငါ့ကိုဒုက္ခပေးဖို့မဟုတ်ပါဘူးနော်'

'ဘာဖြစ်လို့လဲအစ်ကို'

'ငါ့ရဲ့လျှို့ဝှက်ချက်ကို မင်းကိုပြောပြရင် မင်းသူများတွေကို လျှောက်ပြီးပြောပြမှာလား၊ ဒီလျှို့ဝှက်ချက်တွေဟာ ငါ့ဘဝအတွက် အများကြီး အရေးကြီးတယ်'

'ဒါကတော့'

'ဘာလဲ ဒါကတော့ဆိုတာ'





'အစ်ကိုက ဘယ်သူ့ကိုမှ မပြောနဲ့ဆိုရင် ကျွန်မ ဘယ်ပြောမလဲ၊ အင်း....ဒါပေမယ့် အစ်ကိုက ကျွန်မကို ဘာမှ မပြောခဲ့ရင်တော့ မေးတဲ့သူရှိရင် ပြောမိမှာပဲ'

ချန်းလီ မျက်လုံးပြူးသွားသည်။ လီဝါကိုစူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'ငါက ဘယ်သူ့ကိုမှမပြောနဲ့ဆိုရင် မင်းက ဘယ်သူ့ကိုမှ မပြောဘူးပေါ့ ဒီလိုလား'

'အင်း....ဟုတ်တယ်'

'ယုံကြည်ရပါ့မလား'

'ယုံကြည်ရပါတယ်'

'စိတ်ကောချရပါ့မလား'

'စိတ်လဲချရပါတယ်၊ အစ်ကိုပြောမယ့်ဟာသာ ပြောပါ၊ စျေးကိုင်နေလိုက်တာဆိုတာ'

ချန်းလီသည် မိမိ၏လျှို့ဝှက်ချက်ကို လီဝါအား ပြောပြသင့်မသင့် ချင့်ချိန်နေ၏။ လီဝါသည် ချန်းလီ၏မျက်နှာကို မော့ကြည့်ကာ ချန်းလီထံမှစကားကို စောင့်နေလေသည်။

ချန်းလီမှာ ရုတ်တရက်စကားဆိုခြင်းမရှိဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်လို ငူငူကြီးဖြစ်နေသည်။

သစ်ရွက်လေတိုးသံများ ထွက်ပေါ်လျက်ရှိသည်။ တစ်ခဏမျှ ကြာသောအခါ ချန်းလီထံမှ စကားသံ ထွက်ပေါ်လာသည်။

'မင်း ငါ့ကို ဒုက္ခမပေးဘူးဆိုရင်တော့ မင်းကိုငါပြောပြမယ်၊ ဒီလိုပြောပြတာဟာလဲ မင်းကိုငါ ညီမလေး တစ်ယောက်လို သဘောထားလို့ ယုံကြည်စိတ်ချရလို့ပဲ'

ထိုအခါ လီဝါ၏ မျက်နှာလေးဝင်းလက်သွားသည်။

ချန်းလီက မိမိကိုယုံကြည်သည်ဟု ဆိုသဖြင့် သူမအလွန်ပီတိဖြစ်သွားသည်။

စိတ်ထဲမှလည်း သူငါ့ကို ကလေးတစ်ယောက်လို မထင်တော့ဘူး၊ ဟင်းဟင်း လူကြီးဖြစ်သွားပြီ၊ လူကြီးဖြစ်သွားပြီဟု တွေးကာ လွန်စွာကျေနပ်၍သွားလေသည်။

ချန်းလီသည် သူ၏ လျှို့ဝှက်ချက်များကို လီဝါအား တစ်လုံးမကျန် ပြောပြလိုက်လေတော့သည်။

'ငါ ဒီစူတီတောင်ကိုရောက်လာတာ အကြောင်းရှိတယ်၊ ဒီတောင်ပေါ်မှာ ငါ့ဆရာရှိတယ်၊ ဒါပေမယ့် ငါ့ဆရာဟာ သက်ရှိထင်ရှားမဟုတ်ဘူး၊ သေသွားပြီ၊ ဒါကြောင့် ငါ့ဆရာကို ငါလာကန်တော့တာ'

'ရှင်....အစ်ကို့ဆရာက သေသွားပြီ ဟုတ်လား'

'ဟုတ်တယ်'

'အစ်ကို့ဆရာရဲ့နာမည်ကကော ဘယ်လိုခေါ်လဲ'

ချန်းလီ ပြောသင့်မပြောသင့် ခဏစဉ်းစားလိုက်ပြီး....

'မင်းကို ငါယုံကြည်လို့ပြောမယ် ငါ့ဆရာရဲ့ နာမည်က စင်းချန်လို့ ခေါ်တယ်'





ထိုအခါ လီဝါက....

'ကျွန်မ သိုင်းလောကထဲမှာ ဒီနာမည်မျိုး တစ်ခါမှ မကြားဖူးသေးပါဘူး'

'မင်းပြောတာ မှန်ပါတယ်၊ သူက သိုင်းလောကထဲကို သိပ်မဝင်ဘူး သူဟာ တောင်ပေါ်မှာပဲ သိုင်းကျင့်တယ်၊ တရားကျင့်တယ်'

'ဩော်....ဒါကြောင့်ကိုး'

'ငါ့ရဲ့လျှို့ဝှက်ချက်က မင်းသိသွားပြီဖြစ်တဲ့အတွက် ဆက်ပြီး လျှို့ဝှက်ရမယ့်တာဝန်က မင်းတာဝန်ပဲလီဝါ'

'ကျွန်မ နားလည်ပါတယ်'

'ကောင်းပြီ၊ ဒီလိုဆိုရင် ငါ့ဆရာဆီ မင်းကိုခေါ်သွားမယ်'

'ဒါနဲ့ အစ်ကို့ဆရာက သေပြီဆို'

'ဟုတ်တယ်လေ၊ ဒါပေမယ့် တောင်ပေါ်မှာ ငါ့ဆရာကို အမှတ်တရအနေနဲ့ ကျောက်ရုပ်ထုထားတယ်'

လီဝါ ခေါင်းညိတ်လိုက်သည်။

'ဘယ်သူကထုတာလဲ၊ အစ်ကိုကိုယ်တိုင် ထုတာလား'

ချန်းလီ ခေါင်းညိတ်လိုက်သည်။

'တောင်ပေါ်ရောက်မှ ဆက်ပြီးရှင်းပြမယ်၊ လာဆက်ပြီး တက်ကြမယ်'

ချန်းလီနှင့်လီဝါ နှစ်ယောက်သား တောင်ပေါ်သို့ဆက်၍ တက်လာကြသည်။ မကြာမီ တောင်လယ်သို့ရောက်ရှိလာကြသည်။ တောင်ခြေမှာထက်ပင် လေမှာပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည်။ တစ်ခါတစ်ရံ သဲမှုန်ကလေးများပင် လေနှင့်အတူ လွင့်ကာ သူတို့နှစ်ဦးကို ထိမှန်လေသည်။

'လီဝါ၊ ဒီတောင်ကို ဂူတိတောင်လို့ခေါ်တယ်'

'ဟုတ်ကဲ့ ..အစ်ကို'

'ညီမတို့ စံအိမ်နဲ့ဆိုရင် လီ ၂၀ လောက်ဝေးတယ်'

(တရုတ်လီတစ်လီတွင် ခြောက်မိုင်ရှိသည်။ လီ ၂၀ ဆိုသောကြောင့် မိုင်ပေါင်း ၁၂၀ ရှိသည်။)

'တော်တော်ဝေးတာပဲနော်'

'အင်း....'

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ တောင်ပေါ်သို့ပင် ရောက်ရှိလာခဲ့သည်။ တောင်ပေါ်တွင် နှင်းမြူများ အုံ့ဆိုင်း၍နေသည်။ ထို့ကြောင့် တောင်ပေါ်လေသည် အလွန်အေးမြလျက်ရှိသည်။ တဖြေးဖြေးနှင့် သူတို့နှစ်ဦးသည် ကျောက်ရုပ်နားသို့ ရောက်ရှိလာသည်။

ထို့နောက် နှစ်ယောက်သား ကြောက်ရုပ်ထုနားတွင် ထိုင်လိုက်ကြသည်။

'အစ်ကို့ဆရာရဲ့ အကြောင်းကို ဆက်ပြီးပြောပါဦး၊ ရှင်းရှင်းလင်းလင်းသိရအောင်လို့ပါ'





လီဝါက အားမလိုအားမရဖြစ်ကာ ချန်းလီအားမေးလိုက်လေသည်။

ထိုအခါ ချန်းလီက သူ၏ဆရာ ကျောက်ရုပ်ထုကို ကြည့်လိုက်ပြီး လီဝါအား ခပ်လေးလေး ပြောလေသည်။

'ငါ့ဆရာဟာ တစ်စုံတစ်ယောက်ရဲ့ လုပ်ကြံမှုကိုခံရပြီး သေဆုံးသွားခဲ့ရတယ်၊ ဒါကြောင့် ငါ့ဆရာရဲ့ ကြွင်းကျန်တဲ့ ရုပ်အလောင်းကို မြေမမြှုပ်ပဲ ဒီတောင်ပေါ်မှာ ကျောက်တစ်မျိုးနဲ့ အုံမံပြီး ကျောက်ရုပ်ထု တစ်ခုအနေနဲ့ အမှတ်တရ ဖန်တီးထားခဲ့တာပဲ လီဝါ'

'ရှင်'

လီဝါမှာ အံ့သြသွားသည်။ ထို့ကြောင့် စကားပင်ဆက်မပြောနိုင်ဘဲငြိမ်သွားသည်။

ချန်းလီက ဆက်ပြောလေသည်။

'မင်း နှုတ်လုံပါ၊ သစ္စာရှိပါ လီဝါ'

'အစ်ကိုက ဒါပဲပြောနေတာပဲ။ စိတ်ချစမ်းပါ အစ်ကိုရဲ့'

လီဝါ နှာခေါင်းရှုံ့သွားသည်။

'အစ်ကိုအသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ရင် သိုင်းလောကထဲကို ဝင်မယ်၊ နောက်ပြီး အစ်ကို့ဆရာကို သတ်သွားတဲ့ လူသတ်သမားကို လိုက်ရှာမယ်၊ တွေ့ရင် အစ်ကို ဘာဆက်လုပ်မလဲဆိုတာကို လီဝါမမေးနဲ့တော့'

'မမေးရပေမဲ့လည်း ညီမသဘောပေါက်နေပါပြီ'

‘သဘောပေါက်ရင် ပြီးရောကွာ’

ချန်းလီက ပြန်ပြောသည်။

‘အစ်ကို့ရဲ့ဆရာ ဒီကျောက်ထုံးကြီးထဲမှာ ရှိနေတယ်ပေါ့ ဟုတ်လားဟင်’

‘ဟုတ်တယ်၊ ဒီကျောက်အုံထဲမှာရှိတယ်’

‘အထဲမှာ ပုတ်မနေဘူးလား’

‘မပုတ်နိုင်တဲ့ဆေးတွေနဲ့ စီရင်ပြီး ကျောက်ခဲနဲ့ အုံမထားတာ ဘယ်တော့မှ မပုတ်တော့ဘူး၊ ဒီကျောက်ခဲဟာ ကြာရင်ကျောက်ဖြစ်သွားတာပဲ’

လီဝါ ခေါင်းတဆတ်ဆတ်ညိတ်သည်။

‘လီဝါကို အစ်ကို့ရဲ့ လျှို့ဝှက်ချက်တွေပြောပြခဲ့ပြီးပြီ၊ အဲဒီတော့ ညီမဘက်ကလဲ တာဝန်ကျေပြီး လျှို့ဝှက်ထားပါ၊ နောက်ဆုံး ညီမလေးရဲ့ အဖေကိုတောင်မှ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောနဲ့၊ အစ်ကို့ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်မှ ညီမလေးသဘော ပြောချင်ပြော၊ မပြောချင်နေ’

ပိုမို၍ စိတ်ချရစေရန် ချန်းလီက လီဝါကို ထပ်ခါတလဲလဲ မှာနေသည်။

‘ညီမ ဘယ်တော့မှ မပြောပါဘူး အစ်ကိုရယ်၊ တကယ်လို့ ညီမ ပြောမိတယ်ဆိုရင် ညီမရဲ့ လျှာကို ဖြတ်လှည့်ပါ’

ထိုသို့ ပြောဆိုပြီးနောက် ချန်းလီနှင့် လီဝါတို့နှစ်ဦးသည် တောင်အောက်သို့ တဖြည်းဖြည်း ပြန်၍ဆင်းလာခဲ့ကြသည်။





တဖြည်းဖြည်း အအေး လျော့နည်းလာသည်။ တောင်ခြေတွင် နွေးထွေးသောလေများ တိုက်ခတ်လျက်ရှိသည်။ တစ်ခါတစ်ရံတွင်တော့ လေပြေ လေညင်းကလေးများတစ်ချက်တစ်ချက် တိုက်ခိုက်နေသည်။

‘အား’

‘အံမယ်လေး’

လီဝါ၏ စူးစူးဝါးဝါး အော်ဟစ်သံကြောင့် ချန်းလီ ထိတ်လန့်သွားကာ လှည့်ကြည့်လိုက်သည်။

လီဝါသည် မြေပေါ်၌ ခွေခွေကလေး လဲကျလျက်ရှိသည်။ သူ၏ဘေးတွင် မြွေစိမ်းကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရသည်။

ထိုအခါ ချန်းလီမှာ အံ့အားသင့်လျက်....

‘ဟာ’

ထို့နောက် ချန်းလီသည် အနားတွင်ရှိသော သစ်ပင်မှ သစ်ကိုင်းကို ချိုးယူ၍ မြွေစိမ်းကြီးကို ရိုက်သတ်လိုက်သည်။ မြွေစိမ်းကြီးမှာ ဘလူးလူးလွန့်၍ ပျော့ခွေကာ သေဆုံးသွားသည်။

ချန်းလီသည် မေ့နေသော ဝါလီကို ပွေ့ထူလိုက်သည်။

‘ညီမလေး....ညီမလေး’

လီဝါ၏ နှားထဲတွင် ထိုခေါ်သံသည် တိုးတိုးကလေးသာ ကြားနေရသည်။ အလွန်ပြင်းထန်သော မြွေဆိပ်ကြောင့်

လီဝါ၏ မျက်နှာတစ်ခုလုံးတွင် ချွေးသီးချွေးပေါက်များ ယိုစီးထွက်လာကာ မျက်စိတို့ပင် ပုံမှန်အနေအထားမရှိတော့ဘဲဝေဝါးလာသည်။ ချန်းလီမှာ ရုတ်တရက် မည်သို့ ပြုလုပ်ရမှန်းမသိ။ ချန်းလီ၏ တစ်ကိုယ်လုံးမှာ လီဝါအတွက် စိုးရိမ်လွန်းကာ ချွေးပြန်နေသည်။ ထို့နောက် ချန်းလီ သတိဝင်ကာ လီဝါ၏ ခြေသလုံးသားကိုလှန်၍ မြွေကိုက်သည့်နေရာမှ တစ်ထွာအထက်ရှိ အကြောတစ်ချောင်းကို လက်ဖြင့်ထောက်ကာ ပိတ်လိုက်သည်။

အဆိပ်များ တစ်ကိုယ်လုံး မပြန့်နှံ့စေရန်ဖြစ်သည်။ မြွေဆိပ်များ တန့်၍သွားမှ ချန်းလီသည် ဓားကိုချွတ်၍ဓားအိမ်ကို အတွင်းအားနှင့် အပူဓာတ်သွင်းကာ ဓားအိမ်ပေါက်နှင့် ခြေသလုံးပေါ်မှ မြွေအစွယ်ရာကို ဖိအုပ်လိုက်သည်။

တစ်ခဏအတွင်း ဓားအိမ်ကို ခြေသလုံးသားပေါ်မှ ခွာလိုက်သည်။ အဆိပ်များသည် ဓားအိမ်အတွင်းသို့ ဝင်လာလျက် အနက်ရောင်သွေးများနှင့် အစိမ်းရောင်သမ်းနေသောသွေးများ ဓားအိမ်အတွင်းမှထွက်ကျလာသည်။

အဆိပ်များ ထွက်သွားပြီးနောက် လီဝါ၏မျက်လုံးများနှင့် နားများ ပုံမှန်အတိုင်း ကြည်ကြည်လင်လင် ဖြစ်လာသည်။

အမြင်အာရုံလည်း ဝေဝါးခြင်း မရှိတော့။ အပေါ်မှ စိုးရိမ်စိတ်ဖြင့် ငုံ့၍ကြည့်နေသော ချန်းလီကို ပီပြင်စွာမြင်





တွေ့လိုက်ရသည်။ ထိုအခါမှသာ ချန်းလီမှာ ပြုံးနိုင်တော့လေသည်။

'လီဝါ သက်သာရဲ့လားဟင်'

'သက်သာပါတယ်အစ်ကို၊ အို...အမေ့'

လီဝါသည် သူ့ဘေးနားမှမြွေသေကို ရုတ်တရက်မြင်တွေ့လိုက်ရသဖြင့် အထိတ်တလန့်ဖြစ်ကာ ချန်းလီကို ဖက်လိုက်သည်။

'မကြောက်ပါနဲ့တော့ လီဝါ၊ မြွေကသေနေပါပြီ'

လီဝါသည် ချန်းလီ၏ရင်ခွင်ထဲမှပြန်ထွက်လိုက်သည်။

'အို...အစ်ကိုမကောင်းဘူး'

လီဝါသည် ချန်းလီ၏ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ခတ်ဆတ်ဆတ်ကလေး ထုနှက်လိုက်သည်။ သူမ၏မျက်နှာတစ်ခုလုံး ရဲရဲနီလျက် ရှိသည်။ ချန်းလီကမူပြုံးနေသည်။ သူတို့နှစ်ဦး၏ ရင်ထဲတွင် ရှိန်းတိမ်း ဖိန်းတိမ်းဖြစ်ကာ နေလေတော့သည်။

....❀....

## အခန်း (၁၅)

ထင်ဟိုင်နယ်သည် သိုင်းသမားများပေါသော မြို့ကြီးတစ်မြို့ဖြစ်သည်။

ချန်းလီထွက်လာသောခရီးစဉ်မှာလည်း ထင်ဟိုင်နယ်ပင်ဖြစ်သည်။ ထင်ဟိုင်နယ်သို့ရောက်လျှင် တစ်စုံတစ်ရာထူးခြားလိမ့်မည်ဟု ချန်းလီထင်သည်။ မိမိဆရာနှင့် ပတ်သက်သောသတင်းအစအနများကို စုံစမ်းထောက်လှမ်းရပေမည်။ ထိုနယ်တွင် အနက်ရောင်သိုင်းသမား၊ အဖြူရောင် သိုင်းသမားများရှိနေသည်။ ထင်ဟိုင်နယ်တွင် သူ့ဆရာကိုသတ်သူ ရှိနိုင်ကောင်းရှိနိုင်လိမ့်မည်။

ထို့ကြောင့် လူသတ်သမားကိုရှာဖွေရန် ထင်ဟိုင်နယ်သို့ ချန်းလီသွားလိုခြင်းဖြစ်သည်။ ထင်ဟိုင်နယ်သည် မည်ကဲ့သို့သော မြို့တစ်မြို့ပေတည်း။ စည်ကားသလား မစည်ကားဘူးလား ချန်းလီမသိ။ သို့သော် သိုင်းသမား ပေါများသည်ကို





ကား ချန်းလီသိသည်။ အများပြောနေကြ၍ တစ်စွန်းတစ်စကြားသိခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ချန်းလီကား တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်ကိုချပြီးပြီဖြစ်သည်။

ချန်းလီခရီးထွက်ရန် ပြင်ဆင်နေချိန်မှာပင် လီကွမ်းနှင့် လီဝါတို့ သူ့အနားသို့ရောက်လာကြသည်။

'မင်း ဟိုမှာ အဆင်မပြေရင် အချိန်မရွေး ငါတို့ဆီပြန်လာနိုင်တယ် ချန်းလီ'

လီကွမ်းကပြောသည်။

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဦးတို့ရဲ့ ကျွန်တော့်အပေါ် ထားတဲ့စေတနာကိုလေးစားပါတယ်၊ တစ်ချိန်ချိန်မှာ ပြန်ဆုံခဲ့ရင်တော့ ဦးတို့သားအဖနှစ်ဦးရဲ့ ကျေးဇူးကို ပြန်ဆပ်ပါ့မယ် ဦးရယ်'

'ကျေးဇူးတင်ရမှာကမင်းမဟုတ်ပါဘူးကွာ၊ မင်းကသာ ဦးတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ'

လီကွမ်းက အားတုံ့အားနာဟန်ဖြင့် ချန်းလီကိုလက်ကာ၍ ပြောသည်။ ထို့နောက် လီကွမ်းက....

'ချန်းလီ'

'ခင်ဗျာ....ဦး၊ ဦးဘာမှာချင်လို့လဲ'

လီကွမ်းက တစ်ခဏနှုတ်ဆိတ်နေပြီးနောက်....

'မင်း ထင်ဟိုင်နယ်ကိုသွားမှာမဟုတ်လား'

'ဟုတ်ပါတယ်'

'ငါ ဘာမှမမှားပါဘူးကွာ၊ ဒါပေမယ့် ထင်ဟိုင်နယ်ကို သွားတဲ့အခါ သတိဝီရိယနဲ့သွားပါ၊ ဟိုမှာ အနက်ရောင် အကျင့်ပျက် သိုင်းသမားတွေပေါ်တယ်'

'ဟုတ်ကဲ့ဦး၊ အခုလိုပြောပြတာကို အများကြီး ကျေးဇူး တင်ပါတယ်'

'အစ်ကိုချန်းလီ၊ ဟိုမှာအကြာကြီးမနေနဲ့နော်၊ ကိစ္စပြီး ရင် အမြန်ဆုံးပြန်လာခဲ့ပါ'

'စိတ်ချပါ ညီမလေးလီဝါ၊ အစ်ကို အမြန်ဆုံးပြန်လာ ခဲ့ပါ့မယ်'

....o....

စင်ရန်မြို့နှင့် ထင်ဟိုင်သည် အလွန်ဝေးကွာလွန်းသည်။ ချန်းလီသည် စင်ရန်မြို့ရှိ ဥယျာဉ်စံအိမ်တော်ကို ကျောခိုင်း ထွက်ခွာလာရာ မိုင်ခရီးသို့ရောက်သောအခါ ငုရင်ဟု ခေါ် သော ရွာတစ်ရွာသို့ ရောက်ရှိလာခဲ့သည်။

တောင်စွယ်တွင် နေဝင်စပြုပြီဖြစ်သည်။

အမှောင်ရိပ်များက တစ်စထက်တစ်စ ကြီးစိုးလာသည်။ ငုရင်ရွာတွင် တစ်ညတာမျှ တည်းခိုနေထိုင်စားသောက်ရန် စားသောက်ဆိုင်တစ်ဆိုင်ကို ရှာဖွေသည်။

စားသောက်ဆိုင်ကို တော်တော်နှင့် ရှာမတွေ့နိုင်သေး၊ အတော်လေးကြာအောင် လျှောက်မိသောအခါမှ စား





သောက်ဆိုင်တစ်ဆိုင်ကို တွေ့ရသည်။ ချန်းလီက အလွန်ဝမ်း သာသွားသည်။ ထို့နောက် စားသောက်ဆိုင်ရှင်နှင့်တွေ့ကာ တစ်ညတာ တည်းခိုခွင့်ပြုရန် ဆွေးနွေးသည်။

'ဒီမှာ နောင်ကြီး ကျုပ်တို့ဆိုင်က စားသောက်ဆိုင် သက်သက်ပါ၊ လူပိုလူလျှံတွေအတွက်တည်းခိုခန်း မရှိပါဘူး ခင်ဗျာ'

ဆိုင်ရှင်ကပြောသည်။ ဆိုင်ရှင်စကားကြောင့် ချန်းလီမှာ စိတ်ပျက်သွားရသည်။ သူသည် ထိုမြို့တွင် အသိမိတ်ဆွေ တစ်ဦးတစ်ယောက်မျှ မရှိချေ။

ချန်းလီသည် စိတ်ပျက်လက်ပျက်နှင့် ဆိုင်ရှင်အား စားသောက်စရာများကိုသာ မှာယူလိုက်သည်။

'ကဲဗျာ ဒီလိုဆိုရင် ခေါက်ဆွဲတစ်ပွဲနဲ့ အရက်တစ်အိုး ပေးဗျာ'

ဆိုင်ရှင်သည် ချန်းလီမှာသည့်အတိုင်း နောက်ဖေးဆောင် သို့ လှမ်းအော်၍ မှာလိုက်သည်။

တစ်ခဏအကြာတွင် အသက်ငါးဆယ်အရွယ် ယောကျ်ား ကြီးတစ်ဦးသည် ခေါက်ဆွဲကျော်တစ်ပွဲနှင့် အရက်တစ်အိုးကို လင်ဗန်းတစ်ချပ်ပေါ်တင်ပြီး ရောက်လာသည်။ ချန်းလီ ထိုင် နေသော စားပွဲပေါ်တင်ပေးပြီး ပြန်ထွက်သွားသည်။ ချန်းလီသည် ဆိုင်တစ်ဆိုင်လုံးကို အကဲခတ်ကြည့်လိုက်သည်။ ဆိုင်မှာ အလွန်စုတ်ချာ၍ ညစ်လည်းညစ်ပတ်လှသည်။

ထို့ကြောင့်ပေပင်လားမသိ၊ ဆိုင်တစ်ဆိုင်လုံးတွင် စားသောက်သူဆို၍ ချန်းလီ တစ်ယောက်သာ ရှိနေသည်။ ဆိုင်ရှင်လူကြီးမှာ ကောင်တာမှထိုင်ကာ ချန်းလီကို အကဲခတ်ကြည့်ရှုနေလေသည်။

'အင်း....ငါ မြန်မြန်စားသောက်ပြီး မိုးကြီးအရမ်းမချုပ်ခင်ခရီးဆက်မှ ဒီပြင်ရွာတစ်ရွာကိုရောက်ဖို့ အရေးကြီးတယ်၊ မဟုတ်ရင် လမ်းပေါ်မှာ ခရီးတစ်ထောက်နားပြီး အိပ်နေရရင် အန္တရာယ်ရှိတယ်၊ အဲဒီတော့....'

'ဟာ....အပြင်မှာ မိုးတောင် အတော်ချုပ်နေပါလား'

ချန်းလီသည် ဆိုင်အပြင်သို့ လှမ်းကြည့်လိုက်ပြီး ဝ်ငင်စောစွာဖြင့် ခေါက်ဆွဲကျော်ကို ခပ်မြန်မြန်စားလိုက်သည်။

ခေါက်ဆွဲကျော်စားရင်း အရက်လည်း တစ်ကျိုက်ကျိုက်သောက်နေတော့သည်။ ချန်းလီ၏ အဖြစ်ကိုကြည့်ကာ ကောင်တာထိုင်နေသော လူကြီးစိတ်ထဲ၌....

'ဒီကောင် ဘာဖြစ်တာပါလိမ့်၊ ကျားများလိုက်လာပို့လား'

ဟုတွေးကာပြုံးမိနေလေသည်။

ခေါက်ဆွဲကျော်နှင့် အရက်တစ်အိုးကုန်သောအခါ ဆိုင်ထဲသို့ လူနှစ်ယောက် ပြေးဝင်လာခဲ့ကြသည်။ ဆိုင်ထဲသို့ ပြေးဝင်လာသော လူနှစ်ယောက်အနက် တစ်ယောက်မှာ အရပ်ရှည်ရှည်ဖြစ်ပြီး တစ်ယောက်မှာ မြေကြီးနှင့် ထိလုမတတ်





ပုသော လူပုလေး တစ်ယောက်ဖြစ်လေသည်။ ထိုလူနှစ်ယောက်လုံးမှာ အနက်ရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြလေသည်။ နှစ်ယောက်စလုံးမှာ မျက်နှာပေါက်ခပ်သိုးသိုးဖြစ်ကြပြီး လူမိုက်ဆန်ဆန်ပုံစံများ ဖြစ်ကြသည်။

ချန်းလီသည် ဆိုင်ထဲသို့ ပြေးဝင်လာသူကို လှမ်းကြည့်လိုက်သည်။ ပထမဦးဆုံး ချန်းလီသည် လူရှည်ကြီးကိုသာမြင်လိုက်ရပြီး လူပုလေးကို မမြင်မိပေ။

ခြေသံမှာ တစ်ယောက်မက ကြားလိုက်ရသောကြောင့် နှစ်ယောက်မှန်[illegible]ပ်မိကာ လူပုလေးကို ကြည့်မိလိုက်ခြင်းဖြစ်သည်။

'ဟိတ်....ဟိတ်....ဒီမှာ ဖော့လူ ခင်ဗျားအရက်တွေ ကုန်အောင်မသောက်နဲ့'

လူပုလေးက ချန်းလီကို အော်၍ ဟန့်တားလိုက်သည်။ ချန်းလီသည် အရက်အိုးကို စားပွဲပေါ် ပြန်ချလိုက်မိသည်။

'ဟာ....စိတ်မရှိပါနဲ့ ဂျပုရာ၊ အရက်ကုန်သွားပြီဗျ'

'ဟာ...နာတာပဲကွာ'

လူပုသည် တစ်ချက်ငြီးညူပြီး လူရှည်ကြီးကို မော့ကြည့်လိုက်ကာ....

'ဟော့ကောင် အရှည်ကြီး....မင်းမှာ ငွေတယ်လောက်ပါသလဲ'

'ငါ့မှာ မပါဘူးကွ'

အရှည်ကြီးက ပြန်ပြောသည်။

လူရှည်ကြီးမှာ ထူးထူးခြားခြားပင် အရပ်ကြီးက မိုးထိုးနေသည်။ သူ၏အရပ်သည် ဆယ်ပေနီးပါးခန့်ရှိသည်။

'အင်း....ဒီလိုဆိုရင်တော့ ချီဆန်ကို ညဥ်းရမှာပဲ'

လူပုလေးက ဆိုင်ရှင်လူကြီးကို ကြည့်ကာပြောလိုက်သည်။ ထိုအခါ ဆိုင်ရှင်၏အမည်မှာ ချီဆန် ဖြစ်မည်ဟု ခန့်မှန်းသည်။

ထိုအခါ ဆိုင်ရှင် ချီဆန်မှာ သူတို့နှစ်ယောက်ကို ထိတ်လန့်ကြောက်ရွံ့ကာ မျက်စိမျက်နှာ ပျက်နေလေသည်။

လူပုလေး၏ အရပ်မှာ နှစ်ပေခန့်သာရှိလိမ့်မည်။ အရပ်သည် စားပွဲထက်ပင် တစ်မိုက်ခန့် နိမ့်နေသေးသည်။ ယင်းအခိုက်မှာပင်....

လူပုလေးသည် ရုတ်တရက် ကုလားထိုင်တစ်လုံးပေါ် ခုန်တက်လိုက်သည်။ တစ်ဖန်....လူရှည်ကြီး၏ ပခုံးပေါ်သို့ ခုန်ဘက်ကာ ဆိုင်ရှင် ချီဆန်ကို အော်ပြောလိုက်သည်။

'ဟိတ်ကောင် ချီဆန်၊ ငါတို့အတွက် အရက်ကောင်းကောင်းလေးအိုးနဲ့ ခေါက်ဆွဲကျော်လေးပွဲ အမြန်လုပ်ပေးစမ်း၊ ငါတို့နှစ်ယောက် ထမင်းမစား အရက်မသောက်နဲ့ငတ်ပြတ်နေတာ လေးရက်တောင်ရှိသွားပြီ၊ မြန်မြန်လုပ်ပေးစမ်းကွာ၊ ငါ့စကားကို နားမထောင်ရင် ငါ ဒီကနေ့မင်းဆီခုန်လာပြီး ကန်ထည့်ပစ်လိုက်မယ်'





ချီဆန်မှာ လူပုကလေး၏ ခြိမ်းခြောက်စကားလုံးများကြောင့် မျက်နှာပြင်တစ်ခုလုံးသွေးဆုတ်၍သွားကာ အထိတ်တလန့်ဖြစ်သွားတော့သည်။ ချန်းလီမှာ ထူးဆန်းသော ထိုနှစ်ယောက်ကို အကဲခတ်ကြည့်နေလေသည်။ ထိုသို့ကြည့်ရင်းကပင် စိတ်ထဲက ရယ်မောချင်လာသဖြင့် စိတ်ကို မထိန်းနိုင်တော့ဘဲ ဟက်ခနဲ ရယ်မောလိုက်သည်။

လူရှည်ကြီးက ပခုံးထက်၌ ခွ၍ထိုင်နေသော လူပုက ချန်းလီကို လှမ်းကြည့်လိုက်ပြီး....

'ဟိတ်ကောင်၊ မင်းဘာရယ်တာလဲကွ'

ထိုသို့ပြောလိုက်ကာမှပင် ချန်းလီမှာ ပို၍ ရယ်ချင်လာသဖြင့် စိတ်လွတ်ကိုယ်လွတ်ပင် တဟားဟား ရယ်မောလိုက်လေသည်။

'ဟိတ်၊ တိတ်စမ်း'

အသံမှာ အရပ်နှင့်မလိုက်အောင် ဟိတ် ဟန် အပြည့်နှင့် ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည်။

လူပုလေး၏ အတွင်းအားသည် လွန်စွာ အားကောင်းကြောင်း သိသာ၏။

ချန်းလီသည် အရယ်ကိုရပ်လိုက်ပြီး အခြေအနေကိုစောင့်ကြည့်သည်။

ဆိုင်ရှင်ချီဆန်မှာ ထိတ်လန့်ကြောက်ရွံ့ကာ ပျာယာခတ်လျက် ရှိလေသည်။ လူပုလေးတို့နှစ်ဦး၏ အပြုအမူကိုလည်း

မခံချင် ဖြစ်နေသည်။ သို့သော်လည်း သူတို့ကို ကြောက်ရွံ့၍ ငြိမ်နေရလေသည်။

'ဟိတ်....ချီဆန်၊ မြန်မြန်လုပ်စမ်းကွာ၊ ငါတို့ ဆာလှပြီ၊ ငါ သည်းမခံနိုင်တော့ဘူး၊ တို့ဒေါသဖြစ်လာရင် မင်းဘယ်လို ဖြစ်သွားမယ်ဆိုတာ သိတယ်မဟုတ်လား'

လူပုလေးက ချီဆန်ကို အမိန့်ပေးလိုက်သည်။

'သည်းခံပါခင်ဗျာ၊ အကြွေးတော့ မရောင်းနိုင်လို့ပါ ခင်ဗျာ၊ ခင်ဗျားတို့ လက်ငင်းငွေချေစနစ်နဲ့ စားသောက်ကြ မယ်ဆိုရင် အရက်တစ်အိုးနဲ့ ခေါက်ဆွဲတစ်ပွဲ အပို အဆစ် အနေနဲ့ ကျုပ် ကူညီပါ့မယ်'

ချီဆန်မှာ ခဏခဏ သူတို့၏ဗိုလ်ကျခံနေရ၍ မခံမရပ်နိုင် ဖြစ်ကာ မရဲတရဲဖြင့် ပြန်၍ပြောလိုက်သည်။

'ဟား... ဟား.... ဟား'

လူရှည်ကြီး၏ပခုံးထက်၌ ခွ၍ထိုင်နေသောလူပုကလေးက အားရပါးရ ရယ်မောလိုက်သည်။

'ကျုပ်တို့ရဲ့ ရာဇဝင်မှာ လက်ငင်း ငွေချေစနစ်နဲ့ စား သောက်တာမျိုး မရှိဘူးကွ၊ ကျုပ်တို့ရဲ့ရာဇဝင်ကို အရိုင်းမခံ နိုင်ဘူး၊ ပေးမလား မပေးဘူးလား ဒါပဲပြောကွာ'

ချီဆန်မှာ လူပုကလေး၏စကားကြောင့် ဒေါသဖြစ်ကာ အသားများ တဆတ်ဆတ်တုန်လာသည်။

အမှန်တကယ်ဒေါသထွက်ခြင်းမဟုတ်။





ထိတ်လန့်ကြောက်ရွံ့လွန်း၍သာ ဖြစ်သည်။ လူရှည်ကြီးမှာမူကား အ့အဟစ်ယောက်လို ပါးစပ်ပိတ်နေသည်။ တစ်စုံ တစ်ရာ ဝင်ရောက်ပြောဆိုစွက်ဖက်ခြင်း မရှိပေ။

'ကျုပ်တို့နှစ်ယောက်ကို ခင်ဗျား သိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ သိပါတယ် ဆရာကြီးလောက်ဟန်'

လူပုလေး၏နာမည်မှာ လောက်ဟန်ဖြစ်ကြောင်း ချန်းလီ မှတ်သားလိုက်လေသည်။

'သူ့နာမည်ကကော'

လူပုလေးက လူရှည်ကြီး၏ ဦးခေါင်းကို လက်ညှိုးထိုးပြ လိုက်သည်။ လူပုကလေးသည် လူရှည်ကြီး၏ပခုံးပေါ်တက်ခွ ထားရင်းမှ မေးလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ကဲ့သိပါတယ်ခင်ဗျာ၊ ဆရာဟန်လောက်လို့ခေါ်တယ်'

သူတို့နှစ်ဦးသည် လူခြင်း ဆန့်ကျင်နေရုံမျှမက နာမည် ခြင်းပါ ဆန့်ကျင်နေသည်။ ချန်းလီမှာ ထိုဖြစ်ရပ်ကိုကြည့်၍ အတော်ပင် ထိန်းချုပ်ထားနေရသည်။ အလွန် ရယ်စရာ ကောင်းသော ဤလိုဖြစ်ရပ်မျိုးကို ဒီတစ်ခါသာ ချန်းလီ မြင်တွေ့ဖူးသည်။

'ဟိတ် ချီဆန်၊ တို့ပြောတာ ကြားရဲ့လားကွ'

'ကြား.... ကြားပါတယ်ခင်ဗျာ'

'ကြားရင် ပေးမလား မပေးဘူးလားမြန်မြန်ပြောကွာ'

'မပေးဘူးဆိုရင်ကောကွာ'

ထိုစဉ် ဆိုင်ထဲသို့ လှမ်းဝင်လာသော လူတစ်ယောက်က ရှတ်တရက် ဆိုင်ရှင် ချီဆန်အစား ဝင်ဖြေလိုက်သည်။

ဆိုင်းတွင်းသို့လှမ်းဝင်လာသောသူမှာ ဆိတ်တစ်ကောင်နှင့် တူလှသည်။ ထိုသူ၏မေး၌ ပေါက်နေသော မုတ်ဆိတ်တိုမှာ ရှေ့သို့ကောက်ထွက်နေသည်။ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့်ရှိလေသည်။ ဝတ်စုံကပိုကယိုဝတ်ဆင်ထားသည်။ သူ၏ကိုယ်မှ ဆိတ်သိုးစော်နံ့ပင် ထွက်နေသည်။

အသွားလေးမြှောင့်ရှိသော လှံတစ်ချောင်းကိုကိုင်ဆောင်ထားပြီး ခါးတွင်လည်း အမြှားကြီး၍ တိုသော ဓားမြှောင်တစ်ချောင်းကိုလည်း ခါးပတ်နှင့် တွဲကာ ချိတ်ဆွဲထား၏။

ထိုပုဂ္ဂိုလ်၏ထူးခြားချက်မှာ ပခုံးပေါ်တွင် မျောက်တစ်တစ်ကောင်ပါရှိခြင်းပင်။ မျောက်ကလေးက မျက်လုံးကလေးပေကလပ်ပေကလပ်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်ရှုနေသည်။ မျောက်ကလေးမှာ ရုတ်တရက် လူရှည်ကြီး၏ပခုံးပေါ်မှ ခွ၍ထိုင်နေသော လူပုလေးကို မြင်တွေ့လိုက်ရမိမိနှင့် အမျိုးတူမျောက်ဟုထင်မှတ်၍ ဆိတ်သိုး၏ပခုံးထက်မှ လူရှည်၏ပခုံးထက်သို့ ခုန်ကူးလိုက်သည်။

'ဟဲ့ မျောက်....ဟဲ့ မျောက်'

'ခွစ်....ခွစ်....ခွစ်'

ထိုအခါ လူပုကလေးသည် ခုန်၍ကူးလာသော မျောက်ကလေးကို ကြောက်အားလန့်အားဖြင့် လက်ဝါးဖြင့် ရိုက်





ထုတ်လိုက်ရာ မျောက်ကလေးမှာ တခွစ်ခွစ် အော်မည်ကာ သေဆုံးသွားတော့သည်။

ထိုအဖြစ်အပျက်ကိုကြည့်ကာ ဦးဆိတ်သိုး ကြက်သေသေသွားသည်။ ထို့နောက် သတိရကာ....

'ဟာ....သွားပြီ၊ သွားပါပြီကွာ၊ ငါ့မျောက်ကလေးသေပြီ၊ လျော်ပေး လျော်ပေး၊ မလျော်ပေးရင်တော့ မင်းငါ့အကြောင်းသိမယ်၊ ခွေးမသား လျော်ပေး'

ဦးဆိတ်သိုးသည် ရုတ်တရက်ခုန်ထကာ အော်၍ ပြောဆိုလေသည်။ ချန်းလီမှာ ယင်းဖြစ်ရပ်များကိုကြည့်ကာ အကဲခတ်နေသည်။

'ဗျို့....ဒီမှာ ဆိတ်ရာဇာကြီး၊ ခင်ဗျားမြောက်ကလေးအတွက် ကျုပ်အရက်အိုးလျော်ပေးပါ့မယ်၊ ကျေနပ်မလား'

'ဟေ့....ဒီမှာဂျပု၊ အရက်အိုးလေးအိုးနဲ့တော့ မကျေနပ်နိုင်ဘူးကွ၊ ငါးအိုးပေးမှ ကျေနပ်မယ်'

'ခင်ဗျားတကယ်ပြောတာလား'

လူပုလေးက မေးလိုက်သည်။

'ကောင်းပြီ....ဒီလိုဆိုရင် လျော်ပေးမယ်'

'ဘယ်တော့လျော်ပေးမှာလဲ အခုလား၊ ဒါမှမဟုတ်မင်းအရပ်ရှစ်ပေအထိ ထွက်လာမှလား'

'မဟုတ်ပါဘူး အခုလျော်ပေးမှာပါ'

လူပုလေးက ဆိုင်ရှင်ချီဆန်ဘက်သို့လှည့်လိုက်ပြီး....

'ဟေ့ ချိဆန်၊ အရက်ငါးအိုး မြန်မြန်ပေးစမ်းကွာ'

ချိဆန်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အရက်ငါးအိုးကို မပေးချင်ပေးချင်ဖြင့် သူတို့၏စားပွဲသို့ လာရောက်ချပေး၏။

'အရက်နဲ့မျောက်သွေးဆိုရင် ပိုပြီးအားရှိတယ်ဗျ'

မျောက်အသေကလေးကိုကြည့်ကာ လောက်ဟန်ဆိုသည့် လူပုကလေးက အကြံပြုလိုက်သည်။

'ကောင်းလိုက်လေဗျာ'

ဆိတ်ရာဇာဆိုသည့် ပုဂ္ဂိုလ်ကလည်း မငြင်းပေ။ ထို့နောက် သူတို့သည် မျောက်ကလေးကိုဖျက်ကာ အရက်နှင့် မျောက်သွေးရောပြီး မြိန်မြိန် ယှက်ယှက်ကြီး သောက်နေလေတော့သည်။

ယခုအခါတွင် သူတို့သည် သူတော်အချင်းချင်း သတင်လေ့လေ့ ဖြစ်ကာ ငယ်ပေါင်းကြီးဖော်များနှယ်ရှိနေကြပြီ။

ဆိုင်ရှင်ချိဆန်မှာ အရက်ငါးအိုးကို အလကားပေးလိုက်ရသောကြောင့် စိတ်ဒုက္ခအကြီးအကျယ် ရောက်နေသည်။

ချိဆန်၏ဇနီးလုပ်သူက သူ့အနားသို့ရောက်လာပြီး စိတ်မညစ်ရန် ဖျောင်းဖျပြောဆိုသည်။

'အရင်းမရတဲ့ အရှုံးတော့ပေါ်ပါပြီကွာ'

'ကိစ္စမရှိပါဘူးရှင်၊ လောကမှာ လူမသေငွေမရှားပါဘူး၊ တော်ကြာ သူတို့ကအရက်မပေးရင် လူကိုဒုက္ခပေးဦးမယ်၊ ရန်ရှာဦးမှာ မဟုတ်ဘူးလား'





ထိုအခါ ချိဆန်က....

'အင်း....ဒါလဲဟုတ်တာပဲ'

ချန်းလီသည် ရုတ်တရက်ထိုင်ရာမှထကာ ဆိုင်ရှင် ဇနီးမောင်နှံဆီသို့ တစ်လှမ်းချင်းလျှောက်သွားလေသည်။

'ဟေ့ကောင်၊ မင်းကကောတို့ကို ဘာများ ဒုက္ခပေးဦးမလို့လဲ'

ဆိုင်ရှင်သည် မျက်နှာငယ်ကလေးဖြင့် ချန်းလီကို မော့ကြည့်ကာ မေးလိုက်တော့သည်။

'ဒီမှာဦးလေး၊ ကျွန်တော်က ဦးလေးတို့ကို ဒုက္ခပေးဖို့လာတာမဟုတ်ပါဘူး၊ အကူအညီပေးမလို့ပါ'

'ဘာ....ဘယ်လို၊ မင်းလို မလောက်လေး မလောက်စားလေးက တို့ကိုဘယ်လိုအကူအညီပေးနိုင်မှာလဲ၊ မင်းဟာမင်း အေးအေးဆေးဆေး နေစမ်းပါကွာ၊ သွားကွာ....သွား'

ချိဆန်က စိတ်ရှုပ်ထွေးမခံနိုင်ဟန်ဖြင့် လက်ကာကာ ခြေကာကာနှင့်ပြောလေသည်။

'ဒီမှာဦးလေး၊ အရက်ငါးအိုးရဲ့ငွေကို မယူချင်ဘူးလား'

'ဘာလဲ....မင်းက သူတို့အတွက် စိုက်ပေးမလို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော်သူတို့ဆီကတောင်းပေးမလို့ပါ'

ချိဆန်တို့ဇနီးမောင်နှံမှာ ချန်းလီ၏စကားကြောင့်နှစ်ဦးစလုံး မျက်လုံးပြူးကုန်ကြသည်။

'ဟေ့....ဟေ့၊ ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ငါ့အရင်းက နည်းနည်းလျော့တာ တော်သေးတယ်၊ တော်ကြာ ဆိုင်ပါ မီးလောင်ပြာကျသွားပါဦးမယ်ကွာ'

'ဘာဖြစ်လို့လဲဗျ'

'ဟာ....မင်းမသိဘူးလား၊ အေးလေ မင်းက တစ်နယ်တစ်ကျေးက ဧည့်သည်ဆိုတော့ ဒီကောင်တွေအကြောင်း ဘယ်သိပါ့မလဲ၊ ဒီကောင်တွေက အင်မတန် ဆိုးတာကွ၊ ဒီရွာမှာတော့ ဒီကောင်တွေကို ဘယ်သူကမှ မလှန်နိုင်ဘူး၊ သိုင်းပညာအကျော်အမော်တွေပဲ၊ မလုပ်ပါနဲ့ မောင်ရင်ရာ'

ချန်းလီပြုံးလိုက်မိသည်။

ထို့နောက် ဆိုင်ရှင်ဇနီးမောင်နှံကို ကျောခိုင်း၍ ဆိတ်ရာဇာတို့ဝိုင်းသို့ ဦးတည်လျှောက်လှမ်းသွားသည်။

ဆိတ်ရာဇာသည် အရက်အိုးကိုမ၍ ပါးစပ်နဲ့ တေ့နေစဉ်မှာပင် လက်တစ်ဖက်က သူကိုင်မြှောက်ထားသော အိုးကို လာရောက်ဆွဲထားလိုက်သည်။

'ဟိတ်–ဘယ်သူလဲကွ၊ ဘာလုပ်တာလဲ'

'ဟဲဟဲ....ကျွန်တော်ပါ'

ချန်းလီက ပြုံးပြုံးလေး ပြောလိုက်သည်။

ဆိတ်ရာဇာက ချန်းလီအား မျက်မှောင်ကြုတ်ကာ စိုက်ကြည့်သည်။

'မင်းက ငါ့ကို ဘာဖြစ်လို့တားရတာလဲ'





'ကျွန်တော် ခင်ဗျားကို စကားနည်းနည်းလောက် ပြောချင်လို့ပါ'

ဆိုင်ရှင်ဇနီးမောင်နှံမှာ ချန်းလီ၏အပြုအမူကိုကြည့်ကာ စိုးရိမ်လျက် ရှိနေကြသည်။

'မင်းက ဘာဖြစ်ချင်လို့လဲ၊ ဘာပြောချင်လို့လဲ'

'မင်းက လူစိမ်းထင်တယ်၊ ငါတို့အကြောင်းကို မင်း မသိသေးဘူးထင်တယ်'

'ခင်ဗျားတို့အကြောင်းကို မသိချင်ဘူး၊ ဒါပေမယ့် ခင်ဗျားတို့ အရက်ငါးအိုး သောက်ပြီးရင်တော့ ကျသင့်ငွေကို ဆိုင်ရှင်ကို ချေကြပါလို့ ကျွန်တော်ပြောချင်တယ်'

ဆိတ်ရာဇာ အံ့ဩသလို လောက်ဟန်နှင့်ဟန်လောက်တို့လည်း တအံ့တဩဖြစ်ကာ ချန်းလီကို မော့၍ကြည့်လိုက်သည်။

'နေပါဦး မင်းကဘယ်သူလဲ၊ ဒီငုံရင်ရွာမှာ မင်းကိုတစ်ခါမှ မမြင်ဖူးပါဘူး၊ ထားပါတော့ကွာ အရက်ဖိုးကိုတို့က မပေးဘူးဆိုရင် မင်းကတို့ကိုဘာလုပ်မလဲ'

'အေး....မပေးဘူးဆိုရင်တော့ ကျုပ်က ခင်ဗျားတို့ကို သုံးမရလိမ့်မယ် ဟဲဟဲဟဲ'

ချန်းလီက ခပ်တည်တည်ဖြင့် ပြောသည်။ လေသံက ခပ်အေးအေး။

'အလို....တယ်ဟုတ်ပါလား၊ မင်းကများ တို့ကိုဆုံးမဦး မယ်ဟုတ်လား၊ ပြောစမ်းပါဦး တို့ကို ဘယ်လိုဆုံးမမှာလဲ၊ အရက်ထပ်တိုက်ဦးမလို့လား'

လူပုကလေးက ဝင်ရောက်ပြောဆိုလိုက်သည်။

'အရက်တော့မတိုက်ဘူး၊ခင်ဗျားကိုအရက်အိုးထဲနှစ်သတ်မယ်ကွာ'

'ဟား....ဟား....ဟား'

လူပုကလေးက ရယ်မောလိုက်ပြီး....

'မင်းက တယ်လာတဲ့ကောင်ပါလား၊ သတ္တိကလဲ မခေပါလား နေစမ်းပါဦး မင်းကဘယ်ကတုန်း'

'ဒါက ခင်ဗျားနဲ့မဆိုင်ဘူး၊ ဘယ်ကပဲဖြစ်ဖြစ်ပေါ့'

လူပုကလေးက ချန်းလီ၏စကားကြောင့်ဒေါသထွက်ကာ ရုတ်တရက်ထလိုက်သည်။ ချန်းလီက ခေါင်းကို သက်ဖြ ဖိထားလိုက်သဖြင့် လူပုကလေး ပြန်ထိုင်သွားသည်။

'ခင်ဗျားထဖို့ မကြိုးစားပါနဲ့၊ ကျုပ်ထုချလိုက်ရင် နှ ပေလောက်သာရှိတဲ့ ခင်ဗျားအရပ်ဟာ တစ်ပေလောက်ပဲဖြ သွားလိမ့်မယ်'

လူပုကလေး လန့်သွားသည်။

အလွန်အရပ်ရှည်သော ဟန်လောက်ရုတ်တရက်မတ်တတ် ထရပ်ပြီး....





'ဟိတ်ကောင်....မင်းက ဘာလူစွာလုပ်တာလဲ ငုံ့ရှင်ရွာမှာ မင်းအတွက်သင်္ချိုင်းမရှိဘူး၊ အလုပ်ရှုပ်တယ်၊ မင်းဒီတော့ ထွက်သွားတာ ကောင်းလိမ့်မယ်၊

'ကျုပ်က ခင်ဗျားတို့ကို အေးအေးဆေးဆေး ပြောနေတာပါ'

'ဘာအေးအေးဆေးဆေးလဲ၊ မလိုချင်ဘူး ထွက်သွား'

ဆိတ်ရာဇာကပါထပြီး ချန်းလီကိုတိုက်ခိုက်ရန် ပြင်လိုက်သည်။

လေးမြှောင့်အသွားရှိသော လှံကြီးကို ရုတ်တရက်လှုပ်ရှားရန် ဟန်ပြင်လိုက်စဉ်မှာပင် ချန်းလီသည် လှံကြီးကို ဆတ်ခနဲ ရိုက်ချိုးလိုက်သည်။

တစ်ချိန်တည်းမှာပင် ကျိုးပြတ်၍သွားသောလှံအကျိုးကို ပုတ်ထုတ်လိုက်ရာ လှံကျိုးသည် ဟန်လောက်၏ သွေးကြောတစ်ခုကိုထိမှန်ပြီး ထိုမှတစ်ဖန်ထွက်လာသောလှံကျိုးကပင် လူပုလေး၏ နားထင်သွေးကြောတစ်ခုကို ဆက်တိုက်ထိမှန်ကာ နှစ်ယောက်စလုံး ခေါင့်တောင့်ကြီးဖြစ်သွားစေလေသည်။

'ဟာ...အလို'

ဆိတ်ရာဇာသည် မထင်မှတ်သော ဖြစ်ရပ်တစ်ခုကို တစ်ချိန်တည်း တွေ့လိုက်ရသောကြောင့် အလွန် အထိတ်တလန့်ဖြစ်သွားရ၏။

'ကဲ....ဘယ်လိုလဲခင်ဗျားတို့အရက်ဖိုးပေးမှာလား၊ မပေးဘူးလား ပြော'

ချန်းလီက မေးလိုက်သည်။

ထိုအခါ ဆိတ်ရာဇာကြီးက ကြောက်ကြောက်လန့်လန့်ဖြင့်....

'သူတို့နှစ်ယောက်က ကျုပ်ကို ဒကာခံတာပါ'

'ဒါကျုပ်မသိဘူး၊ ပေးမှာလား၊ မပေးဘူးလား ဒါပဲပြော'

'ပေး....ပေးပါမယ်ကွာ'

ဆိတ်ရာဇာကြီးမှာ သူ့အဖော်နှစ်ယောက်ကို 'ထွီ' ဟု တံတွေးဖြင့် တစ်ချက်လှမ်းထွေးလိုက်ကာ....

'မင်းတို့ကလဲ ငါ့ကိုအမြဲတမ်း ဒုက္ခပေးနေတာပဲ၊ ငါ့မျောက်လဲ မင်းတို့ကြောင့်သေပြီ၊ အခုလဲ အရက်ဖိုးထပ်ရှင်းရဦးမယ်တဲ့၊ ဟီး....ဟီး ငါ့မှာရှိတာလေးတွေတော့ ကုန်ပါပြီ၊ ကုန်ပါပြီ'

ဆိတ်ရာဇာသည် ရှုံ့မဲ့မဲ့ပြောရင်းမှ ချုံးပွဲချ ငိုချလိုက်သည်။

ဆိုင်ရှင်ဇနီးမောင်နှံတို့မှာ ချန်းလီအား အလွန်အထင်ကြီးသွားသည်။

'ဟော့ ကောင်လေး၊ မင်းကို တို့အများကြီး ကျေးဇူးတင်တယ်၊ မင်းရဲ့ကုန်ကျစရိတ်ကို ငါတို့မယူတော့ဘူး၊ မင်း





ငါတို့ဆီမှာတည်းခိုချင်ရင် တစ်ညမဟုတ်ဘူးကြိုက်သလောက် တည်းနိုင်တယ်၊ ငါတို့လင်မယားဟာ မင်းကို လက်ခံလိုက်ပြီဟေ့'

'ကိစ္စမရှိပါဘူး ဦးလေးရယ်၊ ဒီလိုတော့မလုပ်ပါနဲ့၊ ဦးလေးတို့မှာ ဒါနဲ့ပဲစားသောက်နေရတာ ကျွန်တော့် ကုန်ကျစရိတ်ကိုတော့လက်ခံပါဗျ၊ လက်မခံရင်တော့ ကျွန်တော် ကျေနပ်မှာ မဟုတ်ဘူး၊ ဒါနဲ့ နောက်တစ်ခုက ဦးတို့ခွင့်မပြုလဲ ကျွန်တော်ကတော့ ဖြစ်တဲ့နည်းနဲ့ ဒီတစ်ညတော့ တည်းခိုရမှာပဲခင်ဗျာ'

'ဖြစ်ပါ့ဘယ်လေ....မဖြစ်တာက'

ဆိုင်ရှင်ကဆိတ်ရာဇာတို့အဖွဲ့ကိုတစ်ချက်ကြည့်ရင်း စကားဖြတ်သွားသည်။ ချန်းလီသည် ခေါင်းတစ်ဆတ်ဆတ် ညိတ်ကာ ပြုံးလိုက်ပြီး....

'သူတို့က ကိစ္စမရှိပါဘူး၊ ကျွန်တော့် တာဝန်ထားပါ၊ သူတို့သွေးကြောတွေကို ပိတ်ထားလိုက်ရင် တစ်ညလုံး အိပ်ပြီး နောက်နေ့မွန်းတည့်ကျမှ ပြန်နိုးလာမှာပါ ဦးလေး'

ပြောပြောဆိုဆိုပင် ချန်းလီသည် ဆိတ်ရာဇာ၏ ပခုံးနောက်မှ တင်ကျုံး သွေးကြောကို လှမ်းပိတ်လိုက်ရာ ဆိတ်ရာဇာသည် နေရာမှာပင်ပြန်ထိုင်ရင်း စားပွဲပေါ်မျက်နှာအပ်ကာ အိပ်ပျော်သွားတော့သည်။

....❀....

## အခန်း (၁၆)

နံနက် ဝေလီဝေလင်းအချိန်လောက်တွင် ချန်းလီသည် ငုရင်ရွာရှိ စားသောက်ဆိုင်ရှင် လင်မယားကို နှုတ်ဆက်ကာ ခရီးစတင်ထွက်ခွာလာခဲ့သည်။

ချန်းလီ၏မြင်းမှာ အားကောင်းမောင်းသန်သော မြင်းတစ်ကောင်ဖြစ်သည်။ အပြေးလည်း လျင်မြန်ဖျတ်လတ်လှသည်။ ချန်းလီသည် မြင်းကိုမရပ်မနားဘဲ ခရီးနှင်၍ နေသည်။ တောင်ကုန်းများ၊ လွင်ပြင်များ၊ တောတန်းများကိုဖြတ်ကျော်ကာ ခရီးနှင်လျက်ရှိသည်။

လီတစ်ဆယ်ခန့် ခရီးသို့ရောက်သောအခါ မြင်းမှာမော ပမ်း၍ လာသည်။ ပါးစပ်မှလည်း အမြှုပ်များထွက်ကာ အပြေးနှုန်းမှာလည်း သိသိသာသာလည်း လျော့နည်းလာသည်။ ချန်းလီသည် တစ်ခုသော တောစပ်သို့ရောက်သောအခါ မြင်းကိုအနားပေးရန်အတွက် အရိပ်ကောင်းသော သစ်ပင်ကြီးတို ရှာဖွေလိုက်သည်။





တစ်ခဏကြာသောအခါ သစ်ပင်ကြီးကို ရှာဖွေတွေ့ရှိ၍ မြင်းကိုရပ်တန့်ကာ အရိပ်ခိုသည်။ မွန်းတည့်ချိန်ရောက်နေပြီဖြစ်သဖြင့် အပူချိန်မှာ တဖြည်းဖြည်း မြင့်တက်၍လာသည်။ ထိုစဉ် တောစပ်အတွင်းပိုင်းဆီမှ ကလေးတစ်ယောက် ရုတ်တရက် အော်ဟစ်ငိုသံကြားလိုက်ရသည်။

ထိုကလေးငိုသံကြောင့် ချန်းလီ အထိတ်တလန့်ဖြစ်ကာ သူ၏ ဘေးဘီဝဲယာတို့ကို ကြည့်လိုက်သည်။

ကလေးတစ်ယောက် အော်ဟစ်ငိုသံကိုကြားလိုက်ရသဖြင့် ချန်းလီသည် တစ်စုံတစ်ရာ ထူးခြားသည်ဟုတွေးကာ တောတွင်းသို့ ပြေးဝင်ကြည့်သည်။

ကလေးငိုသံမှာ တဖြည်းဖြည်း ပို၍နီးကပ်လာသည်။

ငိုသံမှာ ပိုမိုများပြားလာသဖြင့် တစ်ယောက်မက တစ်ယောက်ထက်ပိုသော ငိုသံများဖြစ်မည်ဟု သတိထားမိ၍ စိတ်လှုပ်ရှားလာလေသည်။

မကြာမီပင် ချန်းလီသည် လူသုံးယောက်ကို လှမ်းမြင်လိုက်လေသည်။ အနားသို့ရောက်သောအခါ လူကြီး တစ်ယောက်မှာ လဲနေပြီး ကလေးနှစ်ယောက်မှာ ထိုလူကြီး၏ ဘေး တစ်ဘက်တစ်ချက်တွင် ထိုင်ကာ ငိုယိုနေသည်ကို တွေ့လိုက်ရလေသည်။

ကလေးနှစ်ယောက်အနက် တစ်ယောက်မှ (၁၇) နှစ် အရွယ်ရှိပြီး ကျန်တစ်ယောက်မှာ (၁၀) နှစ် အရွယ်ရှိသည်။

နှစ်ယောက်စလုံးမှာ ယောကျ်ားလေးများ ဖြစ်လေသည်။

'ဟော့....ကလေးတွေ ဘာဖြစ်နေတာလဲကွ'

ထိုကလေးနှစ်ယောက်ကို ချန်းလီက မေးလိုက်သည်။

ထိုအခါ ကလေးနှစ်ယောက်မှာ ချန်းလီကိုမြင်တွေ့သွားကြပြီး အထိတ်တလန့် ဖြစ်သွားသည်။ ထိုနောက်မှ ရုတ်တရက် ထိုင်နေရာမှ ထရပ်လိုက်ကြလေသည်။

ကလေး နှစ်ယောက်သည် ချန်းလီကို အလွန် အမင်း ကြောက်ရွံ့နေပုံရလေသည်။ နှစ်ယောက်စလုံး ငိုယိုခြင်းကို ရပ်တန့်ကာ ချန်းလီကို မျက်လုံးကလေး ကလယ်ကလယ်ဖြင့် စိုက်ကြည့်နေကြလေသည်။

ချန်းလီသည် လဲကျနေသော လူကြီးကို အကဲခတ်ကြည့်ရှု လိုက်ရာ သေဆုံးနေပြီဖြစ်ကြောင်း သိလိုက်ရလေသည်။

'ဒီလူကြီးက ဘယ်သူလဲ၊ မင်းတို့အဖေလား'

ချန်းလီက ကလေးနှစ်ယောက်ကို မေးလိုက်လေသည်။ ထိုအခါ ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်က....

'ဟုတ်ပါတယ်'

ဟု အထစ်ထစ်အငေါ့ငေါ့ ပြန်ဖြေသည်။

'ဘယ်လိုဖြစ်တာလဲကွ ပြောစမ်းပါဦး'

'မသိပါဘူးဦးရယ်၊ ရုတ်တရက် လမ်းလျှောက်နေရင်းက လဲကျသွားတာပဲခင်ဗျာ'

ဆယ်နှစ်သားအရွယ် ချာတိတ်ကလေးက ပြန်ဖြေလေ၏။





'မင်းတို့နဲ့အတူတူလာတာမဟုတ်ဘူးလား'

'ဟုတ်ပါတယ်ခင်ဗျာ'

ချာတိတ်လေးက တရှုံ့ရှုံ့ငိုရင်း ဖြေလေသည်။

'ဟုတ်ရင် မင်းတို့အဖေသေတာကို မင်းတို့က ဘာဖြစ်လို့ မသိရတာလဲ'

အထူးအဆန်းဖြစ်နေ၍ ချန်းလီကမေးလိုက်သည်။

'အဖေက တောလိုက်မုဆိုးပါ၊ ကျွန်တော်တို့ကိုတောထဲ ခေါ်လာရင်း ရုတ်တရက် လဲကျသွားတာပါ၊ အဖေ သေသွားပြီ ဟုတ်လား ဦးလေး'

'အေး....ဟုတ်တယ်'

ထိုအခါ ကလေးနှစ်ယောက်မှာ သူတို့အဖေ သေဆုံး ကြောင်း သိရသည့်အတွက် ပိုမို၍ ငိုကြလေသည်။

'မင်းတို့အဖေဆို မြွေကိုက်လိုက်သေးလား'

'မြွေကိုက်တာ မတွေ့ရပါဘူး ဦးလေးရယ်'

'ဒါဖြင့် ရောဂါကြောင့်လား'

'အဖေ့မှာ ဘာရောဂါမှ မရှိပါဘူး၊ တောထဲက ထွက် လာတုန်းကလဲ အကောင်းပါပဲ'

ဆယ်နှစ်သားအရွယ် ချာတိတ်ကလေးက သွက်သွက်လက် လက် ပြန်ဖြေလေသည်။ ချန်းလီမှာ မည်သည့်အတွက်ကြောင့် သေဆုံးနေသည်ကို စဉ်းစားမရ ဖြစ်နေသည်။

ထို့ကြောင့် ချန်းလီသည် သေဆုံးနေသောလူကြီး၏ကိုယ်တွင် ဒဏ်ရာကို ရှာကြည့်လေသည်။

ကလေးနှစ်ယောက်မှာ ချန်းလီ၏လှုပ်ရှားမှုကို ငေးမော ကာ ကြည့်နေ၏။ တစ်ခဏကြာသော်....

ချန်းလီသည် အထိတ်တလန့်ဖြစ်ကာ ထခုန်လိုက်သည်။ ထို့နောက် ဘေးပတ်လည်ကို အကဲခတ်ကြည့်လိုက်သည်။

'ဘာဖြစ်တာလဲဟင် ဦးလေး'

ဆယ်နှစ်သားအရွယ် ကလေးက ချန်းလီကို မေးလိုက်၏။

'မင်းအဖေ အဆိပ်လက်နက်မိပြီး သေတာကွ'

မှန်သည်။ လဲနေသောလူကြီးကား အဆိပ်လက်နက် ထိ မှန်ကာ သေဆုံးနေခြင်းဖြစ်လေသည်။ ထိုအဆိပ်လက်နက်မှာ သေဆုံးနေသော လူကြီး၏ ညာဘက် ရင်အုံကို ထိမှန်ထား လေသည်။ သေဆုံးနေသောလူကြီး၏ ညာဘက် ရင်အုံတွင် အဝါရောင်အဆင်းသဏ္ဍာန်တစ်ခုကို ချန်းလီ တွေ့မြင်လိုက်ရ သောကြောင့် အထိတ်တလန့်ဖြစ်ကာ ထခုန်လိုက်ခြင်းဖြစ်၏။

ထိုအဆိပ်မျိုးကို ချန်းလီ ကောင်းစွာသိနေသည်။

ထိုအဆိပ်လက်နက်မျိုးဖြင့်ပင် သူ၏ဆရာလည်း သေဆုံး ခဲ့ရသည်။ ချန်းလီသည် သူ၏ဆရာကို ပြန်လည်မြင်ယောင် နေမိသည်။ ထို့နောက် အံကိုတင်းတင်းကြိတ်လိုက်သည်။

'မင်းတို့အဖေကို လူတစ်ယောက်သတ်သွားတာ မင်းတို့ လုံးဝမမြင်လိုက်ကြဘူးလား'





ကောင်လေးနှစ်ယောက်က ခေါင်းကို ခါယမ်းပြလိုက်၏။

'မင်းတို့အဖေ လဲနေတာ ဘယ်လောက်ကြာပြီလဲ'

ချန်းလီက စူးစမ်းလိုက်သည်။

'မနက်အစောကြီးကတည်းက လဲကျနေတာပဲ'

'အင်း....ဒီလိုဆိုရင် အချိန်သိပ်ကြာသွားပြီပဲ၊ လူသတ် သမားဟာ အခုဆိုရင် အဝေးကြီးကို ရောက်သွားပြီ၊ လိုက် ရှာလို့ တွေ့တော့မှာမဟုတ်ဘူး'

ချန်းလီက စိတ်ပျက်စွာ ငြီးညူလိုက်သည်။ ကလေး နှစ်ယောက်သည်သူတို့ အဖေအလောင်းကိုကြည့်ကာ ငိုယိုလိုက် ကြပြန်သည်။

ထိုစဉ်....အရိပ်သဏ္ဍာန်တစ်ခုသည် ရုတ်တရက် မိုးပေါ်မှ ကျရောက်လာပြီး ချန်းလီကို တိုက်ခိုက်လာသည်။ ချန်းလီကို တိုက်ခိုက်လာသောသူမှာ အမျိုးသမီးကြီး တစ်ဦးပင်။

'ဟိတ်....ဒီမှာ ခင်ဗျား ကျုပ်ကို ဘာလို့ တိုက်ခိုက်နေ တာလဲ၊ ကျုပ်က ခင်ဗျားနဲ့ ရန်သူမဟုတ်ဘူးဗျ'

ချန်းလီလည်း ထိုအမျိုးသမီးကြီး၏ ဓားချက်ကို ရှောင် တိမ်းရင်း အမျိုးသမီးကြီးကို အော်မေးလိုက်သည်။

'နင် ငါ့ယောကျ်ားကို ဘာလို့ သတ်လိုက်ရတာလဲ'

'ကျွန်တော် မဟုတ်ဘူး၊ ခင်ဗျား အထင်မှားနေပြီ၊

အမျိုးအမီး၏ ဓားချက်မှာ မိုးရွာသလို ချန်းလီ၏ ကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်နေသည်။ ချန်းလီမှာ

ဘယ်ယိမ်းညာယိမ်း ရှောင်တိမ်းကာ နေရလေသည်။

'အမေ....အမေ....မှားမယ်....မှားမယ်၊ အဖေ့ကိုသတ်တာ ဒီဦးလေးကြီး မဟုတ်ဘူး'

ကလေးများက အော်ဟစ်တားမြစ်ကြသည်။

ချန်းလီသည် တုန့်ပြန်တိုက်ခိုက်ခြင်း လုံးဝမပြု။

'ဘာ.... နင်တို့အဖေကို သတ်တာ သူမဟုတ်ဘူးလား'

'ဒီဦးလေး မဟုတ်ပါဘူး အမေ'

ထိုအခါ အမျိုးသမီးကြီးသည် တိုက်ခိုက်ခြင်းကိုရပ်ကာ ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွင်းလိုက်ပြီး....

'ငါ့ကို ခွင့်လွှတ်ပါကွယ်၊ ငါ ဆန္ဒစောသွားလို့ပါ....

'ဒေါ်ဒေါ်ကို ကျွန်တော် ခွင့်လွှတ်ပါတယ်'

ချန်းလီက ယဉ်ကျေးသိမ်မွေ့စွာပင် ပြန်လည်ပြောဆိုသည်။

အမျိုးသမီးကြီးသည် ကလေးများဘက်သို့ လှည့်ကာ အကြောင်းစုံ မေးမြန်းလေသည်။ ကလေးနှစ်ယောက်ကလည်း ဖြစ်ကြောင်းကုန်စင်ကို အစမှအဆုံး ပြောပြသည်။

ကလေးများပြောပြ၍အပြီးတွင် ချန်းလီက ပြောသည်။

'ဒီအဆိပ်ဟာ အင်မတန် ပြင်းပါတယ် ဒေါ်ဒေါ်၊ ကျွန်တော့် ဆရာလဲ ဒီအဆိပ်လက်နက်နဲ့ သေဆုံးသွားခဲ့ရပါတယ်၊ ဒါနဲ့ ဒေါ်ဒေါ်ကို ကျွန်တော် တစ်ခုမေးချင်ပါတယ် ခင်ဗျာ'





'မေးပါ၊ ရပါတယ် ဘာမေးချင်လို့လဲ'

'ဒီ သေဆုံးနေတဲ့ လူကြီးနဲ့ အဆိပ်လက်နက်ရှင်တို့ကို ရန်ငြိုးရန်စရှိနေသလား၊ ဒါမှမဟုတ် ဒေါ်ဒေါ်နဲ့ဘဲ ရန်ငြိုးရန်စ ရှိနေလို့လား'

'ငါက သိုင်းလောကသား တစ်ယောက်ဆိုတော့ ရန်ငြိုးရှိချင်လဲ ရှိနေမှာပေါ့၊ ဒါပေမဲ့ အဲဒီ အဆိပ်လက်နက်ရှင်ကို ငါမသိဘူး၊ အဲ....တစ်ခုတော့ရှိတယ်'

အမျိုးအမီးကြီးမှာ ထိုသို့ပြောပြီး သေဆုံးနေသော လူကြီးကို သေချာစွာ ကြည့်လိုက်သည်။ ထို့နောက်....

'အင်း.... ငါ့ယောကျ်ားဆီက တိမ်တိုက်မိုးကြိုးလက်နက် လိုချင်လို့လားမဆိုနိုင်ဘူး၊ အလောင်းမှာ အဲဒီ လက်နက် မရှိတော့ဘူး'

'အင်း....ဒါ ဖြစ်နိုင်တယ် ကျွန်တော့် ဆရာရဲ့ ကိုးသချိုင်းဓားကိုလည်း ဒီအဆိပ်လက်နက်ရှင်က လုသွားတယ်'

'ဩော်....ဒါနဲ့ ဒေါ်ဒေါ်နာမည် ဘယ်လိုခေါ်ပါသလဲ'

'ယုကျင်လို့ ခေါ်တယ်၊ ငါ့ယောကျ်ားကတော့ တိမ်တိုက်မိုးကြိုး ရင်ဖေ့လို့ ခေါ်တယ်၊ မင်းနာမည်ကကော'

'ကျွန်တော့်နာမည်က ချန်းလီလို့ ခေါ်ပါတယ် ခင်ဗျာ'

'မင်းကကော သိုင်းလောကသား တစ်ယောက်လား'

'သိုင်းလောကထဲကိုအခုမှ ဝင်ဖို့ကြိုးစားနေသူတစ်ယောက်ပါခင်ဗျာ'

'ဩော် ...ဒါကြောင့် မောင်ရင်လေးက....'

ယုကျင်သည် စကားကို ခေတ္တဖြတ်ပြီး ချန်းလီကို အကဲခတ်ကြည့်ရှုသည်။

'ပြောပါဒေါ်ဒေါ်၊ ဘာပြောချင်လို့လဲ၊ ဆက်ပြောပါ'

'မင်းရဲ့ သိုင်းပညာအဆင့်က တော်တော်မြင့်တယ်၊ ငါ့ရဲ့ ဓားချက်တွေကို ကောင်းကောင်းရှောင်နိုင်ခဲ့တာပဲ ဒါပေမယ့် မင်းရဲ့သိုင်းကွက်တွေက တော်တော့်ကို ထူးဆန်းတာပဲ၊ မင်း ဘယ်အဖွဲ့ကလဲ၊ မင်းရဲ့ သိုင်းကွက်တွေက သိုင်းလောကမှာ ငါ တစ်ခါမှ မမြင်ခဲ့သေးဘူး'

'ကျွန်တော့်မှာ အဖွဲ့အစည်းရယ်လို့ မရှိပါဘူး ခင်ဗျာ၊ ကျွန်တော့် ဆရာကလဲ အသက်ငယ်ငယ်နဲ့ ဆုံးပါးသွားခဲ့ရပါတယ် ခင်ဗျာ'

'အို....ဖြစ်မှဖြစ်ရလေကွယ်'

ယုကျင် စိတ်မကောင်း ဖြစ်သွားလေသည်။

'မင်းက သိုင်းလောကမှာ အလားအလာရှိတဲ့ လူငယ်တစ်ယောက်ပါ၊ စောစောကတော့ ငါ ယောကျ်ားကို သတ်တယ်ထင်ပြီး တိုက်ခိုက်ခဲ့တာကို စိတ်မရှိပါနဲ့ကွယ်'

'ရပါတယ်ခင်ဗျာ'

နောက် ယုကျင်သည် သူ၏ယောကျ်ားထံသို့သွားရောက်ကာ ဖက်၍ငိုနေတော့သည်။





နေမင်းသည် အနောက်ဘက်သို့ တဖြည်းဖြည်းချင်း ဝင်ရောက်နေသည်။

မျှားမကြာမီ အချိန်အတောအတွင်း ညနေဆည်းဆာအချိန်သို့ ရောက်ပေတော့မည်။

ယုကျင်သည် အားရပါးရငိုနေရင်းမှ ငိုခြင်းကိုရပ်လိုက်ပြီး ချန်းလီဘက်သို့လှည့်ကြည့်လိုက်သည်။ ပြီးနောက်....

မောင်လေး၊ မင်းသွားစရာရှိတဲ့ခရီးကိုသွားတော့၊ တို့ကို အားမနာပါနဲ့'

ယုကျင်က ချန်းလီကိုလှမ်းပြောသည်။

'ကျွန်တော် ဘာများအကူအညီပေးရမလဲခင်ဗျာ'

ချန်းလီကပြန်မေးလိုက်သည်။

ကိစ္စမရှိပါဘူး၊ ရပါတယ်ကွာ၊ မောင်လေး သွားစရာရှိတာ သွားတော့'

သူမက ပြန်ပြောသည်။ ချန်းလီသည် ယုကျင်တို့မိသားစုကို နှုတ်ဆက်ကာ စိတ်မကောင်းစွာဖြင့် ကျောခိုင်းထွက်ခွာလာခဲ့တော့သည်။

....❁....